

တက္ကသိုလ်
အကောင်းဆုံးသိုင်းသမား၏
အဆုံးစွန်မေတ္တာ
ဒုတိယပိုင်း
ဇာတ်သိမ်း

တက္ကသိုလ်

# နေလင်းအောင်

# အကောင်းဆုံးသိုင်းသမား၏
# အဆုံးစွန်မေတ္တာ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

ကစ္ဆာမှန်
မ မှန် စ အုပ်ချုပ် ထုပ်ဝန်း
မိတ်ကျိုး၊ မန္တလေး

(ကိုး)

လုရှောင်ဖုန့်က ပြုံးရင်း.....

"နန်းတွင်းထဲကိုဝင်တာတော့ မှန်ပါတယ်... ဒါပေမယ့် ဓားနဲ့ လူကိုထိုးသတ်ခဲ့တာတော့ မမှန်ဘူး"

တူဖန်းက....

"လူသတ်တာ မင်းမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

ထိုစဉ် ချင်းရှက်ကဝင်၍....

"သူက မဟုတ်ဘူးလို့ပြောရင် မဟုတ်တော့ဘူး၊ ဒီလူ့အ

ကြောင်း ငါကောင်းကောင်းသိတယ်၊ သူဟာ မုသားစကားမပြော တတ်ဘူး"

တင်းအောက်က အေးစက်စွာဖြင့်....

"ဒီလောကမှာ မုသားစကားမပြောဘူးတဲ့လူကို ငါမတွေ့ ဘူးသေးပါဘူး"

ချောကျိုရှင်က ရုတ်တရက် စကားဝိုင်းထဲဝင်လာ၏။

"ဒီလိုဆိုရင် မင်း ဒီနေ့ ဒီလိုလူမျိုးနှစ်ယောက်တောင် တွေ့ ရပြီပေါ့"

တင်းအောက်က ပါးစပ်ပိတ်ထားလိုက်၏။

ချောကျိုရှင်က ဆက်လက်၍....

"ချင်းရှက်က ထောက်ခံချက်ပေးနေတဲ့နောက်တော့ မ ဟုတ်လို့ဘဲပေါ့"

တူဖန်းလဲ နှုတ်ပိတ်သွား၏။ ချောကျိုရှင်က ဆက်လက်၍....

"နောက်ပြီး မားကိုးလိုလူမျိုးနောက်ထပ် ဆယ်ယောက် သေတာတောင် ငါတို့နဲ့ဘာမှမဆိုင်ပါဘူး လုရှောင်ဖုန့်၊ မင်းလဲသိမှာ ပါ... ငါတို့က ဒီကိစ္စအတွက်နဲ့ မင်းဆီကိုလာတာမဟုတ်ဘူးဆိုတာ"

ချင်းရှက်ကလည်း ပြုံး၍....

"နန်းတွင်းထဲကို ကျူးကျော်ငေ်ရောက်ခဲ့တဲ့အပြစ်လဲ လွတ် ငြိမ်းခွင့်ပေးလိုက်ပါတယ်... ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ညမှာ


နောက်တစ်ခါ မင်း လာရဦးမှာကိုး"

ချောကျိုရှင်က....

"ရက်ကူးချန်နဲ့ စီးမင်းချွေးရှက်တို့နှစ်ယောက်စလုံးက ထိပ် သီးဓားသမားနှစ်ယောက်ပဲ၊ ဘယ်သူမှ သူတို့ကိုမယှဉ်နိုင်ပါဘူး၊ ဒါ ကြောင့် သူတို့နှစ်ယောက်ရဲ့မနက်ဖန်ည ဓားရေးပြိုင်ပွဲဟာ အနှစ် တစ်ရာမှာ တစ်ခါတောင် မကြုံတွေ့နိုင်ပါဘူး"

"သိုင်းသမားမှန်ရင် ဒီပြိုင်ပွဲကိုမကြည့်ချက်တဲ့လူရှိမှာ မ ဟုတ်ဘူး"

ချင်းရှက်ကဝင်ပြီး ထင်မြင်ချက် ပေးလိုက်၏။

ချောကျိုရှင်က....

"ငါတို့က နန်းတွင်းမှာနေကြပေမယ့် ငါတို့ကိုယ်တိုင်ကလဲ သိုင်းသမားတွေပဲ၊ ငါတို့လဲ ဒီဓားရေးပြိုင်ပွဲကိုကြည့်ချင်ကြတာပဲ၊ ဒါကိုလုရှောင်ဖုန့် သဘောပေါက်မှာပေါ့"

"ငါ သဘောပေါက်ပါတယ်"

သူ့အမူအရာကလည်း တည်ကြည်နေ၏။ အကြောင်းမှာ ချောကျိုရှင်သည် စကားကိုဘွင်းဘွင်းပြောတတ်သောလူမှန်း သူသိ၏။

သူသည် ချောကျိုရှင်ဆက်ပြောမည့်စကားကို ဆက်နား ထောင်နေလိုက်သည်။

"ဒါပေမယ့် ငါတို့က သာမန်လူတွေ မဟုတ်ဘူး၊ ငါတို့က

နန်းတော်ကြီးတစ်ခုလုံးရဲ့ လုံခြုံရေးကို တာဝန်ယူပြီး စောင့်ကြပ်ပေးရတဲ့လူ၊ နောက်ပြီးနန်းတော်ဆိုတာကလဲ သိုင်းလောက,ကလူတွေ စိတ်ထင်တိုင်း သွားလို့လာလို့ရတဲ့နေရာမဟုတ်ဘူး"

"ဒါကိုလဲ ငါ သဘောပေါက်ပါတယ်"

လုရှောင်ဖုန့်က ဝန်ခံလိုက်၏။

"ဒါကြောင့် ငါတို့ အခု ဒီလိုလုပ်ကြရတာလဲ ခင်ဗျားအနေနဲ့ သဘောပေါက်စေချင်လို့ပဲ၊ နန်းတွင်းထဲကိုစိတ်ကြိုက်ထင်တိုင်း ဝင်ထွက်သွားလာလို့မရဘူးဆိုတာကို သိစေချင်လို့ပဲ"

လုရှောင်ဖုန့် သဘောပေါက်ပါသည်။ ဒီလိုလေးမြားတပ်သားများ ဝိုင်းရံနေသည့်ကြားမှ သူတို့လို နန်းတွင်းထိပ်သီးသိုင်းသမားလေးယောက်တို့၏ ပူးပေါင်းတိုက်ခိုက်မှုကိုပါ ထပ်မံခံရလျှင် ဘယ်သူကမျှ ခုခံနိုင်မည်မထင်။

"ဒါကြောင့် ငါတို့က မင်းကိုကိစ္စတစ်ခုနှင့် ပတ်သက်ပြီး သဘောတူစေချင်တယ်"

"ပြောပါ... ကျုပ် ဘာကိုသဘောတူညီရမှာလဲ"

"မနက်ဖြန်ညမှာ နန်းတွင်းကိုလာတဲ့လူတွေဟာ ရှစ်ယောက်ထက်မပိုပါစေနဲ့"

လုရှောင်ဖုန့်က နောက်ဆုံးတော့ သူတို့ရဲ့ရည်ရွယ်ချက်ကို နားလည်လိုက်၏။



သူတို့သည် ကြိုတင်တွက်ချက်ထားခဲ့ဟန်တူ၏။

သူတို့နန်းတွင်းရှိ သက်တော်စောင့်တပ်သား၏အင်အားအရ လုရှောင်ဖုန့်တို့လို ထိပ်သီးသိုင်းသမားရှစ်ယောက်ခန့်ကို ထိန်းချုပ်နိုင်ပေမည်။

ကျန်သူတွေ ရောနှောပါလာလျှင် သူတို့ထိန်းချုပ်နိုင်မည်မဟုတ်ပေ။

သို့သော် လုရှောင်ဖုန့် နားမလည်ပေ။ သူက မေးလိုက်၏။

"ဒီကိစ္စအတွက် ဘာဖြစ်လို့ ကျုပ်ကိုသဘောတူခိုင်းရတာလဲ၊ ကျုပ်က တခြားလူကိုပြောပိုင်ခွင့်မှမရှိတာ၊ နောက်ပြီး သိုင်းလောက,ကလူတွေ ဘယ်နှစ်ယောက်လာမယ်ဆိုတာကိုလဲ ကျုပ်မှမသိတာ"

ချွေကျိုချွင်က ယင်းကိစ္စကိုရှင်းပြလိုက်၏။

"ရက်ကူးချန်... စီးမင်းချွေးရက်တို့နှစ်ယောက်ကလွဲရင် ကျန်လူခြောက်ယောက်ကို မင်းရွေးပါ"

"ခင်ဗျားဆိုလိုတာက မနက်ဖြန်ညမှာ ကျုပ်ရွေးတဲ့လူခြောက်ယောက်ကိုသာ ဒီကိုလာခွင့်ရှိမယ်မဟုတ်လား"

"အေး... ဟုတ်တယ်"

လုရှောင်ဖုန့်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိ၏။ သူ အခုမှသတိထားလိုက်မိတော့၏။

စကားကိုဘွင်းဘွင်းပြောတတ်သည်ဟု သူ ထင်ခဲ့သောချေကျို့ရှင်မှာ တကယ်တော့ အလွန်ပါးနပ်လှသော မြေခွေးကြီး ဖြစ်နေလေသည်။

ပြိုင်ပွဲသို့လာကြည့်သောသူကို လုရှောင်ဖုန့်ကရွေးရမည်ဖြစ်ရာ အကယ်၍ပြဿနာဖြစ်ခဲ့လျှင် သူ့အနေနှင့် ရှောင်တိမ်း၍မရတော့။ သူ့မှာတာဝန်ရှိနေပြီ မဟုတ်လား။

"ဒီမှာပိုးချည်ခါးစည်းခြောက်ခု ရှိတယ်… မင်းအနေနဲ့ဘယ်သူလာသင့်တယ်ထင်ရင် အဲဒီသူကို တစ်ခုပေးလိုက်၊ အဲဒီလူလာတဲ့အချိန်ကျရင် ဒီပိုးချည်ခါးစည်းကို ခါးမှာစည်းပြီးလာခဲ့ပါလို့ မှာထားလိုက်"

ချင်းရှက်က….

"ပိုးချည်တွေဟာ နိုင်ငံခြားကတင်သွင်းလာတဲ့ ပိုးချည်တွေပါ၊ နန်းတွင်းမှာသာ ရှိတာ… ညအချိန်မှာဆိုရင် အရောင်တောက်နေတယ်၊ အပြင်မှာအတုလုပ်ဖို့ဆိုတာ လုံးဝမလွယ်ဘူး"

ချေကျို့ရှင်က ထပ်မံရှင်းပြလိုက်၏။

"ငါတို့က ဒီကိစ္စနှင့်ပတ်သက်ပြီး သိုင်းလောက,က မိတ်ဆွေအပေါင်းအသင်းတွေကို သတင်းပေးလိုက်ပြီ"

တင်းအောက်က အေးစက်စွာဖြင့် ဝင်ပြောလိုက်သည်။

"ဒါကြောင့် ဒီပိုးချည်ခါးစည်းမပါတဲ့လူဆိုရင် လာခွင့်မပြုဘူး။ လာရင်တော့ သေဒဏ်ပဲ"



ချေကျို့ရှင်က ပိုးချည်ခါးစည်းခြောက်ခုကိုထုတ်၍ လုရှောင်ဖုန့်အား လှမ်းပေးလိုက်၏။

လုရှောင်ဖုန့်မှာ အရောင်တလက်လက် တောက်ပနေသောပိုးချည်ခါးစည်းခြောက်ခုကိုကိုင်ရင်း စိတ်ထဲတွင် မြွေဆိုးခြောက်ကောင်ကို ကိုင်နေရသလို ခံစားနေရ၏။

လုရှောင်ဖုန့်က သက်ပြင်းချလိုက်ပြီး တီးတိုးရေရွတ်လိုက်မိ၏။

"ဘာဖြစ်လို့ ဒီလိုလက်ရတဲ့အလုပ်မျိုးကိုမှ ငါ့လက်ထဲထိုးထည့်ပေးရတာလဲ"

ရှီးသားဘုန်းဘုန်းက သဘောကျစွာရယ်၍….

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ လုရှောင်ဖုန့်ဖြစ်နေလို့ကိုး"

ဟုတ်ပါသည်။ ဤတစ်ချက်တည်းနှင့်ပင် လုံလောက်သွားလေပြီ။

လုရှောင်ဖုန့်က ပိုးချည်ခါးစည်းခြောက်ခုကိုပခုံးတွင် လွှားတင်လိုက်ပြီး နန်းတွင်းသိုင်းသမားအကျော်အမော်လေးယောက်အား

ကျောခိုင်း၍ထွက်လာခဲ့လေတော့သည်။

အပြင်သို့ရောက်သည်နှင့်သူက ရုတ်တရက် ရိုးသားဘုန်းဘုန်းအား လှမ်းမေးလိုက်၏။

"ဘုန်းကြီး မနက်ဖြန်ညမှာ ဘုန်းကြီးသာ ဒီပိုးချည်ခါးစည်း မရှိဘူးဆိုရင် နန်းတွင်းထဲကိုဝင်လာရဲပါ့မလား"

ရိုးသားဘုန်းဘုန်းက ပြုံးလိုက်ပြီး....

"ဘုန်းကြီးမှာ ဒီလိုမိုက်ရူးရဲသတ္တိမျိုးမရှိပါဘူး... ဒါပေမယ့် ဘုန်းကြီးမှာ ခါးစည်းတော့ရှိပါတယ်"

"ဘုန်းကြီးမှာခါးစည်းရှိတယ် ဟုတ်လား... ဒါဖြင့် ခါးစည်းက ဘယ်မှာလဲ"

"မင်း ကိုယ်ပေါ်မှာလေ ဟဲ ဟဲ ဟဲ"

လုရှောင်ဖုန်းကလည်း တစ်ချက်ရယ်လိုက်ပြီး....

"ကျုပ်က ဘာဖြစ်လို့ ဘုန်းကြီးကို ဒီပိုးချည်ခါးစည်းကိုပေးရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးက သိပ်ရိုးသားတဲ့ဘုန်းကြီးဖြစ်နေလို့ပေါ့"

လုရှောင်ဖုန်းက သဘောကျစွာ ထပ်မံရယ်ရင်း ပိုးချည်ခါးစည်းတစ်ခုကိုချွတ်၍ ရိုးသားဘုန်းဘုန်းကို ပစ်ပေးလိုက်၏။

ယခုပိုးချည်ခါးစည်းငါးခု ကျန်နေသေး၏။ သူက ဘယ်သူ့



ကိုပေးရဦးမည်နည်း။

မုသောက်ရသေ့၊ ကူစုန်ဆရာတော်၊ လုချန်းဖုန်း၊ လီရက်ပေ၊ မန်လို၊ ရယ်လင်ရင်း....

ဒီလူတွေအားလုံးသည် ဒီဓားရေးပြိုင်ပွဲမျိုးကိုလက်လွှတ်ခံမည့်လူမျိုးမဟုတ်ပေ။ သို့သော်ခါးစည်းက ငါးခုသာကျန်တော့သည်။

လုရှောင်ဖုန်းက လေးပင်သောသက်ပြင်းကိုချလိုက်ရင်း ရေရွတ်လိုက်သည်။

"ဒီပိုးချည်ခါးစည်းကို မရလိုက်တဲ့လူဆိုရင် ငါ့ကိုသတ်ချင်တဲ့စိတ်ပေါက်လာတော့မှာပဲ"

အိုရန်ချင်းမှာ တစ်နေ့နှင့်တစ်ညမျှ မေ့မျောနေခဲ့သည်။

သူမ၏ နွမ်းလျနေသောမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း လုရှောင်ဖုန်းက အလွန်စိတ်မချမ်းမသာဖြစ်နေမိသည်။

ဆယ်ဆန်းရီက စိတ်ပူပန်သောလေသံဖြင့်....

"မနေ့ညကနေ အခုထိ သူဟာ တစ်ခါတည်းပဲ သတိရတယ်၊ စကားကိုလဲ တစ်ခွန်းပဲပြောခဲ့တယ်"

"သူ ဘာပြောလိုက်သလဲ"

ဆယ်ဆန်းရီက အားတင်း၍တစ်ချက်ပြုံးလိုက်ပြီး....

"သူက ကျွန်မကိုမေးတယ်လေ... ရှင့်အတွက် သူကိုယ်တိုင်ပေါင်းထားတဲ့ဝက်သားပေါင်းကို ရှင်စားပြီးပြီလားတဲ့၊ စားလို့ကောင်းရဲ့လားတဲ့"

လုရှောင်ဖုန့်၏နှလုံးသားမှာ ဆွဲဆုပ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

စားပွဲပေါ်တွင် ယခုတိုင်တင်ထားသော ဝက်သားပေါင်းကို တွေဝေငေးမောစွာဖြင့် ကြည့်နေမိတော့၏။

"စားကောင်းမှာပါ"

ဟုသာပြောရင်း အားတင်း၍ပြုံးကာ....

"ငါအကုန်လုံး စားပစ်လိုက်ပါမယ်"

"ဒီလိုမုန့်မျိုးကအေးရင် စားလို့မကောင်းတော့ဘူး၊ ကျွန်မထပ်ပြီး နွှေးပေးလိုက်မယ်"

"ကိစ္စမရှိပါဘူး... သူကိုယ်တိုင်ကြော်လှော်ထားတာဆိုတော့ ဘယ်လောက်အေးအေး ငါစားမှာပါ"

ဆယ်ဆန်းရီက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... တော်သေးတယ်၊ ရှင် အခုကျတော့မှ သူ့ရဲ့စိတ်ကိုနားလည်သွားပြီနေပေ့ါနော်"

လုရှောင်ဖုန့်က ခုံပေါ်တွင်ထိုင်ချလိုက်ပြီး တစ်ခါတည်းဝက်



သားပေါင်းနှစ်လုံးကို စားပစ်လိုက်၏။ ပြီးမှ ဆယ်ဆန်းရီအား လှမ်းမေးလိုက်၏။

"လီရက်ပေကော"

"သွားပြီ"

"ဘယ်ကိုသွားတာလဲ"

"မသိဘူး"

ဆယ်ဆန်းရီက အားတင်း၍ပြုံးကာ ဆက်ပြောလိုက်သည်။

"သူ့မှာ ဒီတစ်အိမ်တည်းရှိတာမှ မဟုတ်တာ"

အတန်ကြာသောအခါ သူက ရုတ်တရက် မေးလိုက်၏။

"မင်း အိုရန်ချင်းရဲ့အကြောင်းကို ကောင်းကောင်းသိရဲ့လား"

"သိပါတယ်"

"ဒီလိုဆိုရင် ငါတစ်ခုမေးချင်တယ်၊ မင်း ဖြေနိုင်ပါ့မလား"

"မေးပါ"

လုရှောင်ဖုန့်က အားတင်း၍....

"အိုရန်ချင်းဟာ အပျိုလား"

"ဟုတ်တယ်လေ"

"သူဟာ ပြည့်တန်ဆာအလုပ်မျိုးကိုလုပ်တဲ့လူပဲ... အခုထက်ထိ အပျိုဖြစ်နေသေးတယ်ဆိုတဲ့မင်းစကားက အဓိပ္ပာယ်ရှိပါ့မ

လား"

ဆယ်ဆန်းရီက ပြုံး၍....

"သူဟာ တခြားမိန်းကလေးတွေနဲ့မတူဘူး... သူက သိပ်ထူးဆန်းတဲ့မိန်းကလေး၊ ဒါမျိုးအလုပ်ကိုလုပ်ပေမယ့် သူ့ကိုယ်သူစောင့်ထိန်းနိုင်တယ်"

လှရှောင်ဖုန့်က တစ်ချက်တွေဝေပြီး....

"ဒါပေမယ့် ရိုးသားဘုန်းဘုန်းပြောတော့ သူက အိုရန်ချင်းရဲ့....."

လှရှောင်ဖုန့်က စကားကိုဆုံးအောင်မပြောနိုင်တော့ချေ။ သူသည် ထိုင်ရာမှ ရုတ်တရက် လဲကျသွားပြီး သတိလစ်သွားလေသည်။

ဆယ်ဆန်းရီတစ်ယောက် ကြောက်ရွံ့အံ့သြခြင်း လုံးဝမရှိသည့်အပြင် လှရှောင်ဖုန့်လဲကျသွားသည်ကိုပင် အေးစက်စွာဖြင့် ရပ်ကြည့်နေလိုက်သေး၏။

လှရှောင်ဖုန့်မှာ တကယ်ပင် မိန်းမတွေအကြောင်းကိုနားမလည်ပေ။



သို့သော် သူ့စိတ်ထဲတွင်တော့ သူက မိန်းမတွေအကြောင်းကို နားလည်သည်ဟု အမြဲတမ်း ထင်နေခဲ့၏။

ဒါကြောင့်ပင် ယခု သူခံလိုက်ရလေပြီ။

သို့သော် လောကကြီး၌ တချို့လူများသည် မွေးကတည်းက ကံကောင်းသည့်ဇာတာပါလာတတ်၏။

လှရှောင်ဖုန့်မှာလည်း ဒီလိုလူစားမျိုးထဲတွင် တစ်ဦးအပါအဝင်ဖြစ်နေဟန် တူ၏။

သူသည် အသက်ရှင်လျက်ရှိနေသေး၏။

သူပြန်နိုးလာသောအခါတွင် သူ့တစ်ကိုယ်လုံး အင်္ကျီအစုံအလင်ရှိရုံမက အလွန်သန့်ပြန့်ပြီး ဇိမ်ရှိလှသော ကုတင်တစ်လုံးပေါ်တွင် လဲလျောင်းလျက်ရှိနေသည်ကို အံ့သြစွာ ကြုံတွေ့လိုက်ရ၏။

နောက်ပြီး လူတစ်ယောက်ကို အမှတ်အထင် သူတွေ့လိုက်ရသည်။

ယင်းလူသည် တစ်ကိုယ်လုံး အဖြူရောင်အဝတ်အစားဝတ်ဆင်ထား၏။

"စီးမင်းချွေးရှက်"

လုရှောင်ဖုန့်က အံ့သြစွာ ရေရွတ်လိုက်ပြီး ထခုန်လိုက်မိ၏။ စီးမင်းချွေးရက်တစ်ယောက် ဤနေရာသို့ ဘယ်ပုံဘယ်နည်းဖြင့် ရောက်လျက်ရှိသည်ကို သူ မတွေးတတ်အောင်ဖြစ်နေမိသည်။

ဩော်... သူ လွန်စွာ တွေ့ချင်နေသော အားလုံးက သူ ပျောက်ပုံဆန်းနေခြင်းနှင့်ပတ်သက်ပြီး အမျိုးမျိုးအဖုံဖုံ တွေးထင်နေကြသော စီးမင်းချွေးရက်ကား ယခုမိုးပေါ်မှလျှပ်တစ်ပြက်ကျလာသကဲ့သို့ သူ့ရှေ့ဝယ် ဘွားခနဲပေါ်လာပြီကော။

လုရှောင်ဖုန့်သည် သူ့ခြေထောက်နှစ်ဖက် အနည်းငယ်အားပျော့နေသေးသည်ကို သတိထားလိုက်မိ၏။

"ဟေ့... မင်းက ဘယ်ချောင်ကနေ ထွက်လာတာလဲ"

လုရှောင်ဖုန့်က အော်၍....

"ဒီရက်တွေမှာ မင်းက ဘယ်မှာသွားပုန်းနေတာလဲ"

စီးမင်းချွေးရက်က ရီသွဲ့သွဲ့ဖြင့် ခွန်းတုံ့ပြန်လိုက်သည်။

"ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင်ကို ဒီလိုအော်ကြီးဟစ်ကျယ်စကားမျိုးမပြောရဘူးဆိုတာ မင်း မသိဘူးလား"

"အသက်သခင် ကျေးဇူးရှင်"

လုရှောင်ဖုန့်က အံ့သြစွာ ထပ်မံအော်၍....

"မင်းက ငါ့ရဲ့အသက်ကိုကယ်ခဲ့တယ်"

"ငါသာမရှိရင် မင်းလဲ အခုလောက်ဆို လီရက်ပေလိုအ



သက်ရှိတော့မှာ မဟုတ်တော့ဘူး"

လုရှောင်ဖုန့်က မျက်စိမျက်နှာပျက်သွားပြီး မယုံကြည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"လီရက်ပေ သေသွားပြီဟုတ်လား"

"အေး... သူက မင်းလောက် ကံမကောင်းဘူး၊ မင်းကမွေးလာကတည်းက အသက်ရှည်တဲ့ ကံဇာတာပါလာလို့လားမသိဘူး၊ မင်း သိပ်ကံကောင်းတဲ့လူပဲ"

သူက စကားအဆုံးတွင် ကိုယ်ကိုဖြည်းညင်းစွာ လှည့်ပြီး လုရှောင်ဖုန့်ကိုစိုက်ကြည့်လိုက်သည်။

သူ့မျက်နှာက အေးစက်စက်နိုင်လှ၏။ သူ၏အသံကလည်း အေးစက်လှ၏။

သို့သော် သူ၏မျက်လုံးကမူ နွေးထွေးလှလေသည်။

ဤသို့သောမျက်လုံးအကြည့်မျိုးမှာ ရက်ပေါင်းများစွာကွဲကွာနေကြရာမှ မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြရသော သူငယ်ချင်းမိတ်ဆွေများ၌သာ တွေ့နိုင်သည်။

လုရှောင်ဖုန့်ကလည်း သူ့ကိုမမှိတ်မသုန်စိုက်ကြည့်ပြီး....

"လီရက်ပေက ဘယ်လိုကြောင့်သေသွားတာလဲ"

စီးမင်းချွေးရက်က လုရှောင်ဖုန့်၏အမေးကိုမဖြေဘဲ သူသိလိုသည်ကိုသာ မေးလိုက်၏။

"မင်း ဘာဖြစ်လို့ ဒီလိုမိန်းမမျိုးကိုယုံကြည်ရတာလဲ"

"ဘယ်မိန်းမကိုပြောတာလဲ"

လုရှောင်ဖုန့်၏မျက်နှာမှာ မသာယာတော့ပေ။ သူက တစ်ချက်မျှအားတင်းပြီး မေးလိုက်၏။

"အိုရန်ချင်းကိုပြောတာလား"

"အိုရန်ချင်း မဟုတ်ပါဘူး"

လုရှောင်ဖုန့်၏မျက်နှာမှာ ဝင်းလက်သွားပြန်၏။

စီးမင်းချွေးရှက်ကပင်....

"ဝက်သားပေါင်းက အိုရန်ချင်းလုပ်တာမှန်ပေမယ့် အဆိပ်ခတ်တဲ့သူက ဆယ်ဆန်းရိပဲ"

ထိုစကားကိုကြားရသောအခါ လုရှောင်ဖုန့်က အတော်လေးဖြေသာသွား၏။

စီးမင်းချွေးရှက်ကလည်း လုရှောင်ဖုန့်၏ခံစားချက်ကိုသိဟန်ဖြင့် ပြုံး၍....

"ဒီသတင်းကိုကြားတော့ မင်း အတော်လေး စိတ်ထဲမှာဝမ်းသာသွားတယ် မဟုတ်လား"

"အေး... ဒါနဲ့မင်းက ဘယ်အချိန်ကစပြီး ဒီလိုချစ်ခြင်းမေတ္တာနဲ့ပတ်သက်တဲ့ခံစားချက်တွေကို နားလည်ထတ်လာတာလဲ"

စီးမင်းချွေးရှက်က ရုတ်တရက် မဖြေသေးဘဲ ကိုယ်ကိုလှည့်



၍ ပြတင်းပေါင်အပြင်သို့လှမ်းမျှော်၍ ကြည့်လိုက်ပြန်၏။

အပြင်ပ ညကမ္ဘာသည် အေးချမ်းတိတ်ဆိတ်နေပါ၏။

ယင်းညသည် ကိုးလဆယ်လေးရက်နေ့ည။

လုရှောင်ဖုန့်က တဒင်္ဂတိတ်ဆိတ်သွားခြင်းကိုစတင်၍ စကားတန်ဆာဆင်လာ၏။

"ငါ အတော်လေး သတိလစ်သွားခဲ့တယ်ထင်တယ်"

"ဆယ်ဆန်းရိဟာ မှေဆေးအကြောင်းကိုသိပ်နားလည်တယ်၊ သူက ဝက်သားပေါင်းထဲကို ဆေးအများကြီး မထည့်ဘူး"

"အေး... သူသာ ဆေးများများထည့်ရင် ငါရိပ်မိမှာပဲ၊ ဒါကြောင့် ငါမရိပ်မိအောင် ဆေးနည်းနည်းပဲထည့်လိုက်တာနေမှာပဲ"

"ဒါပေမယ့် သူက ပါးနပ်တယ်... မင်း ဒီဝက်သားပေါင်းအားလုံးကိုကုန်အောင်စားလိုက်မှာ သေချာတယ်လို့ သူ တွက်ထားတယ်"

လုရှောင်ဖုန့်က ခေါင်းညိတ်ဝန်ခံလိုက်၏။

တကယ်တော့ ကျားမကိစ္စတွင် ဆယ်ဆန်းရိက လုရှောင်ဖုန့်ထက် အများကြီးပိုသိသည်။ ပိုနားလည်သည်မဟုတ်လား။

"ဒါနဲ့မင်းက ဘယ့်နှယ့်လုပ်ပြီး ဒီကိစ္စကိုသိနေတာလဲ၊ နောက်ပြီး ငါ့ကိုဘယ်လိုလုပ် ကယ်နိုင်ခဲ့တာလဲ"

"မင်းလဲကျသွားတုန်းက ငါ ပြတင်းပေါက်မှာရပ်ကြည့်နေတယ်"

"ဟင်... မင်းက ငါလဲကျနေတာကို ဒီအတိုင်းပဲ ရပ်ကြည့်နေတယ်"

"မင်း လဲကျသွားလိမ့်မယ်လို့ ငါ မထင်မိဘူး၊ ဝက်သားပေါင်းထဲမှာ အဆိပ်ရှိလိမ့်မယ်လို့လဲ ငါမသိခဲ့ဘူး"

"ဩော်... အဲဒီအချိန်တုန်းက မင်းက ငါ့ကိုတွေ့ဖို့လာတာလား"

စီးမင်းချွေးရှက်က ခေါင်းညိတ်ပြလိုက်ပြီး....

"ဒါပေမယ့် သူများတွေ ငါ့ကိုတွေ့သွားတာကိုတော့ ငါမလိုလားဘူး၊ ဒါကြောင့် ငါက ဆယ်ဆန်းရှီပြန်သွားတော့မှ မင်းနဲ့ဝင်တွေ့တော့မယ်လို့ စဉ်းစားထားတယ်၊ ဒါပေမယ့် မင်းလဲ လဲကျသွားရော သူက ဓားဆွဲထုတ်လိုက်တော့တာပဲ"

လုရှောင်ဖုန့်က ကျောတစ်ချက်စိမ့်သွားမိသည်။

"ဒီလိုဆိုရင် လီရက်ပေကလဲ သူ့လက်ချက်နဲ့သေသွားခဲ့တာပေါ့"

စီးမင်းချွေးရှက်က ခေါင်းညိတ်ပြလိုက်၏။

"ငါ့ရှေ့မှာ ဘယ်သူကမှ မှန်သောစကားကိုမပြောဘဲ မနေရဲဘူး၊ သူသတ်ပါတယ်လို့ ငါ့ကိုဝန်ခံသွားတယ်"

"သူက ဘာဖြစ်လို့ လီရက်ပေကိုသတ်ရတာလဲ"

"ငွေဆယ့်ငါးသိန်း ချက်လက်မှတ်ကြောင့်ပဲ၊ တကယ်လို့ ဒီ



ငွေဆယ့်ငါးသိန်းချက်လက်မှတ်သာ လီရက်ပေမှာမရှိရင် သူက သတ်ရဲမှာမဟုတ်ဘူး"

"သူက လီရက်ပေကိုသတ်လိုက်ပေမယ့် နောက်ပိုင်းငါလိုက်ပြီးစုံစမ်းရင် သိမှာစိုးလို့ ငါ့ကိုပါသတ်ဖို့ကြိုးစားလိုက်တာပေါ့"

"အင်း... ဆယ်ဆန်းရှီလို မိန်းမမျိုးက ငွေဆယ့်ငါးသိန်းသာရမယ်ဆိုရင် ဘယ်အရာမဆို လုပ်ရဲတယ်"

လုရှောင်ဖုန့်က တစ်စုံတစ်ရာကို သတိရဟန်ဖြင့် လှမ်းမေးလိုက်သည်။

"မင်း သူ့ကိုသတ်လိုက်ပြီပေါ့ ဟုတ်လား"

စီးမင်းချွေးရှက်က ခေါင်းယမ်းပြလိုက်သည်။

"မင်းမှားသွားပြီ... ငါ သူ့ကိုမသတ်ပါဘူး"

လုရှောင်ဖုန့်က အံ့ဩစွာဖြင့် စီးမင်းချွေးရှက်အား တစ်ချက်စိုက်ကြည့်လိုက်သည်။

"မင်း သူ့ကိုမသတ်ဘူး... ဘာဖြစ်လို့လဲ"

စီးမင်းချွေးရှက်က မဖြေချေ။

သို့သော် လုရှောင်ဖုန့်က ချက်ချင်းသဘောပေါက်လိုက်၏။

"မင်းအများကြီး ပြောင်းလဲသွားပြီ"

သူက စီးမင်းချွေးရှက်ကိုကြည့်ရင်း....

"မင်းလိုလူမျိုးတစ်ယောက် ပြောင်းလဲသွားဖို့ဆိုတာ လွယ်

တဲ့ကိစ္စမဟုတ်ဘူး”

စီးမင်းချွေးရှက်က လုရှောင်ဖုန်း၏ဝေဖန်ချက်ကိုမကြားဟန်ဖြင့် အေးဆေးစွာပင်....

“မင်းမှာ တခြားပြောစရာစကား မရှိတော့ဘူးလား”

လုရှောင်ဖုန့်က သဘောကျစွာ တစ်ချက်ရယ်လိုက်ပြီး....

“ငါ မင်းကိုမေးစရာရှိပါသေးတယ်”

“တစ်ခုချင်း မေးပါ”

“အိုရန်ချင်းကော”

“အထဲမှာ လူတစ်ယောက်က သူ့ကိုပြုစုနေတယ်”

“စွန်းရှုကျင်းလား”

“မဟုတ်ဘူး”

စီးမင်းချွေးရှက်၏မျက်နှာတွင် ကြည်နူးသောအမူအရာများပေါ်လာပြီး....။

“ငါ့ရဲ့မိန်းမ”

လုရှောင်ဖုန့်၏မျက်နှာမှာ ဝင်းလက်တောက်ပသွားပြီး ရုတ်တရက် ထခုန်လိုက်ကာ နှုတ်မှလည်း တတွတ်တွတ်နှင့် ရေရွတ်နေမိသည်။

“ဝမ်းသာလိုက်တာကွာ... ဝမ်းသာလိုက်တာ”

စီးမင်းချွေးရှက်နှင့် စွန်းရှုကျင်းတို့အတွက် သူ အမှန်တ



ကယ်ပင် ဝမ်းသာခဲ့ခြင်းဖြစ်၏။

စီးမင်းချွေးရှက်လည်း ရယ်မောလာ၏။ သူသည် အလွန်ရယ်ခဲ၏။

အမြဲတမ်း သုန်သုန်မှုန်မှုန်နှင့် ရှုတည်တည်မျက်နှာထားဖြင့်ပင် နေတတ်၏။

“ငါအိမ်ထောင်ကျလိမ့်မယ်ဆိုတာ မင်း ဘယ်တုန်းကမှမထင်ခဲ့ဘူး မဟုတ်လား”

“ဟုတ်တယ်”

လုရှောင်ဖုန့်က ရယ်ရင်း....

“ငါအိပ်မက်ထောင် မမက်ခဲ့ဘူး”

သို့သော် သူ ယခုသိလိုက်၏။ ဤအချက်ကြောင့်ပင် စီးမင်းချွေးရှက် ပြောင်းလဲခဲ့ဟန်တူ၏။

စီးမင်းချွေးရှက်က ပြုံး၍....

“မင်းကကော ဘယ်အချိန်ကျမှ အိမ်ထောင်ပြုမှာလဲ”

လုရှောင်ဖုန့်၏အပြုံးမှာ မှေးမှိန်သွား၏။ သူ့မျက်ဝန်းတွင် ချီမင်းနှင့်အိုရန်ချင်းတို့၏ ပိုးတဝါး ရုပ်ပုံပေါ်လာ၏။

သူက စကားကိုချက်ချင်း လမ်းကြောင်းပြောင်း၍....

“မင်းက ဘယ်နဲ့လုပ် ငါ့ကိုရှာလို့တွေ့တာလဲ”

“မင်းက လီရက်ပေရဲ့သူငယ်ချင်းမှန်း ငါသိတယ်လေ၊ ဒါ

ကြောင့် ငါကိုယ်တိုင်ထွက်လာပြီးရှာတာပဲ၊ အခုထက်ထိ ငါဘယ်မှာ ရှိနေတယ်ဆိုတာ ဘယ်သူမှမသိသေးဘူး”

ဒီတစ်ချက်ကိုလည်း လုရှောင်ဖုန့် အလွန်သိချင်နေ၏။

“အခု ဒီနေရာက ဘယ်နေရာလဲ”

စီးမင်းချွေးရှက်က သူ့အား ပြုံးတုံ့တုံ့ဖြင့်စိုက်ကြည့်ရင်း....

“မင်း ဘာဖြစ်လို့ ကိုယ်တိုင်ထွက်မကြည့်တာလဲ”

## (တစ်ဆယ်)

လှပသေသပ်သော ပန်းခြံလေးတစ်ခုကို ဖြတ်ကျော်ပြီးနောက် ရှေ့ဘက်တွင် မုန့်မျိုးစုံရောင်းသောဆိုင်ကို တွေ့ရလေသည်။

ဆိုင်၏မျက်နှာကျက်တွင်‘နံ့သာမွှေး’ ဟူသောဆိုင်းဘုတ်ကို ရေးဆွဲထားသေး၏။

လုရှောင်ဖုန့်က တအောင့်ကြာမျှကြည့်ပြီးမှပင် ပြန်လှည့်လာ၏။ သူက သဘောကျစွာဖြင့် ရယ်နေ၏။

စီးမင်းချွေးရှက်က သူ့အား ရှင်းပြနေသည်။

“ဒီဆိုင်ဟာ အတော်ကြာပြီဖြစ်တဲ့ မုန့်ဆိုင်တစ်ဆိုင်ပဲ၊ ဒါပေ

မယ့် အခု ဒီဆိုင်ထဲကလူတွေအားလုံးက ငါ့အိမ်ကလူတွေချည်းပဲ"

သူက အားရကျေနပ်သံဖြင့်....

"မင်းတွေးမိရဲ့လား... ငါ့လိုလူမျိုးက မုန့်ဆိုင်သူဌေးလုပ်မယ်ဆိုတာ"

"ဟင့်အင်း"

"နောက်ပြီး မင်းတွေ့ဖူးကြုံဖူးသလား... သိုင်းလောက,က လူတွေဟာ မုန့်ရောင်းတယ်ဆိုတာ"

လုရှောင်ဖုန့်က ခေါင်းခါယမ်းပြလိုက်ပြန်သည်။

စီးမင်းချွေးရှက်က ရယ်မောပြီး....

"ဒါကြောင့် မင်းတို့က ငါ့ကိုဘယ်လိုမှ ရှာလို့မတွေ့တာပေါ့... ဟား... ဟား... ဟား"

လုရှောင်ဖုန့်သည် ဝန်ခံလိုက်ရ၏။ စီးမင်းချွေးရှက်၏အကြံဉာဏ်ကိုတွေးရင်း ချီးကျူးသွားမိ၏။

စီးမင်းချွေးရှက်က ရုတ်တရက် အမူအရာပြောင်းသွားပြီး...

"ငါ မင်းကိုရှာတာက ဘာအတွက်လဲဆိုတာ မင်းသိရဲ့လား"

"ဘာအတွက်ပဲဖြစ်ဖြစ် ငါကတော့ မင်းကိစ္စဆိုရင် လုပ်ပေးဖို့ အဆင်သင့်ပါပဲ"

"ကျေးဇူးတင်ပါတယ်... မနက်ဖြန်ညကျရင် မင်း ငါနဲ့အတူ



နန်းတော်ထဲကိုလိုက်ခဲ့ပါ"

စီးမင်းချွေးရှက်က လက်နှစ်ဖက်ကို တင်းကျပ်စွာဆုပ်ပြီး စိတ်လှုပ်ရှားဟန်ဖြင့်....

"တကယ်လို့ ငါမတော်တဆရှုံးသွားခဲ့ရင် ငါ့အလောင်းကိုတော့ မင်း ဒီရောက်အောင် သယ်လာခဲ့ပါ"

လုရှောင်ဖုန့်၏စိတ်ထဲတွင် နင့်ခနဲခံစားလိုက်ရပြီး တစ်ချက်မျှ တွေဝေကာ စဉ်းစားနေလိုက်မိ၏။

အမှန်မှု သူသည် ရက်ကူးချန် ဒဏ်ရာရသည့်အကြောင်းကို ထုတ်ဖော်ပြီး မပြောလိုပေ။ ရက်ကူးချန်ကလည်း သူ၏သူငယ်ချင်းပင်။

သို့သော် ဒီကိစ္စကိုမပြောလျှင် မဖြစ်။ ကြာကြာလျှို့ဝှက်ထား၍လည်း မရပေ။

စီးမင်းချွေးရှက်အနေဖြင့် တစ်နည်းနည်းနှင့် သိသွားပေမည်။

ထို့ကြောင့်သူသည် နောက်ဆုံး ဆုံးဖြတ်ချက်ကိုချပြီး ဖွင့်ဟပြောပြလိုက်၏။

"ငါ ပြောရပါတယ်... မင်း ဘယ်နည်းနဲ့မှ မရှုံးနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ရက်ကူးချန် ဒဏ်ရာရထားတယ်"

စီးမင်းချွေးရှက်၏လေးနက်တည်ကြည်သောမျက်နှာက တစ်ချက်မျှ လှုပ်ရှားသွားပြီး....

"ဒါပေမယ့် မနေ့တုန်းက ချန်းဝါစားသောက်ဆိုင်မှာ ထန်ထင်းရိကို သူက ဓားနဲ့ထိုးသွားခဲ့သေးတယ်ဆို"

"ထန်ထင်းရိက စီးမင်းချွေးရှက်လိုလူစားမျိုးမှ မဟုတ်တာ"

"သူ ဒဏ်ရာရတာ တကယ်ပဲလား"

"တကယ်ပါ"

စီးမင်းချွေးရှက်၏မျက်နှာအမူအရာမှာ ပြောင်းလဲသွားပြန်၏။

မိမိ၏ တစ်ဦးတည်းသောပြိုင်ဘက်က ဒဏ်ရာရနေသည်ကို ကြားရသောအခါ တခြားလူဆိုလျှင် အကြီးအကျယ် ဝမ်းသာပေမည်။

သို့သော်စီးမင်းချွေးရှက်က တခြားလူမဟုတ်ပေ။ သူသည် နက်နက်နဲနဲ စဉ်းစားလိုက်၏။

"ရှစ်လဆယ့်ငါးရက်မှာကျင်းပမယ်လို့ ဆုံးဖြတ်ထားတဲ့ ငါတို့ရဲ့ပြိုင်ပွဲကို ငါ့ကြောင့် ပွဲစဉ်ဖျက်သိမ်းလိုက်ရပြီး မနက်ဖြန်ကို ပြောင်းခဲ့ရတယ်၊ အင်း... ဟိုတစ်ချိန်တုန်းကသာ ပြိုင်ဖြစ်ခဲ့ရင် ငါ သူ့ရဲ့လက်ချက်နဲ့မသေဘူးလို့ မပြောနိုင်ဘူး၊ ဒါပေမယ့် အခုတော့"

လုရှောင်ဖုန့်က ကြားဖြတ်ဝင်မေးလိုက်၏။



"မင်း အခု ဘယ်လိုလုပ်ဖို့စိတ်ကူးထားသလဲ"

"ငါ သူ့ကိုသွားတွေ့ချင်တယ်"

"မင်း သူ့ကိုသွားတွေ့ပြီး ဘာလုပ်မှာလဲ"

လုရှောင်ဖုန့်က မသက်မသာဟန်ဖြင့် မေးလိုက်သည်။

စီးမင်းချွေးရှက်က အေးစက်စွာဖြင့် ပြန်ဖြေလိုက်သည်။

"ငါ လူကိုပဲသတ်တတ်တယ်လို့ မင်း ထင်နေသလား"

လုရှောင်ဖုန့်၏မျက်လုံးစုံ ဝင်းလက်သွား၏။ သူ အခုမှသတိရလာ၏။

တစ်ချိန်တုန်းက စီးမင်းချွေးရှက်လည်း ထန်မျိုးတို့၏အဆိပ်လက်နက်ကို အထိခံခဲ့ဖူးသည်ဟု သူကြားခဲ့၏။

သို့သော် အခုတိုင်အောင်ပင် စီးမင်းချွေးရှက် အသက်ရှင်နေသေး၏။

လုရှောင်ဖုန့်က ချက်ချင်းထခုန်လိုက်ပြီး....

"အေး... ကောင်းပြီ၊ ငါ မင်းကိုလိုက်ပို့ပေးမယ်"

စန္ဒလမင်းသည် တိမ်တိုက်ကြားတွင် ပုန်းကွယ်နေ၍လားမသိ။ ညမှာ မှောင်မှောင်မည်းမည်း ဖြစ်နေ၏။

သူတို့နှစ်ဦးသည် အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်လာကြရာ တစ်ခုသောဘုရားကျောင်းအနားသို့ ရောက်လာကြ၏။

ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေဆဲပင်ဖြစ်ပါ၏။

လုရှောင်ဖုန့် ကျောင်းရှေ့သို့ရောက်သည်နှင့် တံခါးခေါက်ရင်း အသံပြုလိုက်၏။

"ရက်ကူးချန်... ငါပါ လုရှောင်ဖုန့်ပါ"

သို့သော်အထဲမှ ပြန်ထူးသံမကြားရချေ။ လုရှောင်ဖုန့်တစ်ချက်မျှ ငိုင်သွား၏။

ရက်ကူးချန် အိပ်ပျော်နေ၍လော။ အိပ်ပျော်နေလျှင်လည်း ဤမျှအသံပြုနေသည်ကိုမကြားဘဲနေမည် မဟုတ်။ သို့သော် တစ်ဘက်မှ ဘာအသံမျှပြန်မကြားရသည်တော့ အမှန်။

လုရှောင်ဖုန့် စိတ်မရှည်ချင်တော့။ တံခါးကို ထပ်ခါထပ်ခါထုရင်း အော်မေးလိုက်ပြန်သည်။

"ဟေ့ အထဲမှာလူမရှိကြဘူးလား"

အထဲမှ ဘာသံမှမကြားရပြန်ပေ။ လုရှောင်ဖုန့်က မျက်မှောင်ကုတ်လိုက်ပြီး ရုတ်တရက် တံ ခါးကိုရိုက်ချိုး၍ ဝင်လိုက်သည်။

"ဟင်...."

လုရှောင်ဖုန့် အံ့သြသွား၏။ ကြည့်....။



အိမ်ထဲတွင် လူရှိပါသည်။ သို့သော် လူရှင်တော့ မဟုတ်။ လူသေဖြစ်နေ၏။

အရှင်လတ်လတ် လည်ပင်းကိုညှစ်သတ်ခံရသော လူသေအလောင်းတစ်လောင်းသာ လုရှောင်ဖုန့်တို့အား ဆီးကြိုနေသည်။

လူသေအလောင်းကား ရက်ကူးချန်တော့မဟုတ်ပေ။ ဘုန်းကြီးတစ်ပါး ဖြစ်နေ၏။

"ဒီဘုန်းကြီးက ဒီဘုရားကျောင်းကပဲ ဆက်ထုံးတဲ့"

"ဘယ်သူကများ သူ့ကိုသတ်လိုက်တာပါလိမ့်၊ ဘာကြောင့်သတ်ရတာလဲ"

လုရှောင်ဖုန့်က မဖြေတတ်တော့ပေ။ သူကိုယ်နှိုက်ကလည်း ယင်းမေးခွန်း၏အဖြေကိုသိလိုလှ၏။

လုရှောင်ဖုန့်က သက်ပြင်းချ၍....

"ဒီလိုအညှစ်သတ်ခံရတဲ့လူကို ငါတွေ့ဖူးတာ ခုဆိုရင် နှစ်ယောက်ရှိသွားပြီ"

"နှစ်ယောက်ဟုတ်လား... ဒါဖြင့် နောက်တစ်ယောက်ကဘယ်သူလဲ"

"ကိုးစွန်းမမ"

စီးမင်းချွေးရှက်က....

"သူတို့က လူတစ်ယောက်တည်းရဲ့လက်ချက်နဲ့ပဲ သေခဲ့တာပေါ့"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်၏။

"ဒါနဲ့ကိုးစွန်းမမက ဒီကိစ္စနဲ့ဘာများပတ်သက်နေလို့လဲ"

လုရှောင်ဖုန့်က မျက်မှောင်ကုတ်၍....

"တစ်နည်းနည်းနဲ့တော့ ပတ်သက်နေမှာပဲ၊ ဒါပေမယ့် ငါအခုထက်ထိတော့ သဲလွန်စရှာလို့မတွေ့သေးဘူး"

"ဒီသဲလွန်စကိုကော ရှာဖို့လွယ်ပါ့မလား"

လုရှောင်ဖုန့် နှုတ်ကမဖြေ။ ခေါင်းကိုသာယမ်းပြပြီး ထိုနေရာမှထွက်ခဲ့တော့သည်။

သူတို့နှစ်ဦးအပြင်သို့ရောက်သည်နှင့်....

"ဒီသဲလွန်စကိုရှာဖို့တော့ မလွယ်လှဘူး... ဘာဖြစ်လို့လဲဆိုတော့"ဟု အစချီကာ လုရှောင်ဖုန့်သည် ကွေးစွန်း၊ ကိုးစွန်းမမ၊ အိုရန်ချင်း စသူတို့ လုပ်ကြံခံရသည့်ကိစ္စအားလုံးကို ရက်ကူးချန်အား လုံစေ



ပတ်စေ့ပြန်ပြောပြလိုက်သည်။

သူကပင် ဆက်လက်၍....

"နောက်ပြီး အသတ်ခံရတဲ့လူ တစ်ယောက်ရှိသေးတယ်၊ အဲဒီကိစ္စက ပိုပြီးတောင် ထူးဆန်းသေးတယ်"

"ဘယ်သူအသတ်ခံရလို့လဲ"

"ကျန်းရင်းဖုန်း"

စီးမင်းချွေးရှက်က ထိုလူ့ကိုသိ၏။ ထိုသူကား စွန်းရှကျင်း၏ ဂိုဏ်းတူအစ်ကိုကြီးဖြစ်ကြောင်း သူကောင်းစွာသိပါ၏။

"သူ ဘယ်တုန်းက အသတ်ခံရတာလဲ"

"မနေ့ညကပဲ"

လုရှောင်ဖုန့်က ဆက်လက်၍....

"သူသေတာက သိပ်ထူးဆန်းတယ်"

"သူ့ကို ဘယ်သူသတ်သွားတာလဲ"

"အမှန်ဆိုရင်တော့ သူ့ကိုသတ်တဲ့သူဟာ မင်းဖြစ်ဖို့ သင့်တယ်"

"ငါဖြစ်ဖို့သင့်တယ်"

စီးမင်းချွေးရှက်က မျက်မှောင်တစ်ချက်ကုတ်၍ အံ့သြဟန်ဖြင့်....

"ငါ ဘာဖြစ်လို့ သူ့ကိုသတ်ရမှာလဲ"

လုရှောင်ဖုန့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"ဘာဖြစ်လို့လဲဆိုတော့ သူ ဒီတစ်ခါနေပြည်တော်ကိုလာရတာက မင်းကိုသတ်ဖို့ပဲ"

စီးမင်းချွေးရှက်က အေးစက်စွာဖြင့်....

"ဒါကြောင့် ငါက သူ့ကိုသတ်သင့်တယ်လို့ မင်းဆိုလိုတာလား"

လုရှောင်ဖုန့်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး သူ့စကားကိုပြန်ဆက်လိုက်သည်။

"နောက်ပြီး သူ အသတ်ခံရတုန်းက လည်မျိုမှာသွေးစက်လေးပဲ စို့နေရုံရှိတယ်"

စီးမင်းချွေးရှက်က လုရှောင်ဖုန့် ဘာပြောချင်သည်ကိုနားလည်၏။

အလွန်ထက်မြက်ပြီး အလွန်လျင်မြန်လှသော အလွန်ကြောက်စရာကောင်းသော ဓားသာလျှင် ဒီလိုဒဏ်ရာမျိုးကိုဖြစ်ပေါ်နိုင်စေသည် မဟုတ်ပါလား။

သည်လိုဓားကွက်မျိုးကိုလည်း စီးမင်းချွေးရှက်ကလွဲလျှင် ဘယ်သူမှ အသုံးပြုနိုင်စွမ်းမရှိပေ။

"ဒါပေမယ့် ငါသိပါတယ်၊ ဒီလူကိုမင်းသတ်တာ မဟုတ်ပါဘူး"



"မင်းသိတယ် ဟုတ်လား... ဒါဖြင့် သူ့ကိုသတ်တာ ဘယ်သူလဲ"

"ငါ သံသယဝင်နေတဲ့လူ နှစ်ယောက်တော့ ရှိတယ်"

"ဘယ်သူတွေလဲ"

"တစ်ယောက်က ယောကျ်ားအပျိုထိန်းခေါင်းဆောင်ဝမ်ကျိုးကွမ်း... နောက်တစ်ယောက်က မားဆိုး"

စီးမင်းချွေးရှက်က ဘာမှဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေလိုက်၏။

လုရှောင်ဖုန့်ကပင် ဆက်၍....

"ဒါပေမယ့် ကျန်းရင်းဖုန်းက သူတို့နှစ်ယောက်ရဲ့လက်ချက်နဲ့သေတာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျန်းရင်းဖုန်းကို သတ်စရာအကြောင်းမရှိဘူး၊ နောက်တစ်ချက်က သူတို့နှစ်ယောက်ဟာ ကျန်းရင်းဖုန်းကိုသိုင်းပညာအရာမှာ ဘယ်လိုမှယှဉ်လို့မရဘူး"

"ဒါကြောင့် မင်းထင်နေတဲ့တရားခံအားလုံးဟာ တရားခံအစစ်မဟုတ်ဘူး ဖြစ်နေတာပေါ့"

"အေး.. ဒါကြောင့် ငါ အခုခေါင်းကိုက်နေတာပေါ့"

ထိုစဉ် စီးမင်းချွေးရှက်က ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်၏။

"ကျန်းရင်းဖုန်းရဲ့အလောင်း အခုရယ်လင်ရင်း ဆီမှာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ရယ်လင်ရင်း အခု ဘယ်မှာလဲ"

"မင်းက သူနဲ့တွေ့ချင်လို့လား"

"ငါက ကျန်းရင်းဖုန်းရဲ့လည်မျိုမှာရှိတဲ့ ဓားချက်ကိုကြည့်ချင်လို့ပါ၊ ဘယ်သူရဲ့ဓားချက်ဖြစ်မလဲဆိုတာ ငါ ခန့်မှန်းလို့ရချင်ရမယ်လေ"

"ငါ သေသေချာချာ ကြည့်ခဲ့ပြီးပါပြီ"

လုရှောင်ဖုန့်က ဝင်ပြောလိုက်၏။

စီးမင်းချွေးရှက်က အေးစက်စွာဖြင့်....

"မင်းရဲ့သိုင်းပညာမဆိုးဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ဓားနဲ့ပတ်သက်ပြီး ငါနဲ့ယှဉ်လာရင် မင်းက အဘွားကြီးတစ်ယောက်အဆင့်လောက်ပဲ ရှိပါတယ်ကွ"

လုရှောင်ဖုန့်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိ၏။ သူက ဝန်ခံလိုက်ရ၏။

စီးမင်းချွေးရှက်ရှေ့တွင် ဓားနှင့်ပတ်သက်၍ ဘယ်သူကမျှ ယှဉ်၍မပြောနိုင်ပေ။

"မင်းသွားချင်ရင် ငါပို့ပေးပါ့မယ်... ဒါပေမယ့် မင်းသတိတော့ ထားပေ့ါ"



"ဘာဖြစ်လို့လဲ"

"ရယ်လင်ရင်းက မင်းကိုသုတ်သင်ပစ်ဖို့ လူခေါ်ထားပြီးပြီ၊ နှစ်ယောက်က တိဘက်ဘုန်းကြီး၊ နောက်နှစ်ယောက်က နတ်ရေကန်တောင်ထိပ်က ဓားသမားနှစ်ယောက်"

"သူတို့လဲ ဓားသုံးတာပဲလား"

စီးမင်းချွေးရှက်က မေးလိုက်၏။

လုရှောင်ဖုန့်က သဘောကျစွာဖြင့် ရယ်၍....

"အေး... ဒါပေမယ့် တကယ်သတိထားရမှာက သူတို့ပါ၊ မင်း မဟုတ်ပါဘူး... ဟား... ဟား... ဟား"

စီးမင်းချွေးရှက်က လုရှောင်ဖုန့်အား တာဝန်လွှဲပေးလိုက်၏။

"ဟိုတိဘက်ဘုန်းကြီးနှစ်ပါးကို မင်းတာဝန်ယူပေ့ါ"

လုရှောင်ဖုန့်တစ်ယောက် မျက်နှာရှုံ့မဲ့သွားတော့သည်။

ရယ်လင်ရင်းသည် ချွယ်ဖို့စားသောက်ဆိုင်တွင် တည်းနေကြောင်း လုရှောင်ဖုန့်သိ၏။

သို့သော် သူတို့ရောက်ရှိသွားချိန်တွင် ရယ်လင်ရင်းမရှိတော့ချေ။ သတင်းတစ်ခုကိုသာ ကြားလိုက်ရ၏။

"ရယ်လင်ရင်းက သူ့အစ်ကိုရဲ့အလောင်းကို မြေမြှုပ်ဖို့ထွက်သွားပြီ"

စားသောက်ဆိုင်စားပွဲထိုးလေးက ဆက်၍....

"သူနဲ့အတူ တိဘက်ဘုန်းကြီးနှစ်ပါးပါသေးတယ်၊ ထွက်သွားတာ သိပ်မကြာသေးဘူး"

"ဘယ်နေရာကိုသွားကြတာလဲ"

"ထင်းချန်ကုန်း"

ထင်းချန်ကုန်းမှာ မြို့နှင့်အတော် အလှမ်းဝေး၏။

ထိုနေရာတွင် အလောင်းများကို မီးသင်္ဂြိုလ်သော အဆောင်ကြီးတစ်ခုရှိသည်။

ထိုအဆောင်ထဲတွင် မီးသင်္ဂြိုလ်ရန်ယူလာသောအလောင်းများကို ၂ ပေ အကျယ်ရှိပြီး သုံးပေအမြင့်ရှိသောသေတ္တာထဲတွင် လူသေကောင်ကိုကွေး၍ ထည့်ထားရ၏။

ပြီးနောက် သက်ဆိုင်သူက မီးသင်္ဂြိုလ်ခ ကြေးငွေပေးလိုက်



သည်နှင့် မီးသင်္ဂြိုလ်လေတော့သည်။

လုရှောင်ဖုန့်က ထိုအကြောင်းကို ကောင်းစွာသိ၏။ ထို့ကြောင့် သူသည် အချိန်မီရောက်ရန် လောဆော်လိုက်၏။

"တို့အမြန်လိုက်သွားမှဖြစ်မယ် စီးမင်းချေးရှက်ရေ"

## (ဆယ့်တစ်)

ညသည် ပို၍နက်ရှိုင်းလာ၏။

အဆောင်ကြီးထဲတွင်ရှိသော မီးခွက်ကလေးမှာ အမယ်အို မျက်လုံးကဲ့သို့ အလင်းရောင်မှေးမှိန်လှ၏။

အပြင်ဘက်တွင်မူ လေမှာ အေးမြလန်းဆန်းနေသော်လည်း အဆောင်ထဲသို့ဝင်လိုက်သည်နှင့် အလွန်ပုပ်ဟောင်သော အနံ့အသက်များကိုသာ ရှူရှိုက်နေရ၏။

လူသေကောင်၏ အပုပ်နံ့များပင်။

တချို့သေတ္တာတွင်မူ သွေးများ ယိုစိမ့်လက်ရှိနေ၏။ နီညို



ရောင်သွေးများက သေတ္တာကြားမှဖြည်းညင်းစွာ တစ်စက်ချင်း စိမ့်ထွက်လာနေပါ၏။

ဤလိုနေရာမျိုးသို့ လုရှောင်ဖုန့်ရောက်လာသောအခါ ကြက်သီးမွေးညင်း ထချင်လာ၏။

"အလောင်းတွေကို မီးသင်္ဂြိုလ်တာက အဆောင်ရဲ့အနောက်ဘက်မှာပဲ ဟိုမှာပဲ မီးသင်္ဂြိုလ်ဖို့မီးဖိုရှိတာ"

"မင်းသိတာ မနည်းပါလား"

စီးမင်းချွေးရှက်က ဝင်ပြောလိုက်၏။

ထိုစဉ်ရုတ်တရက် အဆောင်၏အနောက်ဘက်မှ အေးစက်သောအသံတစ်သံ ထွက်ပေါ်လာ၏။

"မီးဖိုက တစ်ခုတည်းရှိပေမယ့် မင်းတို့လေးယောက်ကို အရှင်လတ်လတ် တစ်ပြိုင်တည်း မီးသင်္ဂြိုလ်လို့ရတယ်ဟေ့"

ထူးဆန်းသောအသံ... ထူးဆန်းသောလူ။

လုရှောင်ဖုန့်တို့နှစ်ယောက် နောက်ဘက်သို့ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

သူတို့ထက် စော၍ရောက်နှင့်နေသောသူများကား တိ

ဘက် ဘုန်းကြီးနှစ်ပါးပင် ဖြစ်ပါ၏။

သို့သော် နှစ်ပါးစလုံးပင် မျက်နှာကို မျက်နှာဖုံးစွပ်ထားကြသည်။

ထို့ပြင် သူတို့၏ဘယ်ဘက်လက်မောင်းတွင် သံကွင်းကိုးကွင်းစွပ်ထားပြီး သံကွင်းများ၏လက်ကိုင်နေရာမှလွဲလျှင် ကျန်ဘေးပတ်ပတ်လည်တွင် ဆူးချွန်များဖြင့် ပြည့်နှက်နေပါ၏။

လုရှောင်ဖုန့်က တစ်ချက်မျှ ရယ်မောလိုက်ပြီး ခနဲ့သောလေသံဖြင့်....

"ဘုန်းကြီးက ဂဏန်းမတွက်တတ်ဘူးထင်တယ်... ကျုပ်တို့နှစ်ယောက်ထဲရှိတာပဲ... လေးယောက်မှမဟုတ်တာ"

"ရှေ့မှာနှစ်ယောက်... နောက်မှာနှစ်ယောက် စုစုပေါင်းလေးယောက်"

"နောက်က နှစ်ယောက်က ဘယ်သူလဲ"

လုရှောင်ဖုန့်က နားမလည်ဟန်ဖြင့် မေးလိုက်၏။

တိဘက်ဘုန်းကြီးတစ်ပါးက ကောက်ကျစ်သောအပြုံးတစ်ချက်ပြုံး၍....

"မင်းတို့နဲ့အတူတူ ငရဲပြည်ကိုသွားမယ့်လူပေါ့"

လုရှောင်ဖုန့်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"ကျုပ် ငရဲပြည်ကိုမသွားချင်ဘူး... ဟိုမှာ ကျုပ်သူငယ်ချင်း



လဲ မရှိပါဘူး"

ထိုစဉ်တစ်ယောက်က ရုတ်တရက်....

"သတ်"

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

ရုတ်ခြည်းပင် တိဘက်ဘုန်းကြီးနှစ်ပါးစလုံး သံကွင်းများကို ကိုင်ဆောင်ရင်း ခုန်အုပ်ရန် ဟန်ပြင်လိုက်၏။

ထိုအခိုက် စီးမင်းချွေးရှက်က လုရှောင်ဖုန့်အား လှမ်းမေးလိုက်၏။

"သူတို့နှစ်ယောက်စလုံးက တိဘက်ဘုန်းကြီးတွေပဲလား"

"ဟုတ်တယ်လေ"

"တိဘက်ဘုန်းကြီးက မင်းရဲ့တာဝန်လေ"

"မင်းကကော"

စီးမင်းချွေးရှက်က ခနဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ရုတ်တရက်ဓားကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်၏။

ဓားရောင်တစ်ချက် လျှပ်တစ်ပြက် လက်သွား၏။ သို့သော်သူသည် ရှေ့သို့မထိုးဘဲ သူ့ဘေးရှိသစ်တောထဲသို့သာ ဆတ်ခနဲ ထိုးထည့်လိုက်၏။

မည်သူမျှ စီးမင်းချွေးရှက်တစ်ယောက် ဓားဆွဲထုတ်ရာတွင် ဘယ်မျှမြန်သည်ကို မခန့်မှန်းကဲ့သို့ မည်သူမှလည်း ယခုကဲ့သို့ ဓား

ဖြင့်သေတ္တာကို ထိုးလိမ့်မည်ဟု မထင်မိပေ။

ထိုအချိန်တွင်ပင် ဖောက်ခနဲ အသံတစ်ချက်ထွက်ပေါ်လာပြီး ဘေးနားရှိ သေတ္တာတစ်ခုထဲမှ ဓားတစ်ချောင်းကမြွေဆိုးသဖွယ် ရုတ်တရက် လုရှောင်ဖုန့်၏နံကြားသို့ ရောက်ရှိလာ၏။

ဓားမှာ မြန်ဆန်လွန်းသလို ရက်လည်း ရက်စက်လွန်းလှ၏။ မမျှော်လင့်နိုင်အောင်လည်း ဖြစ်ရ၏။

လူသေထည့်သောသေတ္တာကို မည်သူက သတိထားမိပါမည်နည်း။

သို့သော် လုရှောင်ဖုန့်က သူတို့ထက် ပါးနပ်၏။ သတိလည်းရှိ၏။ လျင်၏။

သူ့လက်သည် ရုတ်တရက် လှုပ်ရှားသွားပြီး လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းက ရုတ်တရက် ကတ်ကြေးသဖွယ် ဓားကို ညှပ်ထားလိုက်၏။

ယင်းပညာရပ်သည် သူ၏ပြိုင်စံရှားသည့် သိုင်းပညာဖြစ်၏။ ဘယ်သူကမျှ သူလိုလက်အနုတ် အသိမ်း အညှပ် မမြန်ကြပေ။

ထိုအချိန်၌ပင် စီးမင်းချွေးရှက်၏ဓားမှာ သူ့ဘေးရှိသေတ္တာထဲသို့ဝင်သွားလေပြီ။

ရုတ်တရက် စူးဝါးသောအော်သံတစ်ချက်ထွက် ပေါ်လာပြီးနောက် သေတ္တာမှာ ဝုန်းခနဲပေါက်ကွဲသွားပြီး လူတစ် ယောက်ခုန်



ထွက်လာ၏။

နက်ပြောင်သောအင်္ကျီဝတ်ထားသည့် ပိန်ပိန်ပါးပါးလူတစ်ယောက်ကဓားကိုင်၍ ရုတ်တရက် ခုန်ထွက်လာခြင်းဖြစ်၏။

လုရှောင်ဖုန့်က သက်ပြင်းချ၍....

"လက်စသတ်တော့ သူတို့ကလေးယောက်ကိုး"

စီးမင်းချွေးရှက်က အေးစက်စွာဖြင့်....

"လူက လေးယောက်... ဒါပေမယ့် မျက်လုံးခုနစ်လုံး"

သေတ္တာထဲမှ ခုန်ထွက်လာသော အင်္ကျီနက်ဝတ်လူ၏ ဘယ်ဘက်မျက်လုံးမှာ ထိုးဖောက်ခံလိုက်ရ၏။ မျက်လုံးတစ်ဖက်သာ ကျန်တော့သည်။

ထိုအချိန်တွင်ပင် ထိုသူသည် အရူးတစ်ယောက်ပမာ ဓားဖြင့် လျှပ်တစ်ပြက်အတွင်း ကိုးချက်တိတိ စီးမင်းချွေးရှက်အား ထိုးလိုက်၏။

သို့သော် သူ့၏လက်နက်က ဓားဖြစ်နေပြီး သူ၏ပြိုင်ဘက်က ပြိုင်ဘက်ကင်းဓားသမားစီးမင်းချွေးရှက်ဖြစ်နေသဖြင့် ထိုဓားကိုးချက်စလုံးကို စီးမင်းချွေးရှက်က အသာတကြည်ပင် ရှောင်တိမ်းနိုင်လိုက်၏။

စီးမင်းချွေးရှက်က လေသံအေးအေးဖြင့်....

"ငါက လူမသတ်ချင်ဘူး... ဒါပေမယ့်...."

စကားသံမဆုံးမီပင် ဓားရောင်တစ်ချက်လက်သွား၏။

အကျီနက်နှင့်လူမှာ ရုတ်တရက် တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

ကျောက်ရုပ်အလား ထိုနေရာ၌ပင် ရပ်နေပြီး ပါးစပ်ဟ၍ မျက်လုံးပြူးထွက်နေ၏။

သွေးစက်ကလေးများ သူ၏လည်မျိုမှ အနည်းငယ်စိမ့်ထွက်လာ၏။

ပြီးမှ အကျီနက်နှင့်လူမှာ'ဝုန်း'ခနဲ လဲကျသွားလေတော့သည်။

လုရှောင်ဖုန့်က သူ့လက်ချောင်းကြားမှဓားဖျားကိုကြည့်လိုက်၏။ သေတ္တာထဲတွင်လှုပ်ရှားမှု မရှိသေးချေ။

"ဒီသေတ္တာထဲကလူကတော့ တိဘက်ဘုန်းကြီးဖြစ်မှာ မဟုတ်ဘူးဟေ့"

စီးမင်းချွေးရှက်က ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပြီး....

"မှန်တယ်"

"ငါက မင်းအတွက် ဓားတစ်ချောင်းကိုင်ပေးထားရတယ်ဆို



တော့ မင်းကလဲ ငါ့အတွက် ဘုန်းကြီးတစ်ပါးကိုတော့ တာဝန်ယူရှင်းပေးသင့်တာပေါ့"

"အား ဖြစ်ပါတယ်"

သူကပြောရင်း ရုတ်တရက် ကောက်ကျစ်စွာ ပြုံးတတ်သော တိဘက်ဘုန်းကြီးထံသို့ ခုန်ဝင်လိုက်၏။ သူက ယင်းဘုန်းကြီး၏ရယ်ပုံကို လုံးဝသဘောမကျချေ။

ထိုတိဘက်ဘုန်းကြီးက ရုတ်တရက် စူးတို့ဖြင့် ပြည့်နှက်နေသောလက်ထဲမှ သံကွင်းများကိုဝှေ့ယမ်းလိုက်၏။

သံကွင်းလက်နက်မှာ ဓားကိုထိန်းချုပ်၍ အကောင်းဆုံးသောလက်နက်ဖြစ်၏။

ဓားသာသံကွင်းထဲသို့ဝင်မိလျှင် ချက်ချင်းဓားကို ရိုက်ချိုးပစ်နိုင်၏။

ယခု ဤတိဘက်ဘုန်းကြီးသည် ယင်းနည်းကိုအသုံးပြုလိုက်ဟန်တူ၏။

ဓားရောင်လက်သွားသည်နှင့် ဓားမှာ သူ့သံကွင်းကြားထဲသို့ ဝင်လာ၏။

ဘုန်းကြီးက ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး ရုတ်တရက် သံကွင်း ၂ ခုကိုရိုက်လိမ်ချလိုက်၏။

သူက စီးမင်းချွေးရှက်၏ဓားကိုချိုးရန် ဟန်ပြင်လိုက်ခြင်း

ပင်။

"ကျိုးစမ်းကွာ"

သူ့နှုတ်မှ ဤစကားလုံးများ ထွက်မလာချေ။ အကြောင်းကား သူပြောရန်စိတ်ကူးလိုက်ချိန်တွင်ပင် စီးမင်းချွေးရှက်၏ဓားဖျားက သူ့လည်မျိုနားသို့ရောက်ရှိနေပြီ မဟုတ်ပါလား။

မှန်သည်။ အေးစက်သောဓား။

ထိုဓားက ယခု သူ့၏လည်မျိုထဲသို့အေးစက်စွာ တိုးဝင်သွားသည်ကို သူ ခံစားသိရှိလိုက်ရပြီလေ။

ထို့နောက်တွင်တော့ သူက ဘာကိုမျှမသိတော့ချေ။ သူသည် နောက်ထပ် ကောက်ကျစ်စွာရယ်မောခြင်းကို ဘယ်သောအခါမျှ မပြုနိုင်ပါတော့။

အဘယ်ကြောင့်ဟူမူ စီးမင်းချွေးရှက်က သူ၏ရယ်မောသံကို မကြိုက်သဖြင့် သူနောက်ထပ်မရယ်နိုင်အောင် သူ့လည်ချောင်းကို ဖောက်ပစ်လိုက်ပြီမဟုတ်ပါလား။

ကျန်တိဘက်ဘုန်းကြီးတစ်ပါးမှာ မျက်နှာပျက်နေ၏။
စီးမင်းချွေးရှက်က လုရှောင်ဖုန့်ကိုလက်ညှိုးထိုး၍....



"မင်းကတော့ သူ့အတွက်"

ထိုတိဘက်ဘုန်းကြီးက တစ်ချက်ကြောင်သွား၏။ သို့သော် သူက စီးမင်းချွေးရှက်၏စကားကိုတော့ နားထောင်လိုက်၏။

သူကချက်ချင်းပင် လုရှောင်ဖုန့်ထံသို့ ခုန်အုပ်လိုက်၏။

လုရှောင်ဖုန့်၏လက်တစ်ဖက်မှာ ထိုးထွက်နေသောဓားကို ညှပ်ထားလျက်ရှိရာ လုရှောင်ဖုန့်က မဲ့ပြုံးပြုံး၍....

"မင်းအတော် လည်သားပဲ"

ရုတ်တရက် တိဘက်ဘုန်းကြီးက ဘယ်ဘက်လက်မောင်းကိုဝှေ့ယမ်းလိုက်၏။

ထိုလက်မောင်းတွင် စွပ်ထားသော သံကွင်းကိုးကွင်းစလုံးမှာ စူးရှသောလေတိုးသံနှင့်အတူ ပန်းကန်ပြားပုံအလား အဘက်ဘက်မှဝဲပျံ၍ လုရှောင်ဖုန့်၏ကိုယ်ပေါ်သို့ ကျရောက်လာ၏။

ထိုဘုန်းကြီးက သံကွင်းကိုးကွင်းကို ပစ်လွှတ်လိုက်ပြီးသည်နှင့် ချက်ချင်းပင် နောက်ကျွမ်းထိုး၍ထွက်ပြေးလေတော့၏။

ထိုအချိန်တွင် စီးမင်းချွေးရှက်က သူ့ဓားကို ဓားအိမ်ထဲသို့ သွင်းထားလိုက်ပြီဖြစ်ပါ၏။

သူက လက်ကိုနောက်ပစ်၍တိုက်ပွဲကို အေးဆေးစွာ ရပ်ကြည့်နေ၏။

ယင်းတိုက်ပွဲက သူနှင့်ဘာမျှမသက် ဆိုင်သလိုပင် နေလိုက်

၏။

ထိုစဉ် 'တန်း' 'တန်း'အသံများ ကိုးချက်ဆက်တိုက်ကြား လိုက်ရပြီး လုရှောင်ဖုန့်က သံကွင်းများကိုလက်ချောင်းဖြင့် တောက်ချ လိုက်၏။

ဤမျှလောက်ပြင်းထန်ပြီး ကြောက်စရာကောင်းလှသော လက်နက်များသည် ယခုမူ လုရှောင်ဖုန့်၏လက်ထဲတွင် ကလေးက စားစရာသဖွယ် ဖြစ်နေတော့၏။

ထိုစဉ် ရုတ်တရက် လုရှောင်ဖုန့်၏ ဓားညှပ်ထားသောလက် က တစ်ချက်ယမ်းခါလိုက်၏။

သေတ္တာထဲမှထိုးထွက်နေသောဓားမှ ဓားဖျားလေးမှာ တစ် လက်မခန့် ကျိုးသွားပြီး ထိုဓားကျိုးကအပြင်သို့ ရောက်လုလုဖြစ်နေ သော တီဘက်ဘုန်းကြီး၏နောက်ကျောသို့ လျှပ်တစ်ပြက် စိုက်ဝင် သွားတော့သည်။

ထိုဓားကျိုးပိုင်းလေး၏အရှိန် ဘယ်မျှပြင်းထန်သည်။ ဘယ် မျှမြန်သည်ကိုမူ မည်သူကမျှ မပြောနိုင်ချေ။ ယုံလည်း မယုံကြည် နိုင်စဖွယ် ဖြစ်နေသည်။

တီဘက်ဘုန်းကြီးမှာမူ အော်ပင် မအော်လိုက်ရဘဲ မြေပေါ် သို့ပစ်လဲကျသွားပြီး အသက်ထွက်သွားရှာသည်။

ထိုအချိန်တွင် စီးမင်းချွေးရှက်က ရုတ်တရက် လှမ်းပြော



လိုက်၏။

"လုရှောင်ဖုန့် မင်းရဲ့လက်ကိုရောင်းမလား"

"မင်းက ဘာနဲ့ဝယ်မှာလဲ"

"တစ်ခါတလေ ငါက မင်းရဲ့လက်ချောင်းကို ငါရဲ့လက် ချောင်းနဲ့တောင် လဲလိုက်ချင်စိတ်ပေါက်လာတယ်"

လုရှောင်ဖုန့်က သဘောကျဟန်ဖြင့် ရယ်လိုက်ပြီး ဖြည်း ညင်းစွာဖြင့်....

"မင်းရဲ့ဓားသိုင်းက သိပ်တော်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် မင်းရဲ့လက်ချောင်းတွေကတော့ အလွန်ဆုံး ငါရဲ့ခြေ ချောင်းနဲ့ပဲလဲလို့ ရမယ်"

အခုအချိန်ထိ သေတ္တာထဲမှလူမှာလှုပ်ရှားခြင်း မရှိသေးချေ။

လုရှောင်ဖုန့်က သေတ္တာကိုတစ်ချက်ခေါက်၍....

"မင်းက ဒီသေတ္တာထဲမှာပဲ တစ်သက်လုံး နေသွားတော့မှာ လား"

သေတ္တာထဲမှအသံထွက်ပေါ်လာခြင်း မရှိပေ။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ရုတ်တရက် လက်ဝါးစောင်းဖြင့် သေတ္တာကိုတစ်ချက်ရိုက်လိုက်၏။ သေတ္တာမှာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားသည်။

သေတ္တာထဲတွင် လူရှိနေ၏။ သို့သော်လှုပ်ရှားခြင်းတော့ မ

ရှိပေ။ မျက်ရည်၊ နှာရည်၊ သွားရည်၊ တစ်ကိုယ်လုံးရှိ အရည်များ ယိုထွက်လာနေ၏။ မစင်ကြီး မစင်ငယ်များလည်း ထွက်နေ၏။

"လက်စသတ်တော့ ဒီလူက လန့်ဖြန့်ပြီး သေသွားတာကိုး"

လုရှောင်ဖုန့်က သက်ပြင်းချလိုက်၏။ သူက မေးမြန်းရန် လူတစ်ယောက်ရှိနေသေးသည်ထင်၍ တံဘက်ဘုန်းကြီးကိုရှင်းပစ်လိုက်ခြင်း ဖြစ်၏။

သို့သော် ယခုမူ သဲလွန်စပြတ်သွားပြီဖြစ်သည်။

ထိုစဉ် စီးမင်းချွေးရှက်က လှမ်း၍ သတိပေးလိုက်၏။

"နောက်ဘက်မှာလူနှစ်ယောက် ကျန်သေးတာကို မမေ့နဲ့ဦး"

နောက်ဘက်မှလူနှစ်ယောက်ဆိုသည်မှာ မည်သူတွေနည်း။

သူတို့အပြေးအလွှား ဝင်ကြည့်လိုက်၏။ တစ်ယောက်က လူသေ။ တစ်ယောက်က အသက်ရှင်လျက်လူ။

သေသောသူမှာ မလှုပ်နိုင်သလို ရှင်သောသူလည်း မလှုပ်ရှားနိုင်ဖြစ်နေ၏။

သေသောသူမှာ ကျန်းရင်းဖုန်းဖြစ်ပြီး ရှင်နေသောသူမှာ ရယ်လင်ရင်းဖြစ်နေလေသည်။

ဘဝင်မြင့်လှသောလူငယ်မှာ အခုချိန်တွင်တော့ လူသေတစ်ယောက်လို မီးဖိုဘေးတွင်လဲလျောင်းလျက်ရှိနေပြီး အရှင်လတ်လတ်



မီးသဂြိုလ်ရန် စောင့်ဆိုင်းနေရ၏။

လုရှောင်ဖုန့်က သူ့ကိုပွေ့ထူလိုက်၏။ သူသည် အကြောပိတ်ခံလိုက်ရ၍ မလှုပ်ရှားနိုင်ခြင်းဖြစ်၏။

စီးမင်းချွေးရှက်၏ အေးစက်သောမျက်နှာကို တွေ့ရသောအခါ လူးလဲထရန် ကြိုးစားလိုက်၏။

ပြီးမှ သူက....

"မင်းက ဘယ်သူလဲ"

"စီးမင်းချွေးရှက်"

ရယ်လင်ရင်း၏မျက်နှာမှာတွန့်ရှုံ့သွားပြီး ပြန်၍လဲကျသွားပြန်၏။

သူက သက်ပြင်းချကာ....

"မင်း ငါ့ကိုသတ်ဖို့လိုက်လာတာပေါ့ ဟုတ်လား"

စီးမင်းချွေးရှက်က ခနဲ့ပြုံးပြုံးလိုက်၏။

ရယ်လင်ရင်းက အံကြိတ်၍...

"မင်း ဘာဖြစ်လို့ ငါ့ကိုမသတ်သေးတာလဲ... ဘာဖြစ်လို့ ငါ့ကိုကယ်ရတာလဲ"

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလျက်....

"သူက မင်းကိုအစထဲကသတ်ဖို့မှ မရည်ရွယ်တာ၊ မင်းကသာ သူ့ကိုသတ်ချင်နေတာ"

ရယ်လင်ရင်းက ခေါင်းငုံ့သွား၏။ သူ့ကိုကြည့်ရသည်မှာ သေရသည်ထက်ပင် အခံရခက်နေပုံရ၏။

စီးမင်းချေးရှက်က ရုတ်တရက် မေးလိုက်၏။

"သူတို့က မင်းဖိတ်ခေါ်ထားတဲ့လူတွေပဲ... ဘာဖြစ်လို့ မင်းကို သူတို့က ပြန်သတ်ချင်ရတာလဲ"

ရယ်လင်ရင်းက အံကိုတင်းတင်းကြိတ်၍....

"သူတို့ကို ငါဖိတ်ခေါ်တာ မဟုတ်ဘူး၊ သူတို့ဘာသာ ငါ့ကို လာရှာတာ"

"သူတို့က မင်းကိုကူညီပြီး ကလဲ့စားချေပေးမယ်လို့ သူတို့ဘာသာ လာပြောတာပေါ့ဟုတ်လား"

ရယ်လင်ရင်းက ခေါင်းညိတ်လိုက်ပြီး....

"သူတို့ပြောသေးတယ်... သူတို့က ငါ့ဆရာရဲ့ငယ်သူငယ်ချင်းဟောင်းတွေပဲ"

လုရှောင်ဖုန့်က အပြစ်တင်သံနှင့်ဝင်မေးလိုက်၏။

"ဒါနဲ့မင်း ယုံသွားရောလားကွ"

ရယ်လင်ရင်းက ခေါင်းငုံ့လိုက်၏။ သူသည် လူငယ်ဖြစ်၏။ သိုင်းလောက၏ ပရိယာယ်မာယာများ လှည့်ကွက်များကို သူမသိ နားမလည်သေးပေ။ အတွေ့အကြုံ နုနယ်သေး၏။

အတွေ့အကြုံရင့်ကျက်လှသော လုရှောင်ဖုန့်တို့လိုလူစား



များပင် ဟစ်ခါတစ်ရံ အနှပ်ခံရသေး၏။

လုရှောင်ဖုန့်က မဲ့ပြုံးပြုံးလျက်....

"မင်း သိရဲ့လား... သူတို့က ဘာဖြစ်လို့ မင်းကိုသတ်ချင်တယ်ဆိုတာ"

ရယ်လင်ရင်းက တစ်ချက်တွေးလိုက်ပြီးမှ....

"သူတို့ ဒီကိုရောက်လာတာနဲ့ချက်ချင်း ငါ့ကိုအကြောပိတ်လိုက်တော့တာပဲ၊ ငါ လဲမကျခင်တုန်းက သူတို့စကားတစ်ခွန်းပြောလိုက်တာကို ငါကြားလိုက်ရသလိုပဲ"

"ဘာစကားလဲ"

"သူတို့ပြောတာက ငါတို့က မင်းကိုသတ်ချင်လို့ သတ်တာမဟုတ်ဘူးတဲ့ ဟိုဖယောင်းရုပ်သုံးရုပ်ကြောင့် မင်းကိုသတ်ရတာပဲ"

"ဘာဖယောင်းရုပ်လဲ"

"အစ်ကိုကြီး ကျန်းရင်းဖုန်းက ဂိုဏ်းတူခုနစ်ယောက်ထဲမှာ သူက အတော်ဆုံးပဲ၊ နောက်ပြီး သူ့လက်ချောင်းတွေကသိပ်ပြီး ကျွမ်းကျင်လိမ္မာတာပဲ၊ သူက လူတစ်ယောက်ကိုကြည့်ရင်း လက်ကိုအကျႌစထဲဝှက်ပြီး ဖယောင်းနဲ့ရုပ်ပုံတူကိုတထေရာတည်းတူအောင် လက်နဲ့ပုံဖော်နိုင်တယ်"

"သူက နေပြည်တော်မှာကျော်ကြားနေတဲ့ ဖယောင်းတိုင်ဆရာကြီး ကျန်းကျားတို့အိမ်ကနဲ့ဘာတော်သလဲ"

လုရှောင်ဖုန့်က သူသိလိုသည်ကိုဖြတ်မေးလိုက်၏။

"ကျွန်းကျွားဟာ သူ့အဖေ အရင်းခေါက်ခေါက်ပဲပေါ့၊ နေပြည်တော်မှာ အစ်ကိုကြီးကျန်းရင်းဖုန်းနဲ့သိကျွမ်းတဲ့လူ မနည်းပါဘူး"

"အင်း... ဒါကြောင့် သူက မားကိုးနဲ့သိတာကိုး"

လုရှောင်ဖုန့်က တွေးရင်း မှတ်ချက်ချလိုက်၏။

"အခု ကျွန်တော် သူ့ရဲ့အလောင်းကိုစစ်ဆေးကြည့်တော့မှ သူ့အိတ်ထဲမှာဖယောင်းရုပ် သုံးရုပ်ထွက်ကျလာတာကိုတွေ့ရတယ်"

"အခု ဒီဖယောင်းရုပ်တွေကော"

လုရှောင်ဖုန့်က ချက်ချင်းမေးလိုက်၏။

ရယ်လင်ရင်းက သူ့ကိုယ်ကိုတစ်ချက်ပုတ်ရင်း ဖြေလိုက်သည်။

"ကျွန်တော့်ကိုယ်ပေါ်မှာ ရှိပါတယ်... ဒါပေမယ့် ကျွန်တော့်ဆီမှာရှိတယ်ဆိုတာ ဘယ်သူမှမသိပါဘူး"

ရယ်လင်ရင်းက အရုပ်သုံးခုကိုထုတ်ယူလိုက်၏။

လုရှောင်ဖုန့်က ယူကြည့်လိုက်သည်။ သူက နှစ်ရုပ်ကိုသိ၏။ ဝမ်ကျိုးကွမ်းနှင့်မားကိုးတို့ဖြစ်၏။

သို့သော်တတိယအရုပ်မှာမူ အဖိခံရ၍ပြားချပ်နေ၏။

လုရှောင်ဖုန့်သည် အရုပ်သုံးရုပ်ကို အသေအချာ စစ်ဆေးကြည့်ပြီးနောက် တွေးတွေးဆဆဖြင့် ပြောလိုက်သည်။



"ဒီအရုပ်သုံးခုက မသေခင်မှာလုပ်ထားတာ ဖြစ်မှာပဲ... ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ဒီလူသုံးယောက်က သူ့ကို သတ်လိမ့်မယ်ဆိုတာ သူကြိုသိပြီးသား ဖြစ်ရမယ်"

စီးမင်းချွေးရှက်က ဝင်မေးလိုက်၏။

"မင်းဆိုလိုတာက ဒီသုံးယောက်က သူ့ကိုသတ်တဲ့လူလား"

"ဟုတ်တယ်"

"ဒါဖြင့်ရင် သူသေရတော့မှန်းသိလို့ သူ့ဂိုဏ်းကလူတွေကို သူ့ကိုသတ်တဲ့လူက ဘယ်သူတွေလဲဆိုတာသိအောင် သူက လုပ်ပေးထားတာပေါ့"

"ဟုတ်တယ်"

"ဒါပေမယ့် ဒီလိုသေရေးရှင်ရေးဖြစ်နေတဲ့အချိန်မှာ သူက ဘယ်ကနေ အရုပ်လုပ်ဖို့ ဖယောင်းရှာနိုင်မှာလဲ"

"သူရှာဖို့ မလိုပါဘူး"

စီးမင်းချွေးရှက်၏မေးခွန်းကို ရယ်လင်ရင်းက ဖြေလိုက်၏။

"ဘာဖြစ်လို့လဲဆိုရင် သူ့ကိုယ်မှာ အမြဲတမ်းဖယောင်းတုံးကြီးတစ်တုံး ဆောင်ထားလေ့ရှိတယ်၊ အလုပ်မရှိတဲ့အချိန် အားလပ်တဲ့အချိန်မှာ သူက ဖယောင်းတုံးကိုထုတ်ပြီး လက်နဲ့ညှစ်ကစားတော့တာပဲ"

လုရှောင်ဖုန့်က သက်ပြင်းချ၍....

"အင်း... ဒါကြောင့် ပညာတစ်ခုဆိုတာက ဘယ်နည်းနဲ့မှမလေ့ကျင့်ဘဲနဲ့ မကျွမ်းကျင်နိုင်ဘူး"

လုရှောင်ဖုန့်က စီးမင်းချွေးရှက်ဘက်သို့လှည့်၍....

"ကျန်းရင်းဖုန်းက မားကိုးကို အပျိုထိန်းဂေဟာကိုခေါ်သွားနိုင်တာက တကယ်တော့ မင်းကိုရှာမလို့ဘဲ"

"ဒါပေမယ့် သူက မမျှော်လင့်ဘဲ ဝမ်ကျုံးကွမ်းနဲ့မားကိုးတို့ရဲ့ လျှို့ဝှက်ချက်ကိုတွေ့သွားခဲ့တာ ဖြစ်ရမယ်"

"ဟုတ်တယ်... ဒါကြောင့် သူနှုတ်ပိတ်ခံလိုက်ရတာနေမှာပေါ့"

"ဝမ်ကျုံးကွမ်းနဲ့မားကိုးတို့ရဲ့သိုင်းပညာက မဖြစ်စလောက်ပါ၊ ဒါပေမယ့် တတိယတစ်ယောက်ကတော့ သိပ်ကြောက်စရာကောင်းအောင် တော်လိမ့်မယ်"

"အင်း... ဒါကြောင့် ကျန်းရင်းဖုန်းက သူသေရတော့မယ်မှန်းသိလို့ တိတ်တဆိတ် ဒီအရုပ်သုံးခုကိုလုပ်လိုက်ပြီး သူ့အလောင်းကိုတွေ့ရင် သူ့ကိုသတ်တဲ့လူသိအောင်ဆိုပြီး အရုပ်တွေကို သူ့ကိုယ်ပေါ်မှာ ဝှက်ထားခဲ့တာ ဖြစ်မယ်"

ကျန်းရင်းဖုန်းသည် တတိယလူကိုသိဟန်တူသည်။ သို့သော် အခြားသူတွေအနေဖြင့် ဘယ်သူမျှ တတိယတစ်ယောက်ကို လူသတ်တရားခံဟု ထင်မှတ်ကြလိမ့်မည်မဟုတ်ကြောင်း သူသိသည်။

ဒါကြောင့် သူက ဒီဖယောင်းရုပ်ဖြင့် အလျင်အမြန် ပြုလုပ်ပေးလိုက်ရခြင်းဖြစ်သည်။

ယင်းကိုကြည့်ခြင်းအားဖြင့် သူတို့သုံးဦး၏ လျှို့ဝှက်ချက်မှာ အလွန်ကြောက်စရာကောင်းသော လျှို့ဝှက်ချက်ဖြစ်ကြောင်း သိသာထင်ရှားလှ၏။

လုရှောင်ဖုန့်က ဆက်လက်၍....

"သူတို့က နဂိုကတည်းက မင်းအပေါ် အပြစ်ပုံချချင်တော့ သူတို့က အလောင်းကိုမြင်းဖြူပေါ်တင်ပြီး အပြင်ကိုမောင်းထုတ်လိုက်တော့တာပဲ၊ ဒီလိုနဲ့ဝါမေဂိုဏ်းကလူတွေနဲ့ ပဋိပက္ခဖြစ်အောင် အထင်မှားအောင် လုပ်လိုက်တော့တာပဲ"

ယခုအချိန်တွင် ယခင်က မကျေလည်ခဲ့သော ပြဿနာများအားလုံး ရှင်းလင်းသွားပြီဖြစ်ပါ၏။

သို့သော် အရေးကြီးသောပြဿနာကိုမူ သူတို့မသိကြသေးပေ။

အကြောင်းမူ တတိယဖယောင်းရုပ်ပုံမှာ ပြားချပ်သွားသဖြင့် ရုပ်လုံးမပေါ်တော့ချေ။

ဤတတိယလူသည် မည်သူနည်း။

ယင်းမေးခွန်းကို သူတို့အားလုံးသိလိုကြ၏။ ပြီး ထိုတတိယ

လူက ယောကျ်ားအပျိုထိန်းဂေဟာထဲဝင်ပြီး ဝမ်ကျုံးကွမ်းနှင့်ဆွေးနွေးသောကိစ္စမှာ ဘာကိစ္စများနည်း။

ဤလျှို့ဝှက်ချက်တွေက မနက်ဖြန်ညတွင် ကျင်းပမည့်ဓားပြိုင်ပွဲနှင့်သက်ဆိုင်မှု ရှိနေပါသလား။

စီးမင်းချွေးရှက်က ထိုပြားချပ်နေသောဖယောင်းရုပ်ကို အသေအချာ ကြည့်ပြီးနောက်....

"ဘာပဲဖြစ်ဖြစ် ဒီလူက ဘုန်းကြီးတော့မဟုတ်ဘူး... ဒီလူမှာ ဆံပင်ရှိနေတယ် မဟုတ်လား"

"အေး ဟုတ်တယ်၊ နောက်ပြီး ဒီလူကိုကြည့်ရတာ အတော်ဝသလိုပဲ"

"ဝတာ မဟုတ်ဘူးကွ... အဖိခံလိုက်ရလို့ ပြားချပ်ပြီး ဝသလို ဖြစ်သွားတာ"

"သူ့မှာမုတ်ဆိတ်မွေး ရှိတယ်... သိပ်တော့မရှည်ဘူး"

"အသက်လဲ သိပ်မကြီးလှဘူးကွ"

လုရှောင်ဖုန့်က သက်ပြင်းချ၍မဲ့ပြုံးပြုံးရင်း....

"ကြည့်ရတာ တို့အားလုံးသိရသလောက်တော့ ဒီလူမှာမုတ်ဆိတ်မွေးရှိတယ်၊ လူလတ်ပိုင်းဖြစ်ပြီး မပိန်မဝတဲ့ကိုယ်လုံးရှိတယ်"

သို့သော် သူတို့ထင်မှတ်သောလူစားမျိုးက နေပြည်တော်တွင် ရေတွက်၍ပင် မကုန်နိုင်အောင်ရှိနေပါ၏။



သို့ဆိုလျှင် သူတို့ဘယ်ပုံဘယ်နည်းသွားရှာကြမည်နည်း။ ကောက်ရိုးပုံထဲက အပ်ကိုရှာ၍တွေ့ချင်တွေ့မည်။ ယင်းလူကိုတော့မူ....

လုရှောင်ဖုန့်သည် သူ့ခေါင်းကိုသာ အခါခါ ခါယမ်း၍နေမိတော့သည်။

"ဒီတိဘက်ဘုန်းကြီးနဲ့ အကျီနက်ဓားသမားနှစ်ယောက်ကို တတိယလူကလွှတ်ပြီး ရယ်လင်ရင်းကိုသတ်ခိုင်းတာ ဖြစ်ရမယ်"

စီးမင်းချွေးရှက်သည် မီးရောက်အောက်တွင် ကျန်းရင်းဖုန်း၏လည်မျိုမှဓားဒဏ်ရာကို သေချာစွာ လှေ့လာကြည့်ရင်း ပြောလိုက်၏။

"ဘယ်သူရဲ့ဓားချက်လို့ မင်းထင်သလဲ"

လုရှောင်ဖုန့်က ဝင်မေးသည်။

"ငါခန့်မှန်းလို့ မရသေးဘူး"

စီးမင်းချွေးရှက်က ဆက်လက်၍....

"ဒါပေမယ့် ဒီလိုဓားချက်မျိုးနဲ့ လူသတ်နိုင်တဲ့လူတော့ သိုင်းလောကမှာသိပ်မရှိပါဘူး"

"ကောင်းပြီ... မင်းအပြင် ဘယ်သူရှိသေးသလဲ"

"အလွန်ဆုံးရှိရင် ငါးယောက်ပဲ"

"ဘယ်သူတွေလဲ"

"ရက်ကူးချန်.. မုသောက်ရသေ့... နောက်ဆုံးတစ်ယောက်ကတော့ ငါနာမည် မသိဘူး၊ ဒါပေမယ့် သူတို့ရဲ့ စားစွမ်းရည်ကိုတော့ သိတယ်"

ထိုအချိန်တွင် ရယ်လင်ရင်းမှာ ဘေးနားတွင် ရပ်နေရာမှ ရုတ်တရက် စီးမင်းချွေးရှက်ထံလျှောက်လာပြီး သူ့ကိုအရိုအသေ တစ်ချက်ပေးလိုက်၏။

စီးမင်းချွေးရှက်က လက်ကာပြလိုက်ရင်း....

"မင်း ငါ့ကိုကျေးဇူးတင်စရာမလိုပါဘူး... မင်းအသက်ကို ငါကယ်တာ မဟုတ်ဘူး၊ ဒီတော့ မင်းအမှန်တကယ် ကျေးဇူးတင်သင့်တဲ့သူက ငါမဟုတ်ဘူး... လုရှောင်ဖုန့်ကိုသာ ကျေးဇူးတင်ပါ၊ သူကသာ မင်းရဲ့အသက်ကိုကယ်ခဲ့တာ"

ရယ်လင်ရင်းက ခေါင်းခါပြလိုက်ရင်း....

"မင်း ငါ့ကိုကယ်လို့ အရိုအသေပေးတာ မဟုတ်ပါဘူး"

သူ၏မျက်နှာတွင် ထူးဆန်းေ ာအမူအရာ ပေါ်နေ၏။

ဝမ်းနည်း၍နေသလား၊ ဝမ်းသာ၍နေသလား မသိအောင် ဖြစ်နေသည်။



"ငါ အခု မင်းကို အရိုအသေပေးရတဲ့အကြောင်းရင်းက ငါ့ရဲ့ ဂိုဏ်းတူညီမလေးကို မင်းယူလိုက်လို့ဝမ်းသာပြီး ဂါရဝပြုတာပါ"

"ဘာဖြစ်လို့လဲ"

"ငါ အခုမှ သူ့အပေါ် အထင်မှားခဲ့မှန်းသိရတော့တယ်၊ ဟိုတုန်းကတော့ ငါက သူ့ကိုအထင်သေးခဲ့တယ်လေ၊ သူက ကိုယ့်ဂိုဏ်းရဲ့ရန်သူနဲ့မှ သွားလာရတယ်လို့ပေါ့"

ရယ်လင်ရင်းက သူ့စကားကို ခဏရပ်လိုက်ပြီးနောက်ဆုံးအားတင်း၍....

"ဒါပေမယ့် အခု ငါသဘောပေါက်သွားပါပြီ၊ ရန်ငြိုးဆိုတာဟာ တကယ်တော့ ငါ့စိတ်ထဲမှာထင်နေသလို တကယ်အရေးကြီးတဲ့ ကိစ္စမဟုတ်မှန်း ငါနားလည်ပါပြီ"

သူက ရုတ်တရက် သူ့ဂိုဏ်းတူအစ်ကို၏အလောင်းကိုပွေ့ချီပြီး ထိုနေရာမှထွက်ခွာသွားလေတော့သည်။

အပြင်ဘက်တွင်မှောင်လျက် ရှိနေသေး၏။ သို့သော် မိုးလင်းရန် အချိန်နီးကပ်နေပေပြီ။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချ၍....

"လူငယ်တွေဟာ တကယ်တော့ သိပ်ချစ်စရာကောင်းတာပဲ၊ သူတို့က ဟောဟောဒိုင်းဒိုင်း လုပ်ခဲ့တယ်၊ မှားရင်လဲ ဝန်ခံရဲတယ်"

စီးမင်းချွေးရှက်၏မျက်လုံးထဲတွင်လည်း ခံစားချက်ဖြင့်ပြည့်

သစ္စာမှန်

နက်နေ၏။

"အခု ဒီရုပ်ပုံသုံးပုံထဲမှာ မားကိုးလဲ နှုတ်ပိတ်ခံလိုက်ရပြီ၊ ဒီတတိယလူကို သိနိုင်တဲ့လူက ယောကျ်ားအပျိုထိန်းခေါင်းဆောင် ဝမ်ကျုံးကွမ်းပဲ ရှိတော့တယ်"

"မင်း သူ့ကိုသွားရှာချင်လို့လား လုရှောင်ဖုန့်"

"အင်း... မရှာချင်တော့ပါဘူး၊ အခုအချိန်ဆိုရင် သူက နန်းတော်ထဲမှာရောက်နေတော့မယ်၊ ငါသွားရှာလို့တွေ့မှာ မဟုတ်တော့ပါဘူး"

လုရှောင်ဖုန့်က ပြားနေသောဖယောင်းရုပ်ကိုကြည့်ရင်း ရုတ်တရက် မျက်လုံးအရောင်တောက်ပလာပြီး....

"ဟုတ်ပြီ... ဒီပုံဟာ ဘယ်သူလဲဆိုတာသိအောင်လုပ်နိုင်တဲ့ နည်းကို ငါတွေ့ပြီ"

"ဆိုစမ်းပါဦး"

"ငါ ဖယောင်းရုပ်ဆရာကျန်းကျားကိုသွားရှာပြီး သူ့ကို ဒီ ဖယောင်းရုပ်နဂိုအတိုင်း ပြန်လုပ်ခိုင်းရင် ရမှာအမှန်ပဲ"

စီးမင်းချွေးရှက် အားတက်သွားပြီး....

"လုရှောင်ဖုန့် မင်းဟာ ဒါကြောင့် နာမည်ကြီးနေတာပဲ၊ အကျဉ်းအကျပ်ရောက်လေ မင်းဦးနှောက်ဉာဏ်ကောင်းလေပဲ"

"ဟဲ... ဟဲ... ဟဲ... ငါနဂိုထဲက မတုံးပါဘူးကွ"



လုရှောင်ဖုန့်က ရယ်၍ပြော၏။

"မင်းအခု သူ့ကိုသွားရှာတော့မလား လုရှောင်ဖုန့်"

လုရှောင်ဖုန့်က ခေါင်းခါပြပြီး အလွန်နူးညံ့ညင်သာသောအသံဖြင့်....

"ငါ အခုတွေ့ချင်တဲ့လူဟာ တစ်ယောက်ပဲရှိတယ်"

သူက ထိုလူ့နာမည်ကိုမပြောသော်လည်း စီးမင်းချွေးရှက်က သိပြီးဖြစ်၏။

အိုရန်ချင်းက လွဲလျှင် ဘယ်သူများဖြစ်နိုင်ပါဦးမည်နည်း။

ကိုးလဆယ့်ငါးရက်နေ့၏နံနက်ခင်း....။

နံနက်ဦးမို့ လူသွားလူလာကျဲနေ၏။

ထိုအချိန်တွင်ပင် လုရှောင်ဖုန့်တစ်ယောက် နှံ့သာမုန့်တိုက်အတွင်းမှဖြည်းညင်းစွာ ထွက်လာ၏။

အိုရန်ချင်းမှာမူ အဆိပ်ပြေစဖြစ်၍ အိပ်မောကျလျက်ရှိနေသေး၏။ သူသည် အိုရန်ချင်းနားတွင်သာ နေလို၏။ ပြုစုလို၏။

သို့သော် သူ့တွင်ပိုးချည်ခါးစည်းခြောက်ခုကို ဝေငှပေးရန် တာဝန်က ရှိနေသေးသည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် မနက်လင်းသည်နှင့် အပြင်သို့မထွက်ချင်ဘဲလျက် ထွက်နေရခြင်းဖြစ်သည်။

## (ဆယ့်နှစ်)

လုရှောင်ဖုန့်သည် လမ်းကြားထဲမှဖြည်းညင်းစွာ လျှောက်ထွက်လာ၏။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်က လမ်းထိပ်တွင်ရပ်လျက် သူ့အား စောင့်ကြည့်နေသည်ကိုတွေ့ရ၏။

ထိုသူဝတ်ထားသော အဝတ်အစားများမှာ တောက်ပြောင်လှ၏။

လုရှောင်ဖုန့်က ထိုသူမှာ ထန်မျိုးအိမ်မှ အတော်ဆုံးသိုင်းသမားထန်ထင်းကျုံးဖြစ်ကြောင်း သတိပြုလိုက်မိသည်။

လုရှောင်ဖုန့်သည် ဤနေ့နံနက်ပိုင်းက သူတို့နှင့်တစ်ခါတွေ့ခဲ့ပြီးပြီဖြစ်သည်။

ယခုတစ်ဖန် ထန်ထင်းကျိုးက သူ့အား ဤနေရာတွင် လာစောင့်နေခြင်းမှာ ဘာကြောင့်နည်း။

လုရှောင်ဖုန့်က တွေး၍ ထန်ထင်းကျိုးအနီးသို့လျှောက်လာသည်။

မျက်နှာချင်းဆိုင်မိသည်နှင့်လုရှောင်ဖုန့်က ပြုံး၍....

"မင်းရဲ့သူငယ်ချင်းတွေ မပါဘူးလား... မင်းက တစ်ယောက်တည်းပဲလား"

ထန်ထင်းကျိုးက သူ့ကိုကြည့်ရင်း မျက်လုံးစုံနီရဲလာ၏။ ရုတ်တရက် သူက ဒူးထောက်လိုက်ပြီး လုရှောင်ဖုန့်အား ဦးသုံးကြိမ်ချလိုက်လေ၏။

လုရှောင်ဖုန့် ရုတ်တရက် ကြောင်သွား၏။

"မင်းတို့သာ ငါ့ကိုဦးသုံးကြိမ်ချရင် ငါ မင်းတို့ကို ဒီပိုးချည်ခါးစည်းတစ်ခုပေးမယ်"

ဒီစကားက သူတို့နှင့်လုရှောင်ဖုန့် နံနက်ကတွေ့စဉ်က ပြောခဲ့သောစကားဖြစ်၏။

သို့သော် ထန်ထင်းကျိုးတစ်ယောက် သူ ပြောသကဲ့သို့ ပြုလိမ့်မည်ဟု သူ လုံးဝမထင်မိခဲ့ချေ။



သူ့လို ဘဝင်ကြီးစိတ်ဝင်နေသော လူတစ်ယောက်အနေဖြင့် ခေါင်းသာ အဖြတ်ခံမည်။

သူများကိုတော့ ဒူးထောက်ဦးချလိမ့်မည်မဟုတ်ဟု ထင်ခဲ့ပါ၏။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချ၍....

"မင်းတကယ်ပဲ ရက်ကူးချန်ကိုသွားရှာတော့မလို့လား၊ မင်းသူ့ကိုတွေ့လဲ ကလဲ့စားချေနိုင်မှာမဟုတ်ဘူး"

ထန်ထင်းကျိုးက ဘာမှမပြောဘဲ မတ်တတ်ပြန်ရပ်၍ လုရှောင်ဖုန့်ကိုသာ စူးစူးစိုက်စိုက်ကြည့်လိုက်၏။

လုရှောင်ဖုန့်ကမူ ဘာမျှမတတ်နိုင်တော့ဘဲ သူ့ခါးမှပိုးချည်ခါးစည်းတစ်ခုကိုသာ ထုတ်ပေးလိုက်ရ၏။

ထန်ထင်းကျိုးက ထိုခါးစည်းကိုယူ၍ စကားတစ်ခွန်းမျှမပြောတော့ဘဲ လှည့်ထွက်သွားလေသည်။

ဩော်... ရန်ငြိုးဆိုသည်မှာ တကယ်တော့ အလွန်ကြောက်စရာကောင်းသောအရာတစ်ခု ဖြစ်နေပါရောလားဟု လုရှောင်ဖုန့်သတိတရားရနေလိုက်မိပါ၏။

ကိုးလ ဆယ့်ငါးရက်....။

နေ့လယ်ချိန်မို့ လူသွားလူလာရှုပ်ထွေးနေသည့်အချိန်....။

လုရှောင်ဖုန့်က ဈေးလမ်းမကြီးအတိုင်း လျှောက်လှမ်းလျက်ရှိသည်။

လမ်းမပေါ်တွင် ယောကျ်ား၊ မိန်းမ၊ အပျိုအအို၊ ကလေးများ လူပေါင်းစုံသွားလာလှုပ်ရှားနေကြ၏။

ဒီလိုလူသူအများ စည်းကားသောနေရာသို့ ရောက်လေတိုင်း လုရှောင်ဖုန့်၏စိတ်ထဲတွင် အလိုလိုပျော်ရွှင်လာမိ၏။

သူက လူသားဖြစ်ရသည်ကို သဘောကျ၏။ မိန်းကလေးတွေကို သဘောကျ၏။ ကလေးတွေကိုချစ်၏။

သူငယ်ချင်းတွေကို ခင်မင်တတ်၏။ လူ့လောကကြီးကို သူက အလွန်ခင်မင်တွယ်တာပြီး သံယောဇဉ်ရှိလှ၏။

ထို့ကြောင့်လည်း လူအတော်များများက သူ့ကိုသဘောကျ



တတ်လေသည်။

သူ့ကိုယ်တွင်ဝတ်စားထားသော အင်္ကျီအဝတ်အစားမှာ အလွန်တောက်ပြောင်လှသည်မဟုတ်သော်လည်း သူ၏မျက်လုံးများမှာ အရောင်တောက်ပ၍ကြည်လဲ့နေ၏။

လမ်းလျှောက်လျှင် ခါးကိုမတ်မတ်ထား၍ လျှောက်တတ်၏။

ယောကျ်ားပီသသော သူ၏ဟန်ပန်ကြောင့် အသက်ဆယ့်လေးနှစ်မှ အသက်လေးဆယ်အထိ မိန်းမများက သူ့ကိုတွေ့လျှင် အနည်းဆုံး ၂ ခါလောက်ပြန်၍ ခိုးကြည့်ကြရ၏။

ပေးရန်ရှိသော ပိုးချည်ခါးစည်းများကို သူက ပခုံးတွင်လွှားတင်ထားလိုက်၏။

ခါးစည်းမှာ လေးခုကျန်နေသေး၏။ တစ်ခုကို ရိုးသားဘုန်းဘုန်းနှင့် အခြားတစ်ခုကိုမူ ထန်ထင်းကျုံးကိုပေးခဲ့ပြီးဖြစ်၍ ခြောက်ခုအနက်လေးခုသာ ကျန်တော့သည်။

ထိုစဉ် ရှေ့တည့်တည့်ဆီမှ မျက်လှည့်ပြပွဲတစ်ခုရှိနေသည်ကို တွေ့ရ၏။ လူကြီးရောကလေးများပါ ဝိုင်းအုံကြည့်နေကြ၏။

ဆံဖြူအဘိုးကြီးတစ်ယောက်က တောင်ဝှေးကိုထောက်ကာ ထောက်ကာဖြင့် တုန်တုန်ချိချိနှင့် လျှောက်လာနေသည်။

ကလေးနှစ်ဦးက ရုတ်တရက် မျက်လှည့်ဝိုင်းမှပြေးထွက်

လာပြီး အဘိုးကြီးကိုဝင်တိုက်မိရာ အဘိုးကြီးမှာ လဲကျမလိုဖြစ်သွားလေသည်။

လုရှောင်ဖုန့်က ကမန်းကတန်း အဘိုးကြီးကိုပြေးထူပေးလိုက်ရ၏။

"ဘိုးဘိုး သတိထားလျှောက်နော်... ကလေးတွေက သိပ်ဆိုးတာပဲ"

အဘိုးကြီးက ခါးကိုင်းပြီး အသက်ကိုမောဟိုက်စွာ ရှူနေရာမှ ရုတ်တရက် ခေါင်းမော့၍ လုရှောင်ဖုန့်ကိုမျက်စိမှိတ်ပြလိုက်၏။ လျှာထုတ်ပြ၏။

လုရှောင်ဖုန့်အား အမျိုးမျိုးပြောင်ပြနေသည်။

လုရှောင်ဖုန့်၏တစ်သက်တွင် ဘယ်လိုထူးဆန်းအံ့ဩသောကိစ္စမျိုးကိုမဆို တွေ့ဖူးခဲ့၏။

သို့သော် အခုလိုအဘိုးကြီးတစ်ယောက်က သူ့ကိုပြောင်ပြက်ပြပြီး နောက်တောက်တောက် လုပ်နေသည်မျိုးကိုတော့မူ သူတစ်ခါမျှ မကြုံခဲ့ရဘူးချေ။

သို့သော် သူက အဘိုးကြီး၏မျက်လုံးကို အသေအချာကြည့်လိုက်သောအခါတွင်မူ လွတ်ခနဲ အာမေဋိတ်သံပြုမိသည့်အထိ အံ့ဩသွား၏။

မှန်သည်။ အဘိုးကြီးမှာ အခြားသူမဟုတ်။



ကြွယ်ချွေဆက်တူ။ သူခိုးဘုရင် သူခိုးဝိဇ္ဇာဟု နာမည်ကြီးနေသောဆက်တူပင် ဖြစ်ပါ၏။

သူခိုးဝိဇ္ဇာ ကြွယ်ချွေဆက်တူသည် အဘိုးအိုဟန်ဆောင်ရုပ်ဖျက်ပြီး သူ့အား နောက်ပြောင်နေခြင်းပင် မဟုတ်ပါလား။

လုရှောင်ဖုန့်က ခပ်ပြုံးပြုံးပင် ဆက်တူ၏ပခုံးကိုကိုင်ထားသောသူ့လက်ကို အားသွင်း၍ ညှစ်လိုက်၏။

ထို့နောက် အသံကိုနှိမ့်၍....

"မင်း ဘယ်နဲ့လုပ် ဒီကိုရောက်လာတာလဲ"

"မင်းလို လူဆိုးကြီးတောင် ရောက်လာသေးတာပဲ၊ ငါလိုလူသူတော်ကောင်းလေးက ဘယ်နဲ့လုပ် ဒီကိုမရောက်ဘဲနေမှာလဲ"

"ဟဲ... ဟဲ... ဟဲ... ဘာလဲ၊ မင်းက ငါ့ရဲ့ပိုးချည်ခါးစည်းကိုခိုးချင်နေတယ်ပေါ့လေ ဟုတ်လား"

လုရှောင်ဖုန့်က ရယ်ရယ်မောမောပြောရင်း ဆက်တူ၏ပခုံးကိုညှစ်လိုက်ပြန်သည်။

ဆက်တူမှာနာကျင်သွားသဖြင့် ပါးစပ်ဖြရင်း သူ၏ခေါင်းကိုသာ သွင်သွင်ခါပြလိုက်၏။

"မင်း ငါ့ပစ္စည်းကို မခိုးချင်ဘူးလား"

"ဟုတ်တယ်... ငါမခိုးချင်ပါဘူး"

လုရှောင်ဖုန့်က သူ့မျက်နှာအမူအရာကို အကဲခတ်ပြီးညှစ်

ကိုင်ထားသောလက်ကို လျှော့လွှတ်လိုက်၏။

"မင်းရဲ့လမ်းစဉ်ပြောင်းသွားပြီလား... နောင်တတရားတွေ ရနေပြီပေါ့ ဟုတ်လား"

ဆက်တူက သက်ပြင်းချပြီး....

"မဟုတ်ပါဘူး... ငါ့လမ်းစဉ်ကိုလဲ ငါမပြောင်းပါဘူး၊ နောက်ပြီး ငါနောင်တလဲ မရပါဘူး"

"ဒီလိုဆိုရင် ဘာဖြစ်လို့ ငါ့ပစ္စည်းကိုမခိုးရတာလဲ"

"ငါ့မှာရှိပြီးပြီပဲ... ဘာဖြစ်လို့ထပ်ခိုးရဦးမှာလဲ"

"မင်းမှာ ဘာရှိလို့လဲ"

"ပိုးချည်ခါးစည်းပေါ့"

လုရှောင်ဖုန့် တစ်ချက်ကြောင်သွားပြီး....

"မင်းမှာ ပိုးချည်ခါးစည်းရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဆိုနေမှ"

"မင်း ဘယ်ကရလာလို့လဲ"

ဆက်တူက တစ်ချက်မျှ ရယ်လိုက်ပြီး....

"ငါ့ရဲ့သူငယ်ချင်းတစ်ယောက်ရဲ့ကိုယ်ပေါ်ကနေ ငါရလာတာပေါ့"

"မင်းရဲ့သူငယ်ချင်းက ငါပဲရှိတာပဲ"

ဆက်တူက ရယ်၍....



"အေးလေ... မင်းလဲသိသားနဲ့၊ ငါ့မှာသူငယ်ချင်း သိပ်မှမရှိတဲ့ဥစ္စာ"

လုရှောင်ဖုန့်က အံ့တစ်ချက်ကြိတ်လိုက်ပြီး ဆက်တူကိုဖမ်းရန် ဟန်ပြင်လိုက်၏။

သို့သော် ဆက်တူက အဝေးသို့ရုတ်ခြည်း တိမ်းရှောင်လိုက်ပြီး ဖြစ်နေသည်။

ဆက်တူက ရယ်၍ပင်....

"မင်းကိုယ်မှာ ခါးစည်းလေးခုကြီးများတောင် ရှိတာပဲ၊ ငါက မင်းဆီကတစ်ခုပဲယူတာ မင်းကမကျေနပ်ဘူးလား"

သူသည်ပြောရင်း တစ်ခုသောအိမ်ခေါင်မိုးပေါ်သို့ ရုတ်တရက် ခုန်တက်သွားပြီး အခြားတစ်ဘက်သို့ ခုန်ဆင်းထွက်ပြေးသွားတော့သည်။

အိမ်ခေါင်မိုးထက်သို့ရောက်ချိန်တွင် သူက လုရှောင်ဖုန့်ကို လက်ဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်သေး၏။

လုရှောင်ဖုန့်မှာ လွန်စွာ စိတ်ဆိုးသွား၏။ ထို့ကြောင့်စိတ်ထဲမှကျိတ်၍ ဆက်တူအား ကြိန်ဆဲလိုက်မိ၏။

"ဒီလိုသူခိုးဝိဇ္ဇာနဲ့တိုးမိလို့ ငါအကုသိုလ် အတုံးလိုက်အတစ်လိုက် ဝင်တာပဲ... ခွေးကောင်"

သို့သော် သူကတစ်စုံတစ်ရာကိုတွေးမိပြီး ရယ်လိုက်ပြန်၏။

"ငါက ဒီပိုးချည်ခါးစည်းကို ဘယ်သူ့ပေးရမှန်းမသိအောင် အခက်ကြုံနေရတဲ့အချိန်မှာ သူက အချောင်ခိုးသွားတော့ ငါပေးရမယ့်တာဝန်တစ်ခုပေ့ါသွားတာပေ့ါ၊ ငါကတောင် သူခိုးဝိဇ္ဇာကိုကျေးဇူးတင်ရဦးမှာ ဟား... ဟား... ဟား"

တွေးရင်း တွေးရင်း သူက ပို၍ ရယ်လိုက်မိပြန်သည်။

သူခိုးဝိဇ္ဇာဆက်တူမှာ တကယ်ပင် နာမည်နှင့်လိုက်ပေသည်။

လုရှောင်ဖုန့်လိုလူမျိုးထံမှ ပစ္စည်းခိုးယူဖို့ဆိုသည်မှာ အလွန်မလွယ်ကူပေ။

သို့သော် ကြွယ်ချွေဆက်တူတစ်ယောက် လုရှောင်ဖုန့်၏ မျက်စေ့ရှေ့မှာပင် ပိုးချည်ခါးစည်းကို လက်တစ်လုံးကြားရအောင် ခိုး ယူနိုင်ခဲ့သည်မဟုတ်ပါလား။

လုရှောင်ဖုန့်သည် နေ့လယ်စာစားရန် စားသောက်ဆိုင်ကြီးတစ်ခုအတွင်းသို့ ဝင်လိုက်၏။

"ဘဲကင်တစ်ကောင်... ငါးတောင်ပံတစ်ပွဲ အရက်တစ်အိုး"

သူက ဆိုင်ထဲသို့ဝင်လိုက်သည်နှင့် သူစားချင်သောက်ချင်



သည်များကို အော်၍မှာလိုက်၏။

သူအတော်ပင် ဆာလောင်လျက်ရှိ နေ၏။ ယခုကဲ့သို့အချိန်မျိုးတွင် သူက ဘာကိုမျှလုပ်ချင်ကိုင်ချင်စိတ် မရှိပေ။

အေးအေးဆေးဆေး ဗိမ်နှင့်သာဗိုက်ပြည့်အောင် စားချင်နေသော ဆန္ဒသာရှိသည်။

သူမှာထားသောဟင်းလျာများ ရောက်မလာမီအချိန်တွင်ပင် ဆိုင်ထဲသို့ လူတချို့ဝင်လာကြ၏။

ရှေ့ဆုံးမှတစ်ယောက်မှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း ဝတ်ထားသောအဝတ်အစားက အလွန်တောက်ပြောင်လှ၏။

လူကိုကြည့်လိုက်သည်နှင့် တကယ့်သန်းကြွယ်သူဌေး တစ်ဦးအလား ထင်မှတ်ရသည်။

သူ့ခါးတွင်လည်း ကျောက်မျက်ရတနာဖြင့် စီခြယ်ထားသောဓားတစ်လက် ချိတ်ဆွဲထားသေး၏။

သူ့နောက်ဘက်မှခြံရံပြီးလိုက်လာသောသူများမှာ လူငယ်များဖြစ်ကြ၏။

အားလုံးသည် သန့်ပြန့်သောရုပ်ရည်ရှိပြီး ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသောအဝတ်အစားများကလည်း တောက်ပြောင်လျက်ရှိ၏။

သို့သော် ဝင့်ကြွားကြွားနှင့် အပိုးမကျိုးသောပုံစံများမှာ ယင်းလူငယ်အားလုံး၏ မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေ၏။

သူတို့၏ခြေလှမ်းကိုကြည့်ခြင်းဖြင့် သူတို့၏သိုင်းပညာမှာ မခေလှကြောင်း သိသာလေသည်။

ဒီလူအုပ်သည် ဆိုင်ထဲသို့ဝင်လာကတည်းက လုရှောင်ဖုန့်ကိုသာ အကဲခတ်ဟန်ဖြင့်ကြည့်၏။

ဆိုင်ထဲရှိကျန်လူများကိုမူ လုံးဝ အရေးမစိုက်ပေ။ သူတို့သည် စားပွဲခုံဝိုင်းကြီးတစ်လုံးတွင် ဝိုင်းထိုင်လိုက်ကြ၏။

လုရှောင်ဖုန့်က သူတို့၏ပုံစံကို ကြည့်မရအောင် ဖြစ်နေ၏။ သို့သော် သူက ထိုကျောက်မျက်ရတနာစီခြယ်ထားသော ဓားကို တော့ သိပါ၏။

ထိုဓားပိုင်ရှင်မှာ လူလတ်ပိုင်းဖြစ်ပြီးသိုင်းလောကတွင် အချမ်းသာဆုံး ချန်လို့ဂေဟာ၏သခင်ကြီး စီးမာကျယ်ပင် ဖြစ်လေသည်။

သူသည် မျိုးရိုးအလိုက် ချမ်းသာကြွယ်ဝရုံသာမက သူ၏ဆရာမှာ တစ်ချိန်က သိုင်းလောကတွင် သိမ့်သိမ့်တုန်စေခဲ့သော သံမဏိဓား၏ တစ်ဦးတည်းသောသားတပည့် ဖြစ်၏။

ထို့ကြောင့်သိုင်းလောကတွင် သူဂရုစိုက်လောက်သောလူ



မှာ ရှား၏။

လုရှောင်ဖုန့်မှာ ဟင်းပွဲများရောက်လာသည်နှင့် ချက်ချင်းစားလေတော့သည်။

သူက သူတို့ဘက်ကိုတစ်ချက်မျှ မကြည့်တော့ချေ။

အခုချိန်တွင် သူ့အတွက် အစာစားခြင်းသည် ဘယ်အရာနှင့်မျှ ယှဉ်၍ အရေးမကြီးတော့ချေ။

သူက တူဖြင့် ငါးတောင်ပံအချို့ကို ညှပ်လိုက်ရုံသာရှိသေး၏။

ရုတ်တရက် ထိုလူအုပ်ထဲမှ လူငယ်တစ်ယောက်က သူ့ဆီသို့လျှောက်လာနေသည်ကို တွေ့ရလေသည်။

သူက စိတ်ထဲမှကျိတ်၍ သက်ပြင်းတစ်ချက်ချလိုက်၏။ ပြဿနာတော့ စလေပြီဟု။

ထို့ကြောင့် ထိုလူငယ် သူ့အနားသို့ရောက်မလာမီ သူက ကမန်းကတန်း ငါးတောင်ပံလေးငါးခုလောက် ပါးစပ်ထဲသို့ ထိုးထည့်လိုက်၏။

လူငယ်က ဓားရိုးကိုလက်ဖြင့်ဖိထားပြီး သူ့ဘေး၌ရပ်ကာ အေးစက်စွာဖြင့် သူ့ကိုအကဲခတ်နေသည်။

ပြီးမှ....

"လုရှောင်ဖုန့်ဆိုတာ ခင်ဗျားလား"

ဟု မေး၏။

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်၏။

လူငယ်က ဆက်၍....

"ကျုပ်နာမည် ဟူချင်းပါ... ချန်လို့ဂေဟာကပါ၊ ဟိုဘက်မှာ ထိုင်နေတာက ကျုပ်ရဲ့ဆရာပါ၊ ခင်ဗျားသိမှာပေါ့"

လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်ပြန်၏။

ဟူချင်းက တစ်ဖန်....

"ကျုပ်ဆရာက ခင်ဗျားဆီမှာရှိတဲ့ ပိုးချည်ခါးစည်းတစ်ခုလောက် ခဏငှားချင်လို့တဲ့"

ဒီတစ်ခါတော့ လုရှောင်ဖုန့်က ခေါင်းလည်းမခါ... ခေါင်းလည်းမညိတ်တော့ လက်ညှိုးဖြင့် သူ၏ပါးစပ်ကိုသာထိုးပြလိုက်၏။

သူ့ပါးစပ်တွင် အစာဖြင့်ပြည့်နေသဖြင့် သူစကားမပြောနိုင်သေးပေ။

ဟူချင်းမှာ မျက်မှောင်တစ်ချက်ကုတ်လိုက်၏။ သို့သော် သူက ထိုနေရာတွင်ပင်ရပ်၍ စောင့်နေလေသည်။

နောက်ဆုံး လုရှောင်ဖုန့် စားသောက်ပြီးတော့မှ သူက....

"အခု ဒီပိုးချည်ခါးစည်း ကျုပ်ကိုပေးလိုက်ပါ"

လေသံမှာ အမိန့်ပေးသံဆန်လွန်းလှ၏။ သူတောင်းသောအရာကို မပေးချင်ပေးချင်ပေးရတော့မည့်ပုံစံဖြင့် ပြောနေခြင်းဖြစ်



သည်။

လုရှောင်ဖုန့်သည် နောက်ဆုံးငါးတောင်ပံတစ်လုပ်စာကို မျိုချပြီးနောက် အရက်ခွက်ကိုကောက်ယူကာ အေးအေးဆေးဆေး သောက်နေလိုက်၏။

ထို့နောက် ရေငတ်ပြေသွားဟန်ဖြင့် သက်ပြင်း တစ်ချက်ချလိုက်သည်။

ပြီးမှ သူက ဟူချင်းအား ပြုံးပြရင်း....

"မငှားနိုင်ပါဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေတော့၏။

ဟူချင်း၏မျက်နှာအပျက်ကြီး ပျက်သွား၏။ သူ့လက်က ဓားရိုးကိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

လုရှောင်ဖုန့်ကမူ သူ့ကိုမကြည့်ဘဲ ဘဲကင်တစ်တုံးကိုသာ ကောက်ယူ၍ ဝါးစားလိုက်၏။ ဖြည်းညင်းစွာ ဝါးပြီး အရသာခံစားနေလိုက်ခြင်းပင်။

ဟူချင်းက လုရှောင်ဖုန့်ကိုကြည့်ရင်း လက်ကြောများပင် ထောင်တက်လာ၏။

ထိုစဉ် နောက်ဘက်မှ လူတစ်ယောက်က....

"မင်းတို့သုံးတဲ့ ငှားတယ်ဆိုတဲ့စကားလုံးဟာ မသင့်လျော်ဘူးကွ၊ ဒီလိုပစ္စည်းမျိုးကို ဘယ်သူကလွယ်လွယ်ကူကူ ငှားချင်ပါ့မလဲ"

ချန်လို့ဂေဟာသူဌေးကြီး စီးမာကျယ်ကိုယ်တိုင်ထွက်လာလေပြီ ဖြစ်ပါ၏။

သို့သော် လုရှောင်ဖုန့်က အရေးမစိုက်။ သူ့အဖို့ ဘဲကင်ကသာ အရေးကြီးဆုံး။

စီးမာကျယ်က သူ့အနားသို့လျှောက်လာပြီး ဟူချင်းကိုခေါင်းတစ်ချက်ဆတ်ပြလိုက်၏။

ဟူချင်းက ချက်ချင်း သူ့ရင်ပတ်ထဲမှ ငွေစက္ကူတစ်ထပ်ကြီးကိုထုတ်၍ လုရှောင်ဖုန့်ရှေ့သို့ချပေးလိုက်၏။

စီးမာကျယ်က ဩဝါဒပေးသောအသံဖြင့်....

"ဒီငွေငါးသောင်းဟာ သာမန်လူတစ်ယောက်အတွက်ဆိုရင် တစ်သက်တာ အေးအေးဆေးဆေး နေထိုင်သွားလို့ရတယ်"

လုရှောင်ဖုန့်က ခေါင်းညိတ်ထောက်ခံလိုက်၏။

စီးမာကျယ်က တစ်ဖန်....

"ဒီငွေငါးသောင်းနဲ့ ပိုးချည်ခါးစည်းနှစ်ခုနဲ့ လဲမယ်ဆိုရင် လဲတန်ကောင်းပါရဲ့"

လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်ပြန်၏။

စီးမာကျယ်၏မျက်နှာတွင် ပြုံးရိပ်များသန်းလာ၏။ သူ့စကားအောင်မြင်ပြီဟု တွက်ထားလိုက်၏။

သို့သော် လုရှောင်ဖုန့်က သူ့အား လှမ်းကြည့်ပြီး....



"ခင်ဗျား ဘာဖြစ်လို့ ဒီငွေတွေကိုယူမသွားရသေးတာလဲ"

"ငါ ဘယ်ကိုယူသွားရမှာလဲ"

"ပိုးထည်ဆိုင်ကိုပေါ့"

စီးမာကျယ်က နားမလည်သေးပေ။ အူကြောင်ကြောင်ဖြင့် လုရှောင်ဖုန့်အား လှမ်းကြည့်နေသေးသည်။

လုရှောင်ဖုန့်က ဆက်လက်၍....

"ဟောဒီလမ်းမပေါ်မှာ ပိုးထည်ဆိုင်တွေအများကြီးရှိတာပဲ၊ ခင်ဗျားကြိုက်တဲ့ဆိုင်မှာ ဒီငွေတွေယူသွားပြီး ခင်ဗျားလိုချင်တဲ့ပိုးချည်နဲ့လဲလို့ ရပါတယ်"

စီးမာကျယ်က မျက်မှောင်ကုတ်လိုက်ပြီး....

"ကျုပ်လိုချင်တာက ခင်ဗျားမှာရှိတဲ့ပိုးချည်ခါးစည်းပဲဗျ၊ တခြား ဘယ်သူ့ဆီကမှ ကျုပ်လိုချင်တာ မဟုတ်ဘူး"

လုရှောင်ဖုန့်က ပြုံး၍....

"အာဟာ ကျုပ်ဟာတော့ မလဲနိုင်ပါဘူး... မလုပ်ပါနဲ့... ဟဲ ဟဲ ဟဲ"

စီးမာကျယ်၏မျက်နှာ ရုတ်တရက် တင်းမာလာပြီး....

"ကျုပ်ပေးတာက ငွေငါးသောင်းဆိုတာကိုလဲ ခင်ဗျား မမေ့ပါနဲ့ဦးနော်"

လုရှောင်ဖုန့်က သက်ပြင်းချ၍....

"ခင်ဗျားကသာ ကျုပ်ကိုအေးအေးဆေးဆေးနဲ့ ဒီဘဲကင်ကို ကုန်အောင် စားစေမယ်ဆိုရင် ကျုပ်ကတောင် ခင်ဗျားကို ငွေငါးသောင်းပေးလိုက်ဦးမယ်"

စီးမာကျယ်၏မျက်နှာမှာ ရုတ်ခြည်းတွတ်တွတ်နီရဲသွား၏။ သူနှံဘေးနား၌ စားပွဲဝိုင်းမှလူတစ်ယောက်က မအောင့်နိုင်ဘဲ ဟီးခနဲ တစ်ချက်ရယ်ချလိုက်သည်။

ရယ်သံထွက်လာသည်နှင့်အတူ ဓားရောင်ကလည်း လက်ခနဲ ဖြစ်သွား၏။

ထန်းဟူသောအသံနှင့်အတူ ဓားထိပ်ဖျားမှာ တူတစ်စုံဖြင့် ညှပ်ထားခြင်း ခံလိုက်ရ၏။

ရယ်လိုက်သူမှာ အရက်အတော်လေးမူးနေသော လူငယ်တစ်ဦးဖြစ်ပြီး ဓားထုတ်လိုက်သူမှာ ဟူချင်းဆိုသော လူငယ်ဖြစ်သည်။

သို့သော် လုရှောင်ဖုန်၏လက်က သူ့ထက်မြန်၏။ လက်တစ် ချက်လှုပ်လိုက်သည်နှင့်ဓားမှာ တူနှစ်ချောင်းကြားတွင် ညှပ်ထားခြင်း ခံလိုက်ရ၏။

ဟူချင်း၏မျက်နှာပျက်သွား၏။ သူက တုန်လှုပ်စွာဖြင့် လုရှောင်ဖုန့်ကိုကြည့်လိုက်သည်။

လုရှောင်ဖုန့်က တစ်ချက်မျှပြုံး၍....

"သူ တော်တော်အရက်မူးနေတာပဲ... မင်း သူ့ကို ဒီလိုမ



လုပ်သင့်ဘူး"

ဟူချင်းက အံကြိတ်၍ သူ့ဓားကိုဆွဲနုတ်ရန် ကြိုးစားလိုက်၏။ သို့သော်ဆွဲနုတ်၍မရအောင် ညှပ်ထားခြင်းခံနေရ၏။

ဟူချင်း၏နဖူးမှ ချွေးများ တဒီးဒီးကျလာ၏။ ထိုအခိုက် ရုတ်တရက် ဓားရောင်တစ်ချက်လက်သွားပြီး သူ့လက်ရှိဓားမှာ ထက်ပိုင်းကျိုးသွားတော့သည်။

စီးမာကျယ်က ဟူချင်း၏ဓားကိုချိုးလိုက်ပြီးနောက် အေးစက်စွာဖြင့်....

"မင်း နောက်ဆုတ်လိုက်စမ်း... ဒီနေ့ကစပြီး မင်းဘယ်တော့မှ ဓားမကိုင်ရတော့ဘူး"

ဟူချင်းမှာ နောက်သို့ခုနစ်လှမ်းခန့် ဆုတ်လိုက်၏။ မျက်ရည်များတားဆီး၍မရအောင် စီးကျလာ၏။

လုရှောင်ဖုန့်က ဝင်ပြောလိုက်၏။

"နှမြောလိုက်တာ"

"ဘာကိုနှမြောတာလဲ"

စီးမာကျယ်က နားမလည်ဟန်ဖြင့် မေးလိုက်၏။

"သူ့ရဲ့ဓားသိုင်းက မဆိုးပါဘူး"

စီးမာကျယ်က မျက်နှာတင်းတင်းဖြင့်....

"ဓားကိုရိုက်ချိုးခံရတဲ့ဓားဟာ ဘယ်လာကောင်းနိုင်တော့

မှာလဲ"

"သူ့ဓားရိုက်ချိုးခံရတာက သူ့ရဲ့ဓားထိပ်က အညှပ်ခံထားရလို့ပါ"

"ကိုယ်ကိုင်တဲ့ဓားကို သူများက ညှပ်ထားနိုင်တယ်ဆိုကတည်းက ဒီဓားကို သူဆက်သုံးဖို့မလိုတော့ဘူး"

လုရှောင်ဖုန့်က စီးမာကျယ်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားရဲ့ဓားထုတ်လိုက်တာနဲ့တစ်ခါမှ အညှပ်မခံရဘူးလား"

"ဘယ်တော့မှ ဒီလိုအဖြစ်မျိုး အဖြစ်မခံဘူး"

လုရှောင်ဖုန့်က ရုတ်တရက် ရယ်လိုက်ပြီး....

"ဒါဖြင့် ကျုပ်နဲ့ခင်ဗျား လောင်းကြေးတစ်ခုလုပ်ကြရအောင် ... ခင်ဗျားနိုင်ရင် ကျုပ်ရဲ့ပိုးချည်ခါးစည်း ခင်ဗျား ရစေရမယ်"

"ဘယ်လိုလောင်းမှာလဲ"

"ခင်ဗျားဓားနဲ့ ကျုပ်ကိုထိုးလိုက်ပါ... တကယ်လို့ ကျုပ်က ခင်ဗျားရဲ့ဓားကိုမဖမ်းနိုင်ဘူးဆိုရင် ဒီပိုးချည်ခါးစည်းတင်မကဘူး ကျုပ်ရဲ့ခေါင်းကိုပါ ခင်ဗျားယူနိုင်ပါတယ်"

"ခင်ဗျားရဲ့ခေါင်းကို ကျုပ်မယူပါဘူး... ကျုပ်ပိုးချည်ခါးစည်းပဲ ယူမှာပါ"



"ကောင်းပြီ... ခင်ဗျားထိုးတော့"

စီးမာကျယ်က တစ်ချက်တွေသွားပြီးနောက် ရုတ်တရက် လုရှောင်ဖုန့်အား သတိပေးလိုက်၏။

"ကျုပ် ခင်ဗျားရဲ့ဘယ်ဘက်ပခုံးကိုထိုးမယ်... ခင်ဗျားသတိသာ ထားပေတော့"

စကားအဆုံးတွင် ဓားရောင်တစ်ချက်လက်သွားပြီး ဓားထိပ်က လုရှောင်ဖုန့်၏ပခုံးနားသို့ လျှပ်တစ်ပြက် ရောက်လာ၏။

စီးမာကျယ်၏ဓားမှာ ရှည်၏။ ဆွဲထုတ်ရန် မလွယ်ကူလှပေ။

သို့သော် သူဓားဆွဲထုတ်လိုက်ပုံမှာ တမူထူးခြားလှ၏။ ဓားကိုဆွဲ ထုတ်လိုက်သည်နှင့် ဓားထိပ်က လုရှောင်ဖုန့်၏အနားသို့ ချက်ချင်းရောက်လာလေပြီ။

လုရှောင်ဖုန့်က လက်ချောင်းနှစ်ချောင်းကို လျှပ်တစ်ပြက် ဆန့်ထုတ်ပြီး ဓားကိုညှပ်လိုက်၏။

ယင်းလှုပ်ရှားမှုမှာ အလွန်ရိုးပြီး ရှင်းလှ၏။ သို့သော် သူ၏တိကျမှု လျင်မြန်မှု အချိန်အဆ မှန်ကန်မှု စသည် အရည်အချင်းတို့ကြောင့် ဘယ်သူကမျှ လိုက်၍မမှီနိုင်ခဲ့ပေ။

စီးမာကျယ်၏ ထင်တစ်လုံးဖြင့် ဘဝင်မြင့်နေသောစိတ်ဓာတ်မှာ ရုတ်ခြည်းပင် သုညဒီဂရီအောက်သို့ ထိုးကျသွားလေတော့

၏။

တစ်ခါမျှ အညှပ်မခံရဘူးသော သူ့ဓားမှာယခုတော့ လုရောင်ဖုန့်၏လက်နှစ်ချောင်းကြားတွင် လွယ်လင့်တကူနှင့် အညှပ်ခံလိုက်ရလေပြီ။

သူသည် လေးနှစ်သားကတည်းက သစ်သားဓားဖြင့် ကစားခဲ့၏။

ခုနစ်နှစ်သားအရွယ်တွင် သံမဏိဓားကိုကိုင်ပြီး ကစားခဲ့၏။ ဓားနှင့်ပတ်သက်လျှင် သူ့အတွေ့အကြုံက မနည်းလှပေ။

သို့သော် အခုတော့ သူ၏ဓားမှာ အညှပ်ခံလိုက်ရပြီ။ သူသည် သူ့မျက်စိကိုပင် သူမယုံနိုင်အောင်ဖြစ်သွားသည်။

ထိုမယုံကြည်နိုင်သောမျက်လုံးဖြင့်ပင် လုရောင်ဖုန့်၏လက်ကိုစိုက်ကြည့်လိုက်၏။

လုရောင်ဖုန့်ကလည်း သူ၏လက်ချောင်းကလေးကို သူပြန်ကြည့်ပြီး....

"ခင်ဗျားထိုးလိုက်တဲ့ ဒီဓားချက်က အားကုန်မဟုတ်သေးဘူး၊ ဒါကြောင့် ခင်ဗျားက ကျုပ်ရဲ့ခေါင်းကို တကယ်မလိုချင်ဘူးဆိုတာ သက်သေပြနေတယ်"

စီးမာကျယ်က....

"ခင်ဗျား...."



လုရောင်ဖုန့် ကြားဖြတ်၍....

"ကျုပ်က လူကောင်းမဟုတ်ဘူး... ခင်ဗျားကလဲ လူဆိုးမဟုတ်ဘူး၊ ခင်ဗျားက ကျုပ်ရဲ့ခေါင်းကိုမလိုချင်တော့ ကျုပ်ကလဲ ခင်ဗျားလိုချင်နေတဲ့ ပိုးချည်ခါးစည်းကြိုးကိုပေးရမှာပေ့ါ"

သူက ပိုးချည်ခါးစည်းတစ်ခုကိုဖြုတ်၍ ဓားထိပ်ဖျားတွင် ချိတ်ပေးထားပြီးသည်နှင့် ဆိုင်ခန်းထဲမှ ထွက်သွားလေတော့သည်။

ဗိုက်ထဲတွင် အစာသိပ်မပြည့်သေးသော်လည်း သူက အတော်လေး ပျော်ရွှင်ကြည်နူးသွား၏။

စီးမာကျယ်တစ်ယောက် အခုလောက်ဆိုလျှင် အမြင်မှန်ရလောက်ကောင်းပေပြီ။

ဘဝင်မြင့်ခြင်းသည် ကျရှုံးခြင်းပင်ဖြစ်ကြောင်း သူ နားလည်သွားပေလိမ့်မည်။

စိတ်က ပျော်နေသော်လည်း လုရောင်ဖုန့်၏ဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်နေဆဲပင်။

ဤအတိုင်းဆိုလျှင် ထမင်းတစ်နပ်ကိုပင် အေးအေးလူလူစားရန် မလွယ်ပါလား။

ယခု သူ့တွင်ပိုးချည်ခါးစည်းနှစ် ကျန်နေသေး၏။ အမြန်ဆုံးကုန်အောင် သူက အဘယ်သို့ရှင်းပစ်ရမည်နည်း။

သူက မုသောက်ရသေ့ကိုတစ်ခုပေးရန် ရည်ရွယ်ထား၏။

သို့သော် မုသောက်ရသေ့က ပျောက်နေသည်။ ဘယ်နေရာမှာမျှ ရှာမတွေ့တော့ပေ။

သူက သက်ပြင်းကြီးတစ်ချက်ချလိုက်စဉ် ရုတ်တရက် ရှေ့နားမှ ရိုးသားဘုန်းဘုန်း ဖြတ်လျှောက်သွားသည်ကိုတွေ့လိုက်ရ၏။

ရိုးသားဘုန်းဘုန်း၏လက်ထဲတွင် ပေါင်မုန့်နှစ်လုံးကိုင်ထားသည်။

သူက လုရှောင်ဖုန့်ကိုတွေ့သည်နှင့် သူ့ရဲသဘက်တစ်ကောင်တွေ့သည့်အလား တစ်ချိုးတည်းလစ်လေတော့သည်။

လုရှောင်ဖုန့် ချက်ချင်းပင် သူ့နောက်သို့ပြေးလိုက်သွားပြီး....

"ဘုန်းဘုန်း အရေးတကြီး ဘယ်သွားမလို့လဲ"

ရိုးသားဘုန်းဘုန်းက ကသိကအောင့်ဖြစ်သွားသောအသံဖြင့်....

"ငါဘုန်းကြီးက မင်းကို ဘာမှမလုပ်ဘဲနဲ့မင်းက ဘာဖြစ်လို့ ငါ့ကိုလိုက်ပြီး နှောင့်ယှက်နေရတာလဲ"

လုရှောင်ဖုန့်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်၍ ပြုံးလိုက်ပြီး....

"ဘုန်းဘုန်းနဲ့အပေးအယူတစ်ခု လုပ်ချင်လို့ပါ"

ရိုးသားဘုန်းဘုန်းက....



"ဘုန်းကြီးက မင်းနဲ့အပေးအယူမလုပ်ချင်ဘူး... ဘုန်းကြီးက မင်းရဲ့အညာကိုလဲ မခံချင်ဘူး"

"ဘုန်းဘုန်းရဲ့ပေါင်မုန့်နဲ့ဒီပိုးချည်ခါးစည်းနဲ့လဲမလို့ပါ၊ ဘုန်းဘုန်းကိုမညာပါဘူး"

"မလဲဘူးဟေ့... မလဲဘူး"

လုရှောင်ဖုန့်က အံ့သြဟန်ဖြင့်....

"ဘာဖြစ်လို့မလဲတာလဲ ဘုန်းဘုန်း"

"ဘာဖြစ်ရမှာလဲ... သူများတွေက မင်းကို ငွေငါးသောင်းပေးတာတောင် မင်းကမလဲဘူး၊ အခု မင်းက ဒီဘာမဟုတ်တဲ့ပေါင်မုန့်လေးနှစ်လုံးနဲ့ လာလဲမယ်ဆိုတာ မင်းက အရူးမဟုတ်သလို ငါကလဲ အနမ်းမဟုတ်ပါဘူးကွ"

"ဘာလဲ... ဘုန်းဘုန်းထင်တာက ဒါဟာ ထောင်ချောက်ဆင်တာလို့ထင်နေသလား"

"ဟေ့... မင်းဘယ်လိုပဲပြောပြော ဘုန်းကြီးကတော့ အဲညာမခံနိုင်ဘူး"

"ဒီလိုဆိုရင် ဘုန်းဘုန်းက မလဲဘူးပေါ့"

"အေး... မလဲဘူး"

"မလဲမိလို့ နောင်တတွေ ရနေဦးမယ်နော်"

"ဟေ့... ဘယ်တော့မှမရဘူး"

သစ္စာမှန်
စာပေ နှင့် စာအုပ်ချစ် လုပ်ငန်း

လုရှောင်ဖုန့်က နိုင်ကွက်ရဟန်ဖြင့် ပြောလိုက်တော့သည်။

"ကောင်းပြီ... ဒီလိုဆိုရင် ဘုန်းဘုန်းရဲ့အကြောင်းကို လူတိုင်းသိအောင် ပြောပြလိုက်မယ်... ဒါမှ...."

ရှီးသားဘုန်းဘုန်း မျက်လုံးပြူးမျက်ဆံပြူးသွားပြီး....

"ဟေ့... ဟေ့... ငါ့မှာဘာအကြောင်းရှိလို့ မင်းကပြောရမှာလဲ"

လုရှောင်ဖုန့်က ရှီးသားဘုန်းဘုန်းအား မခိုးမခန့်ဟန်ဖြင့် ကြည့်ရင်း တစ်လုံးချင်းပြောချလိုက်သည်။

ရှီးသားဘုန်းဘုန်းက ရုတ်တရက် ပေါင်မုန့်များကို လုရှောင်ဖုန့်၏လက်ထဲသို့ ထိုးထည့်ပေးလိုက်ပြီး လုရှောင်ဖုန့်၏ပခုံးပေါ်မှပိုးချည်ခါးစည်းတစ်ခုကို ဖျတ်ခနဲဆွဲယူ၍ ထွက်ပြေးသွားလေတော့သည်။

လုရှောင်ဖုန့်က ရယ်မောရင်း အော်ပြောလိုက်၏။

"ဘုန်းဘုန်း မမေ့နဲ့ဦး... ဒီဟာက မုသောက်ရသေ့အတွက် သူ့ကိုရအောင်ရှာပြီး ပေးရမယ်နော်၊ နို့မို့ရင် ဒီပုံပြင်ကို လူတိုင်းကို ပြောပြလိုက်မှာ သိလား"

ရှီးသားဘုန်းဘုန်းမှာ နောက်သို့ငုံးဝလှည့်မကြည့်ဝံ့တော့ဘဲ တစ်ချိုးတည်း လစ်ပြေးသွားလေတော့၏။

လုရှောင်ဖုန့် အားရပါးရ ရယ်လိုက်၏။ ယခု သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားသည်ဟု ထင်လိုက်ရသည်။



ထို့နောက် လုရှောင်ဖုန့် မြို့ထဲ၌ နာရီဝက်ခန့်လှည့်ပတ်လိုက်ပြီးမှ နံ့သာမုန့်တိုက်သို့ဝင်လိုက်၏။

သူ့နောက်သို့ နောက်ယောင်ခံလိုက်ခြင်းမရှိကြောင်း သေချာတော့မှ သူသည် ဆိုင်ထဲသို့ဝင်ခဲ့သည်။

အဘယ်ကြောင့်မူ ဤနေရာတွင် စီးမင်းချွေးရှက်ရှိကြောင်း အပြင်လူများအား လုံးဝအသိမပေးလိုက်သောကြောင့်ပင် ဖြစ်သည်။

လုရှောင်ဖုန့် အတွင်းဘက်ပန်းခြံသို့ရောက်သောအခါ မိန်းကလေးတစ်ယောက်ကို ဆင္ဒဂံပုံစံရှိသောအပန်းဖြေရိပ်သာဝရံတာတွင် မှီရပ်ရင်း ငေးမောလျက်ရှိနေသည်ကို တွေ့ရ၏။

ဖြူဖွေးသောအဝတ်အစား... ကျော့ရှင်းသောကိုယ်ဟန်... သွယ်ပျောင်းနက်မှောင်ပြီး ရှည်လျားသောဆံပင်များက ထိုမိန်းကလေး၏အလှကို ပို၍ပေါ်လွင်စေပါ၏။

လုရှောင်ဖုန့်သည် ယခုမှပင် အိုရန်ချင်း၏အလှကို သတိထားမိတော့၏။

သူက အိုရန်ချင်းရှိရာသို့ ဖြည်းညင်းစွာလျှောက်သွားသည်။

အိုရန်ချင်း၏ အရည်ရွှန်းလဲ့သောမျက်လုံးအစုံက သူ့ကိုစိုက်ကြည့်လျက်ရှိသည်ကို သူတွေ့လိုက်ရသည်။

အမှန်မှာ သူတို့နှစ်ဦး တွေ့ဆုံကြသည့်အကြိမ်ပေါင်းမှာ

များလှသည်မဟုတ်သကဲ့သို့ တစ်ယောက်ကိုတစ်ယောက် စကားစမြည် ပြောခဲ့သည်မှာလည်း ဆယ်ခွန်းမျှပင် မပြည့်သေးချေ။

သို့သော်ယခုချိန်၌ လုရှောင်ဖုန့်၏ရင်ထဲတွင် တစ်မျိုးခံစားနေရ၏။

လှုပ်ရှားနေသောနှလုံးသားကိုထိန်းချုပ်ရင်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေ၏။

သူမကလည်း ဘယ်သို့ခံစားနေရမည်နည်း။ သူလိုပင်လား။

လုရှောင်ဖုန့်က သူမ၏မျက်နှာကိုလေ့လာအကဲခတ်ကြည့်လိုက်သည်။

ဘာခံစားချက်ကိုမျှ မတွေ့ရချေ။ မိန်းမတို့၏သဘောမနောဆိုသည်က လွန်စွာ အကဲခတ်ရခက်သောအရာပင် မဟုတ်လား။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလိုက်ပြီး အပန်းဖြေရိပ်သာပေါ်သို့ တက်ခဲ့၏။

ထို့နောက်အားတင်း၍ ပြုံးရင်း အိုရင်ချင်းအား မေးလိုက်၏။

"မင်း နေကောင်းသွားပြီလား"

အိုရန်ချင်းက ခေါင်းညိတ်လိုက်ပြီး မျက်နှာချင်းဆိုင်ကျောက်ခုံလေးကို လက်ညှိုးထိုးကာ...

'ထိုင်လေ'ဟု ဆိုရှာသည်။ တကယ်တော့ လုရှောင်ဖုန့်က အိုရန်ချင်းအား သူမဘေးတွင်ထိုင်ပါဟုပြောစေချင်၏။



သို့သော် သူမ နှင့်မျက်နှာချင်းဆိုင်တွင်သာ ထိုင်လိုက်ရ၏။

သူ့စိတ်ထဲတွင် အိုရန်ချင်းအား ပြောစရာတွေ မြောက်မြားစွာ ရှိနေ၏။ သို့သော်လက်တွေ့တွင် သူ့နှုတ်မှ ဘာစကားမျှထွက်မလာချေ။

နောက်ဆုံး သူ့နှုတ်မှ....

"စီးမင်းချွေးရှက်တစ်ယောက်ကော"

ဟု မဆီမဆိုင် မေးလိုက်ရသည်။

"အိမ်ခန်းထဲမှာ မမစွန်းရှုကျင်းနဲ့ရှိနေတယ်... သူတို့ အခုချိန်ဆိုရင် ပြောစရာအများကြီးရှိနေမှာပဲ"

ဟုတ်ပါသည်။ ယခုလို အရှုံးအနိုင်တိုက်ပွဲရောက်လုလုအချိန်တွင် သူတို့ဇနီးမောင်နှံ၌ ပြောစရာစကားတွေ မြောက်မြားစွာရှိပေမည်။

လုရှောင်ဖုန့်၏ရင်ထဲတွင်လည်း အိုရန်ချင်းအား ပြောရန်စကားလုံး ကုဋေကဋာရှိနေပါသည်။

သို့သော် သူမပြောဖြစ်။ အတွေ့အကြုံမရှိသော လူပျိုပေါက်လေးတစ်ဦးလို နှလုံးတုန်ရင်ခုန်လျက် ဘယ်ကစ၍ ပြောရမည်မှန်းမသိအောင် နှုတ်အနေရှာပါ၏။

ထိုစဉ်အိုရန်ချင်းက စတင်၍မေးလိုက်၏။

“ဒီလူကို ရှင်သိသလား”

“ဘယ်သူ့ကိုပြောတာလဲ”

အိုရန်ချင်းက ဝရံတာပေါ်သို့လက်ညှိုးထိုးပြလိုက်၏။ ထိုအခါမှ ဝရံတာပေါ်တွင် ဖယောင်းရုပ်လေးတစ်ရုပ်တင်ထားကြောင်း လုရှောင်ဖုန့် သိရတော့၏။

ယခု သူတွေ့ရသောဖယောင်းရုပ်မှာ ယောကျ်ားအပျိုထိန်း ခေါင်းဆောင်ဝမ်ကျုံးကွမ်း၏ ဖယောင်းရုပ်ပုံ ဖြစ်နေ၏။

လုရှောင်ဖုန့် အံ့ဩသွားသည်။ စဉ်းစားဖွယ်လည်း ဖြစ်လာ၏။

အိုရန်ချင်းတစ်ယောက် အဘယ်ကြောင့် ဝမ်ကျုံးကွမ်း၏ရုပ်ပုံကို မှရွေးပြီး စိတ်ဝင်စားနေရပါသနည်း။

“နင် ဒီလူနဲ့သိလို့လား”

အိုရန်ချင်းက ခေါင်းညိတ်ပြလိုက်၏။

“သူ့ကို ကျွန်မတွေ့ဖူးပါတယ်… သူက ကျွန်မတို့ဆီ လာဖူးတယ်”

ဟင် သူမဆီလာဖူးသည် ဆိုပါလား။ ဒါဖြင့် ဧမ်ခန်းကိုလာခြင်းသာ ဖြစ်မည်။ ဤသည်က ရုတ်ခြည်းဖြစ်ပေါ်လာသော လုရှောင်ဖုန့်၏အတွေးများပင်။

“ဒါနဲ့သူက ယောကျ်ားအပျိုထိန်းဆိုတာ နင်သိရဲ့လား”



အိုရန်ချင်းက ဘာမျှမထူးခြားသော သွင်ပြင်ဖြင့်….

“ကျွန်မတို့ဆီကို ဘယ်လိုလူမျိုးမဆို လာမေးကြတယ်၊ ယောကျ်ားမဟုတ်တဲ့ယောကျ်ားတွေလဲ လာတယ်၊ နောက်ပြီး ကျွန်မတို့ဆီကိုလာတဲ့ ယောကျ်ားအပျိုထိန်း တွေဟာ တစ်ယောက်တည်းရှိတာ မှမဟုတ်တာ၊ ဟိုနေ့ သူလာတုန်းကလဲ တစ်ယောက်တည်းလာတာ မဟုတ်ဘူး”

“ဒါဖြင့် သူ့အပြင် ဘယ်သူလာသေးလဲ”

အိုရန်ချင်းက တစ်ချက်မျှ စဉ်းစားပြီးနောက်….

“လာတုန်းကတော့ သူတစ်ယောက်တည်းပါ… နောက်မှ ဓားသမားနှစ်ယောက်ရယ်… နတ်ရေကန်တောင်ကုန်းက ဓားသမားနှစ်ယောက်ရယ် လာကြတယ်၊ သူတို့က ဒီနေရာကိုချိန်းပြီး လာကြတာ တဲ့”

“ဟိုဓားသမားနှစ်ယောက်က နတ်ရေကန်တောင်ကုန်းက ဆိုတာ နင်ဘာကြောင့် ပြောနိုင်ရတာလဲ”

“သူတို့ပြောတဲ့စကားအရ ကျွန်မ သိရတာပေါ့”

အိုရန်ချင်းက ဆက်လက်၍….

“ဒီလူကြီးဟာ အပျိုထိန်းပဲဆိုတာ ကျွန်မတစ်ချက်အကဲခတ်ကြည့်လိုက်တာနဲ့ သိတာပဲ၊ သူတို့လိုလူမျိုးဟာ ဘယ်လိုမှဟန်ဆောင်လို့မရပါဘူး”

"အဲဒီနေ့တုန်းက ကွေးစွန်းကောရှိသလား"

"အင်း... ရှိပါတယ်"

လုရှောင်ဖုန့်၏မျက်လုံးစုံ အရောင်တောက်လာ၏။

ဝမ်ကျုံးကွမ်းက ဓားသမားနှစ်ယောက်ကိုဇိမ်ခန်းတွင် ချိန်းခြင်းမှာ အရေးကြီးသောကိစ္စတစ်ခုကိုတိုင်ပင်ရန်ပင် ဖြစ်ပေမည်။

အမှန်တော့ ထိုနေ့တုန်းက ဇိမ်ခန်းတွင် ကွေးစွန်းနှင့်အတူ အိုရန်ချင်းတို့ ပါရှိကြသည်ကို သူတို့သိသည်။

နောက်ပိုင်းတွင် အိုရန်ချင်းနှင့် ကွေးစွန်းတို့က နေပြည်တော်သို့ရောက်လာကြသည်ကိုတွေ့ရသောအခါ သူတို့အကြောင်းကို ထုတ်ဖော်မည်စိုး၍ သူတို့က အရင်ဦးအောင်ကွေးစွန်းနှင့် အိုရန်ချင်းတို့နှစ်ယောက်ကိုနှုတ်ပိတ်ရန် ကြိုးစားလိုက်ခြင်းသာဖြစ်သည်။

ကုံးစွန်းမမ အသတ်ခံရသည်မှာလည်း ဤသဘောကြောင့်ပင် ဖြစ်ပေမည်။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလိုက်၏။ သဲလွန်စတော့ သူတွေ့ရလေပြီ။

အိုရန်ချင်းက ဆက်လက်၍ရှင်းပြလိုက်၏။

"ယောကျ်ားအပျိုထိန်းတွေ ကျွန်မဆီလာတိုင်း သူတို့ကို ကျွန်မအခန်းထဲကို ခေါ်ထားလေ့ရှိတယ်"

"ဘာဖြစ်လို့ နင့်အခန်းထဲကိုခေါ်ထားရတာလဲ"



"ဘာဖြစ်လို့လဲဆိုတော့ သူတို့က ယောကျ်ားတွေမှမဟုတ်တာ"

သူမက အေးစက်စွာပင် ဆက်လက်၍....

"ဒီလို ယောကျ်ားမဟုတ်တဲ့ယောကျ်ားတွေဟာ တခြားယောကျ်ားတွေထက်ပိုပြီး ယောကျ်ားပီသတာကို သူများတွေကိုပြချင်ကြတယ်၊ ဒါကြောင့် သူတို့က ကျွန်မအခန်းထဲကို ရောက်တဲ့အခါ ကျရင် ကြမ်းပြင်မှာပဲအိပ်ကြရတယ်၊ သူတို့က အပြင်ကို ပြန်မပြောရဲကြဘူး၊ ကျွန်မကိုတောင် ပိုက်ဆံတွေပိုပေးသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ယောကျ်ားမဟုတ်ဘူးဆိုတာကို သူများတွေ သိသွားမှာဆိုးလို့တဲ့"

## (ဆယ့်သုံး)

လုရှောင်ဖုန့်သည် အိုရန်ချင်းတစ်ယောက်ဇိမ်နန်းတွင် အ
လုပ်လုပ်နေသော်လည်း ဘာကြောင့်ယခုထက်တိုင် အပျိုစင်တစ်
ယောက်အဖြစ် ဆက်လက်တည်ရှိကြောင်းကို ယခုမှပင် နားလည်
သွားတော့သည်။

အိုရန်ချင်းသည် စကားပြောရင်း သူမမျက်နှာတွင် ထူးဆန်း
သောအမူအရာတစ်မျိုး ဖြစ်ပေါ်လာ၏။

"ဒီမှာ အခုချိန်ထိ ဘယ်ယောကျာ်းမှ ကျွန်မကို မထိမတို့ရ
သေးတာဟာ ဘာကြောင့်ဆိုတာ ရှင်သိလား"



လုရှောင်ဖုန့်က ခေါင်းခါပြလိုက်၏။

"ယောကျာ်းတွေကို ကျွန်မ မုန်းလွန်းလို့"

လုရှောင်ဖုန့်၏ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရ၏။

"ဒါဖြင့် မင်းလဲ ငါ့ကိုမုန်းနေတယ်ပေါ့"

သူက ချက်ချင်းပင် အိုရန်ချင်းအား မေးလိုက်၏။

အိုရန်ချင်း ပြန်မဖြေပါ။ လုရှောင်ဖုန့်ကိုသာ အေးစက်သော
အကြည့်ဖြင့် စူးစိုက်ကြည့်ရင်း ခေါင်းမညိတ် ခေါင်းမခါဘဲ နေပါ၏။

လုရှောင်ဖုန့်က သူ့အဖြစ်ကို သူတွေးမိပြီး သဘောကျဟန်
ဖြင့် ရယ်မောလိုက်မိ၏။

အခုမှ သူ သဘောပေါက်၏။ တကယ်တော့ အိုရန်ချင်းက
သူ့အပေါ်တွင် လုံးဝစိတ်ဝင်စားခြင်းမရှိပေ။ သူကိုယ်၌ကသာ ဆယ်
ဆန်းရီ၏ မဟုတ်မဟတ် ချဲ့ထွင်ပြောသောစကားကြားတွင် အဟုတ်
ထင်မှတ်နေမိခြင်းသာ ဖြစ်၏။

အိုရန်ချင်းက လုရှောင်ဖုန့်ရယ်မောနေသည်ကို ကြည့်ရင်း
နားမလည်ဟန် မေးလိုက်၏။

"ရှင် ဘာဖြစ်လို့ ရယ်တာလဲ"

"ငါ... ငါက ရိုးသားဘုန်းကြီးရဲ့အဖြစ်ကိုတွေးပြီး ရယ်နေ
တာပါ၊ သူ့ကို ငါက မြွေဆိုးနှစ်ကောင်လွှဲပေးထားလိုက်တယ်လေ"

"မြွေဆိုး ဟုတ်လား"

"ဟို ပိုးချည်ခါးစည်းကိုပြောတာပါ"

အိုရန်ချင်း ပို၍နားရှုပ်သွား၏။ ထိုအခါမှဖြစ်ကြောင်း လုရှောင်ဖုန့်က ကုန်စင်ကို သူမအား ရှင်းပြလိုက်၏။

နောက်ဆုံးတွင် သူခိုးဝိဇ္ဇာဆက်တူက သူ့ထံမှပိုးခါးစည်းကို လက်တစ်လုံးကြားခိုးခဲ့ပုံကိုပါ စိတ်ဆိုးမာန်ဆိုးပြောပြ၏။

ရီးသားဘုန်းဘုန်းကို အကျပ်ကိုင်၍ ပိုးချည်ခါးစည်းကို ပေါင်မုန့်နှင့်လဲခဲ့သည့်အကြောင်းကို ပြောပြသောအခါတွင် သူက အားရပါးရ ရယ်မော၍ ပြောပြလေသည်။

တကယ်တော့ လုရှောင်ဖုန့်သည် ကလေးငယ်တစ်ဦးကဲ့သို့ပင်။ ရယ်စရာရှိလျှင် ပွင့်ပွင့်လင်းလင်း ရယ်မောတတ်ပြီး ဒေါသထွက်စရာရှိလျှင်လည်း ဒေါသထွက်တတ်သည်။

တစ်နည်း လုရှောင်ဖုန့်သည် ပွင့်လင်း၏။ ရိုးသား၏။

အိုရန်ချင်းသည် သူ့ကိုကြည့်ရင်း မျက်ဝန်းတွင် အရည်ရွှန်းလဲ့တောက်ပလို့လာသည်။

လုရှောင်ဖုန့်က အိုရန်ချင်းအား တစိမ့်စိမ့် ပြန်ကြည့်ရင်း....

"မင်း ကောင်းကောင်းနေမကောင်းသေးလို့သာ နို့မို့ရင်မင်း အတွက် ငါပိုးခါးစည်းတစ်ခု ချန်ထားပေးပြီး သွားကြည့်ခိုင်းမှာ"

"ဒါဖြင့် အခု ရှင့်ဆီမှာပိုးချည်ခါးစည်းတစ်ခုမှ မကျန်တော့ဘူးပေါ့"



"မရှိတော့ဘူး... ကုန်ပြီ"

"ဒီည ရှင် သွားမှာလား"

"သွားရမှာပေါ့"

"ရှင့်ရဲ့ပိုးခါးစည်းကော"

လုရှောင်ဖုန့်က ကြောင်သွား၏။ ယခုမှပင် သူ သတိရမိတော့၏။ သူ့အတွက် ပိုးခါးစည်းတစ်ခုချန်ထားဖို့ မေ့နေပါရောလား။

လုရှောင်ဖုန့်၏ မျက်နှာအမူအရာကိုကြည့်ရင်း အိုရန်ချင်း ကြွေပြင်မဆောင်နိုင် ခိခနဲ ရယ်လိုက်မိပါ၏။

ဒီလိုအူကြောင်ကြောင် နိုင်လှသောလူမျိုးကို ယခု သူမတွေ့ရနေပြီ မဟုတ်ပါလား။

လုရှောင်ဖုန့်သည် မျက်နှာတစ်ချက်မဲ့၍ အတန်ကြာအောင်ငေးနေမိပြီးနောက် ရုတ်တရက် ထခုန်ကာ ထိုနေရာမှပြေးထွက်သွားလေတော့သည်။

ထိုအချိန်တွင် စီးမင်းချွေးရှက်နှင့် စွန်းရှုကျင်းတို့ အိမ်ခန်းထဲမှ လျှောက်ထွက်လာခဲ့၏။

သူတို့သည် လုရှောင်ဖုန့် အူယားဖားယား ပြေးထွက်သွားသည်ကိုတွေ့ရသော် လွန်စွာ အံ့ဩသွားဟန်ဖြင့် ငေးကြောင်ကာကြည့်နေလိုက်မိကြ၏။

လုရှောင်ဖုန့်မှာ သူတို့နှစ်ဦးကိုပင် နှုတ်ဆက်ရန် အချိန်မရ

တော့သည့်အလား ဝင်းထရံကိုကျော်၍ ပြေးထွက်သွား၏။

စွန်းရှုကျင်းက ဝရံတာတွင်မှီ၍ရပ်နေသော အိုရန်ချင်းကို တစ်ချက်မျှကြည့်ပြီး လှမ်းပြောလိုက်၏။

"မင်း သူ့ကိုစိတ်ဆိုးအောင် လုပ်လွှတ်လိုက်တာလား"

အိုရန်ချင်းက ပြုံး၍ ခေါင်းခါပြလိုက်၏။ သူမအပြုံးက လွန်စွာ ကျေနပ်အားရသောအပြုံး။

"ဒါဖြင့် မင်းက သူ့ကိုဘာလုပ်လိုက်တာလဲဟင်"

အိုရန်ချင်းက ရွှန်းလက်စွာ ပြုံးရင်းမှ....

"သူ့ကို သူများတွေက ဘာမှလုပ်လို့ရမှာမဟုတ်ဘူး... သူကိုယ်တိုင်ကဘဲ သူ့ကိုယ်သူလုပ်မှာ"

စွန်းရှုကျင်းက အိုရန်ချင်းကို သေချာစွာ အကဲခတ်ကြည့်လိုက်ပြီးမှပြုံးကာ....

"မင်းက သူ့ရဲ့အကြောင်းကိုတောင် အတော်လေး နားလည်နေပါလား"

"ဟင်း... ဟင်း... ကျွန်မ သိတာကတော့ သူဟာ တကယ်ငပေါတစ်ယောက်ပဲ"

"ဒါပေမယ့် ရှင်ထင်နေတဲ့ငပေါတွေထဲမှာ သူဟာ အလည်ဆုံး ငပေါတစ်ယောက်ပါ"

"ဘာပြောတယ်... သူကလည်တယ် ဟုတ်လား"



စွန်းရှုကျင်းက ရှင်းပြလိုက်၏။

"သူ့ကိုစွန်နဲ့ပတ်သက်လာရင် သူက ငပေါပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူက သူ့ရဲ့ကိုယ်ကျိုးကိုသိပ်ကြည့်တဲ့လူစားမျိုး မဟုတ်ဘူး၊ ဒါပေမယ့် တကယ်လို့ တစ်ဦးတစ်ယောက်က သူ့ကိုငပေါလို့ထင်ပြီး သူ့ကိုညာလိမ်မယ်ကြံရင်တော့ ဒီလူတော့ ကောင်းကောင်းကြီးခံရပြီသာ မှတ်ပေတော့"

အိုရန်ချင်းက ဘာမှဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေလိုက်၏။

စွန်းရှုကျင်းက အိုရန်ချင်းအား အကဲခတ်ကြည့်ရင်း....

"မင်း သူ့ကို သဘောမကျဘူးလားဟင်"

"မမက ဘာဖြစ်လို့ တခြားကိစ္စမပြောရတာလဲဟင်"

စွန်းရှုကျင်းက မကြားဟန်ဖြင့် သူမသိချင်တာတွေကိုသာ ဆက်မေးနေ၏။

"မင်း သူ့အပေါ် စိတ်မဝင်စားမိဘူးလား"

"ဟင့်အင်း"

အိုရန်ချင်းက ခေါင်းခါရင်း ဖြေလိုက်၏။

စွန်းရှုကျင်းက အိုရန်ချင်း၏အမူအရာကိုကြည့်ပြီး ရယ်မောလိုက်၏။

"မင်း ငါ့ကိုညာမနေပါနဲ့ကွာ... ငါဟာ မိန်းမတစ်ယောက်

ဖြစ်တယ်ဆိုတာကို မင်း မမေ့ပါနဲ့ဦး"

စွန်းရှုကျင်းက သူ့ဗိုက်ကိုပွတ်သပ်ရင်းပြုံးကာ ဆက်၍....

"ငါ အခု တကယ်မိန်းမဖြစ်သွားပြီ... မင်းတို့လို အပျိုလေးတွေက ငါ့ကို ဘယ်လိုမှလိမ်ညာလို့မရပါဘူး"

အိုရန်ချင်းက နှုတ်ဆိတ်သွားရှာ၏။ သို့သော် သူမ၏မျက်နှာပြင်တွင် ပန်းနုရောင်ရက်ပြုံးကလေးတစ်ပွင့် ပွင့်လက်လို့သွားပါ၏။

ကိုးလ ဆယ့်ငါးရက်နေ့၏ညနေဆည်းဆာချိန်....။

ရာသီဥတုသည် လွန်စွာ သာယာလျက်ရှိနေပါ၏။

လုရှောင်ဖုန်းက နံ့သာမုန့်ဆိုင်မှထွက်လာသည်နှင့် လမ်းမကြီးအတိုင်း ဆက်လျှောက်သွား၏။

သည်နေ့ ဆည်းဆာမကွယ်ပျောက်မီ သူ့အတွက် ပိုးချည်ခါးစည်းတစ်ခုပြန်ရမှ ဖြစ်ပေမည်။

ဒီည၏ဓားရေးပြိုင်ပွဲသို့ သူမသွား၍မဖြစ်ပေ။

အဘယ်ကြောင့်ဆိုသော် ဓားရေးပြိုင်မည့်သူနှစ်ဦးစလုံးသည် သူ၏သူငယ်ချင်းများဖြစ်ကြသည် မဟုတ်ပါလား။



သို့သော် ယခု သူ့အတွက် ပိုးချည်ခါးစည်းတစ်ခုမျှ မကျန်ရှိတော့။

သူပေးလိုက်သောပိုးချည်ခါးစည်းများကိုလည်း ပြန်တောင်း၍မဖြစ်။

သို့သော် အခိုးခံလိုက်ရသောပိုးခါးစည်းကိုမူ ပြန်ယူပိုင်ခွင့်ရှိသည် မဟုတ်ပါလား။

ထို့ကြောင့် သူ့အတွက် အရေးကြီးဆုံး တွေ့ရမည့်သူမှာ ကြွယ်ချေဆက်တူ ဖြစ်နေတော့၏။

လုရှောင်ဖုန်းက မျက်လှည့်ဝိုင်းတစ်ဝိုင်းအနားသို့ လျှောက်သွား၏။

ထိုစဉ် ကလေးတစ်အုပ်က ရုတ်တရက် သူ့နားသို့ပြေးလာကြ၏။

လုရှောင်ဖုန်းနားသို့ရောက်လာသောအခါတွင်မူ သူတို့က ရုတ်တရက် သီချင်းတစ်ပုဒ်ကိုအော်ဆိုကြသည်။

နှုတ်ခမ်းမွေးကြီး တကားကား....။

လုရှောင်ဖုန်းကြီး ဆက်တူသား....။

ဆက်တူသားက ဆိုးပေပေ ခွေးချီးစားလို့လမ်းမှာနေ။

လုရှောင်ဖုန့် ထိုသီချင်းကိုကြားရသည်နှင့်ဆက်တူ၏လက်ချက်မှန်း ချက်ချင်းသိ၏။ သူက ရယ်ရခက် ငိုရခက်ဖြစ်နေရှာ၏။

အတန်ကြာတော့မှ ကလေးများက အဆိုရပ်သွားကြသည်။ သူက ချက်ချင်း ကောက်မေးလိုက်၏။

"မင်းတို့ကို ဘယ်သူက ဒီသီချင်းသင်ပေးလိုက်တာလဲကွ"

သွက်လက်ချက်ချာသော ကလေးတစ်ယောက်က....

"ဆံဖြူဘိုးဘိုးက သင်ပေးတာဗျ... သူပြောတယ် ဦးဦးက ဒီသီချင်းကိုသိပ်ကြိုက်တယ်တဲ့၊ ကျွန်တော်တို့က ဦးဦးကိုဆိုပြရင် ဦးဦးက ကျွန်တော်တို့ကိုသကြားလုံးဝယ်ကျွေးလိမ့်မယ်တဲ့၊ ကျွန်တော်တို့ဆိုတာ မှန်တယ်နော် ဦးဦး၊ ကျွန်တော်တို့ကို သကြားလုံးဝယ်ကျွေးပါ ဦးဦးရယ်"

လုရှောင်ဖုန့်မှာ ဒေါသအမျက် ချောင်းချောင်းထွက်သွား၏။

ထိုစဉ် ကလေးတစ်ယောက်က....

"ဦးဦး ကျွန်တော်တို့ဆိုတာ နားထောင်လို့ကောင်းရဲ့လား"

"သိပ်ကောင်းတယ်... သိပ်ကောင်းတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ကို သကြားလုံးဝယ်ကျွေးတော့လေ"

လုရှောင်ဖုန့်က သက်ပြင်းချ၍....



"အေးအေး မင်းတို့အားလုံးကို ဦးဦး သကြားလုံးဝယ်ကျွေးမယ်"

သူကပြောရင်း အိတ်ထဲမှပိုက်ဆံနှိုက်ပြီး ကလေးအားလုံးကိုသကြားလုံး ဝယ်ကျွေးလိုက်၏။

လုရှောင်ဖုန့်ကား တကယ့်လူပင်။ သူများမလုပ်နိုင်သောအရာကို သူကလုပ်တတ်၏။

ယခုလည်း ကြည့်။ တခြားလူသာဆိုလျှင် ကလေးများကို မာန်မဲကြိမ်းမောင်းပေလိမ့်မည်။

သို့သော် သူကမမာန်မဲသည့်ပြင် ကလေးများကို သကြားလုံးပင် ဝယ်ကျွေးလိုက်သေးသည်။

သူကသကြားလုံးများကို မျှတစွာ ကလေးများအား ဝေပေးလိုက်၏။

ကလေးများက ဝမ်းပန်းတသာ လက်ခုပ်တီး၍ လုရှောင်ဖုန့်အား ထောပနာပြုလေသည်။

ထိုအခါကျမှပင် သူက ကလေးငယ်တစ်ယောက်ကို လှမ်းမေးလိုက်၏။

"မင်းတို့ရဲ့ ဆံဖြူဘိုးဘိုးကော"

"သူထွက်သွားပြီ ဦးဦး"

လုရှောင်ဖုန့် စိတ်ပျက်သွား၏။ သူကထွက်ခွာရန် ဟန်ပြင်

လိုက်စဉ် ရုတ်တရက် ထိုကလေးက....

"ဪ... ဦးဦးနေဦး... ကျွန်တော်တစ်ခု မေ့နေသေးတယ်"

"ဘာများလဲကွ"

"ဟိုဘိုးဘိုးက ကျွန်တော့်ကိုမှာထားခဲ့တယ်၊ ဦးဦးက ကျွန်တော်တို့ကိုသကြားလုံးကျွေးပြီးမှ အထုပ်ကိုပေးလိုက်ပါတဲ့၊ အဲဒီအထုပ်ကို ကျွန်တော်တို့သိမ်းထားတယ်"

ကလေးတစ်ယောက်က လှစ်ခနဲ ပြေးသွားပြီး တံခါးကွယ်တစ်ခု၏နောက်မှ အထုပ်ငယ်တစ်ခုကိုဆွဲ၍ ပြန်ပြေးလာသည်။

လုရှောင်ဖုန့် ထိုအထုပ်ကို အလျင်အမြန် ဖြေကြည့်လိုက်၏။

လုရှောင်ဖုန့် မျက်လုံးစုံပြူးကျယ်သွားသည်။

အံ့ဩသောအမူအရာများ ရုတ်ခြည်းဖြစ်ပေါ်လာသည်။

အထုပ်ထဲတွင် လုရှောင်ဖုန့်တွေ့လိုက်ရသောအရာမှာ ပိုးချည်ခါးစည်းနှစ်ခု။ ထို့ပြင် စာတစ်စောင်။

လုရှောင်ဖုန့် ထိုစာကို ကမန်းကတန်း ဖြန့်ဖတ်သည်။

"မင်းပစ္စည်းကို ငါခိုးတုန်းက ၁စ်ခုတည်းရယ်... အခုနှစ်ခုပြန်ပေးပါတယ်၊ ဒါကိုမကျေနပ်ရင် လုရှောင်ဖုန့်ရေ... မင်းခွေးချီးပဲစားနေပါတော့"

လုရှောင်ဖုန့် ခဏတာ တွေသွားသည်။



ဒီကောင် ဘာလို့ ငါ့ဆီကိုပိုးခါးစည်းတွေပြန်ပို့ပါလိမ့်။

ဘယ်ပုံဘယ်နည်းနဲ့ပိုးခါးစည်းကို ရတာပါလိမ့်။

လုရှောင်ဖုန့် အရှည်အဝေး စဉ်းစားချိန်မရ။

သူ့မှာလုပ်ဆောင်စရာတွေ မြောက်မြားစွာ ရှိသေးသည်။

နောက်ဆုံးတွင် လုရှောင်ဖုန့်သည် ခေါင်းခါယမ်းရင်း နံ့သာမုန့်ဆိုင်ဘက်သို့ ခြေဦးပြန်လှည့်ခဲ့တော့၏။

နံ့သာမုန့်ဆိုင်သို့ လုရှောင်ဖုန့် ပြန်ရောက်ချိန်တွင် မှောင်ရီပျိုး စပြုနေပြီဖြစ်သည်။

သို့သော် ဆည်းဆာရောင်မှာ လွင့်ပြန့်လျက်။

အခန်းထဲတွင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသောမိန်းမသားနှစ်ဦး။ တစ်ဦးက အိုရန်ချင်း။ တစ်ဦးကမူ စွန်းရှုကျင်း။ နှစ်ဦးစလုံး ရုပ်ရည်လှသည်။

ရုပ်သိမ်းလုလု ဆည်းဆာနေခြည်၏ရောင်ပြန်ဟပ်မှုအောက်တွင် သူတို့အလှတွေက ဝင်းတောက်နေသည်။ ရွှန်းလက်နေသည်။

သို့သော် သူတို့နှစ်ဦးစလုံး၏မျက်နှာပေါ်တွင် ဆွေးရိပ်သန်း

လျက် ရှိနေပါ၏။

လှရောင်ဖုန့် ခြေလှမ်းတွေ တုံ့နှေးသွားသည်။ တဒင်္ဂပင် သူတို့နှစ်ဦးကို တွေငေးကြည့်နေမိသည်။

လှရောင်ဖုန့် အခန်းထဲသို့ဖြည်းညင်းညင်သာစွာ ဝင်ခဲ့သည်။

သူ့နှုတ်မှလည်း "စီးမင်းချွေးရက်ထွက်သွားပြီလား"ဟု မေးချင်နေ၏။ သို့သော် မမေးဝံ့ချေ။

သို့ဖြင့် စားပွဲထက်မှအရက်ခရားကိုသာ ကောက်ယူပြီး အရက်တစ်ခွက်ငှဲ့ကာ ဖြည်းညင်းစွာ သောက်နေလိုက်သည်။

ထိုအချိန်တွင် စွန်းရှုကျင်းက လှရောင်ဖုန့်အား လှမ်းပြောသည်။

"သူ သွားပြီ"

"အင်း... ငါသိပါတယ်"

လှရောင်ဖုန့်က သည်မျှသာပြန်ပြောပြီး စွန်းရှုကျင်း၏စကားဆက်ကို နားစွင့်နေလိုက်၏။

"သူက မြို့ပြင်ထွက်သွားပြီးမှ ပြန်ဝင်လာမယ်တဲ့... ဒါမှသူများတွေ သူနေပြည်တော်မှာပဲ ရှိနေခဲ့တယ်ဆိုတာ မရိပ်မိမှာတဲ့"

လှရောင်ဖုန့်က ခေါင်းဆက်ညိတ်လိုက်၏။

စွန်းရှုကျင်းက ညင်သာစွာ ဆက်ဆိုပြန်၏။

"သူမှာလိုက်သေးတယ်... ရှင် အမြန်ဆုံး သူ့ဆီကိုလိုက်လာ



ခဲ့ပါတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာသူငယ်ချင်းဆိုလို့ ရှင်တစ်ယောက်တည်းသာ ရှိတာတဲ့"

လှရောင်ဖုန့် ရင်မှာ နင့်ခနဲ ခံစားလိုက်ရ၏။

စွန်းရှုကျင်းလည်း စကားအဆုံးတွင် နင့်မောဟန်ဖြင့် ပြင်ပသို့သာ မျက်လုံးအစုံအကြည့် လွှဲလိုက်ရာသည်။

နှစ်ဦးစလုံး ဘယ်ရွေ့ ဘယ်မျှတိတ်ငြိမ်စွာ နေမိသည်တော့ မသိ။

စွန်းရှုကျင်းကပင် ဆက်လက်၍ တိုးညင်းစွာ ရေရွတ်ရာသည်။

"ဩော်... ဒီညလဲ အချိန်တွေ တစစကုန်ဆုံးသွားတော့မှာပါလားနော်"

စွန်းရှုကျင်းက ယင်းစကားကိုအားတင်း၍ ဆိုပြီးနောက် မျက်ဝန်းအစုံကိုမှိတ်ထားလိုက်တော့၏။

သို့သော် သူမ၏မျက်ဝန်းထောင့်မှ မျက်ရည်စများစီးသွယ်၍ ကျလာရှာပါ၏။

လှရောင်ဖုန့် ထိုနေရာတွင် ဆက်လက်၍နေနိုင်စွမ်းမရှိတော့ချေ။

စွန်းရှုကျင်းအား နှစ်သိမ့်ပြုံးတစ်ချက် ကြိုးစားပြုံးပြရင်း တစ်လုံးချင်းဆိုသည်။

"ငါ သွားတော့မယ်... သူ့ကို ငါ ဆက်ဆက်ပြန်ခေါ်လာခဲ့ပါ့မယ်"

လုရှောင်ဖုန့်က စကားကိုတိုတိုတုတ်တုတ်မျှသာ ပြောဝံ့သည်။

အခုချိန်ထိ စွန်းရှုကျင်းနံဘေးမှ အိုရန်ချင်းကိုလည်း သူ ဆက်မကြည့်ရဲချေ။

ကနဦးကမူ လုရှောင်ဖုန့်သည် ပိုနေသောပိုးခါးစည်းကို အိုရန်ချင်းအား ပေးရန် ရည်ရွယ်ခဲ့၏။

သို့သော် ယခုအခြေအနေတွင် ဓားရေးပြိုင်ပွဲသို့ အိုရန်ချင်းအား သူခေါ်မသွားလိုတော့။

အဘယ်ကြောင့်ဟူမူ လွန်စွာ အားငယ်နေရှာသော စွန်းရှုကျင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အိုရန်ချင်းတွင် တာဝန်ရှိနေပြီမဟုတ်ပါလား။

ယခုအချိန်တွင် လုရှောင်ဖုန့်၏ အရေးတကြီး မျှော်လင့်ချက်က စီးမင်းချွေးရှက်အား ပြန်ခေါ်လာရေးပင်ဖြစ်ပါ၏။

လုရှောင်ဖုန့် ထိုအတွေးဖြင့် ထိုင်ရာမှထလိုက်၏။ ထိုစဉ် အိုရန်ချင်းက သူ့လက်ကို ရုတ်တရက် ဆွဲထားလိုက်၏။

လုရှောင်ဖုန့် အိုရန်ချင်း၏မျက်ဝန်းသို့ ဖျတ်ခနဲ ကြည့်လိုက်မိ၏။



သြော်... အိုရန်ချင်း၏မျက်ဝန်းတွင်လည်း မျက်ရည်စတွေ နှင့်ပါလား။

ပထမသော လုရှောင်ဖုန့် အံ့သြသွား၏။ မယုံကြည်နိုင်အောင်ဖြစ်သွား၏။ ပြီးမှ လုရှောင်ဖုန့် သဘောပေါက်တော့သည်။

အမှန်မူ မိန်းမသားများ၏အကြောင်းကို လုရှောင်ဖုန့် ကျွမ်းကျွမ်းကျင်ကျင် နားမလည်ချေ။

သို့သော် သူသိထားသည်က တစ်ခုသာရှိ၏။

ယင်းမှာ မိန်းကလေးတစ်ဦးက ယောကျ်ားတစ်ဦးကိုမုန်းနေလျှင် ဤအကြည့်မျိုး ကရုဏာလွှမ်းသော ဤမျက်ဝန်းမျိုးဖြင့် ကြည့်မည် မဟုတ်။

ထို့ပြင် ယခုကဲ့သို့ သူ့လက်ကိုလည်း ဆွဲထားမည် မဟုတ်။

ယခုမူ အိုရန်ချင်း၏အကြည့်နှင့် အပြုအမူက လုရှောင်ဖုန့်၏ ရင်ကိုညွတ်နူးသွားစေပြီ။ အိုရန်ချင်းအပေါ် လုရှောင်ဖုန့် နားလည်လိုက်ပြီဖြစ်ပါ၏။

လုရှောင်ဖုန့်၏လက်ကိုဆွဲထားသော အိုရန်ချင်း၏လက်က အေးစက်နေသော်လည်း အားရှိသည်။

မှန်သည်။ အိုရန်ချင်းကိုယ်နှိုက်ကလည်း ယခုမှပင် သူ့ကိုယ်သူ နားလည်သွားတော့၏။

မိန်းကလေးတစ်ဦးသည် မိမိနှလုံးသားကို ပုံအပ်ထားသော

ယောကျ်ားတစ်ဦးနှင့် တကယ်တန်း ခွဲခွာရတော့မည်ဆိုသောအခါ အဘယ်မျှ ဆွေးမြေ့ဖွယ်ကောင်းသော ရင်နာခြင်းကို ခံစားရကြောင်း သူမ သိပါလေပြီ။

သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦးအချိန်ကြာမြင့်စွာ မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိကြ၏။ နှစ်ဦးစလုံး၏ရင်မှာ လှိုက်ဖိုလို့နေ၏။

ထိုအချိန်တွင် အိုရန်ချင်း၏နှုတ်မှအမှတ်မထင် စကားများ ပွင့်ထွက်လာရှာသည်။

"ရှင်လဲ ပြန်လာမယ် ဟုတ်လား"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်၏။ နှုတ်မှလည်း နှစ်သိမ့်စကားဆိုသည်။

"စိတ်ချ... ငါပြန်ကိုလာမယ်"

"တကယ်နော်"

"တကယ်ပါ"

အိုရန်ချင်းက ခေါင်းကလေးငုံ့လိုက်၏။

လုရှောင်ဖုန့်၏လက်ကိုဆုပ်ဆွဲထားမိသော သူ့လက်ကိုလည်း ဖြေလွှတ်လိုက်၏။

ပြီးမှ တိုးညင်းသောအသံဖြင့်....

"ကျွန်မ ရှင့်ကိုစောင့်နေပါ့မယ်"



အိုရန်ချင်း၏တိုးညင်းသော ဤစကားလုံးလေးများက လုရှောင်ဖုန့်၏နားဝယ်ပဲ့တင်ရိုက်ခတ်လို့ သွားပါ၏။

ကျွန်မ ရှင့်ကိုစောင့်နေပါ့မယ်။

ကျွန်မ ရှင့်ကိုစောင့်နေပါ့မယ်တဲ့။ အဘယ်မျှ ချိုမြိန်သောစကားတွေပါနည်း။ အဘယ်မျှ ကြည်နူးဆွတ်ပြန့်ဖွယ် စကားတွေပါနည်း။

လုရှောင်ဖုန့် ရင်တစ်ခုလုံး ထိုစကားလုံးတွေဖြင့် ပြည့်နှက်သွားသလို ခံစားလိုက်ရပါ၏။

အပြင်ဘက်သို့ရောက်လာသော လုရှောင်ဖုန့်မှာ အချုပ်အနှောင်တစ်ခုမှလွတ်မြောက်သွားသလို စိတ်လက်ပေ့ါပါးသွား၏။

ယခု သူ့တွင် အရေးတကြီးဆောင်ရွက်စရာ ပြဿနာတစ်ခုသာ ကျန်တော့၏။

ယင်းမှာ နောက်ဆုံးပိုနေသောခါးစည်းတစ်ခုကို မည်သူ့အား ပေးရမည်ကို ဆုံးဖြတ်ရန်ပင် ဖြစ်သည်။

သူလျှောက်လှမ်းနေရာ လမ်းတစ်လျှောက်တွင် လူတွေ ဥဒဟိုဖြတ်သန်းသွားလာနေကြ၏။

သစ္စာမှန်

နေရာတိုင်းလိုလိုတွင် လူအုပ်စုဖွဲ့ကာ ယခုညကျင်းပချိန် ကျရောက်တော့မည့် ရက်ကူးချိန်နှင့်စီးမင်း ချွေးရုက်တို့၏ဓားရေး အဆုံးအဖြတ် ပြိုင်ပွဲအကြောင်းကိုသာ စိတ်ဝင်တစား ဆွေးနွေး ဝေဖန်နေကြသည်ကို တွေ့ရ၏။

လုရှောင်ဖုန့်က မသိယောင် မကြားယောင်ပြုလျက် ထိုလူအုပ်စုများကြားမှ ဖြတ်သန်းလျှောက်လှမ်းလာနေ၏။

တစ်နေရာအရောက်တွင် အမှတ်မထင် စားသောက်ဆိုင်ကြီးတစ်ခုမှ ဝင့်ဝင့်ဝါဝါ ထွက်လာသော လူတစ်ယောက်ကို တွေ့ရ၏။

ထိုလူဝတ်ထားသောအဝတ်အစားတွေက လှပတောက်ပြောင်သောအမိုးတန်အဝတ်အစားများဖြစ်ပြီး ထိုလူလှမ်းလျှောက်နေပုံက ဝင့်ထယ်လှသည်။

ထိုသူကား အခြားမဟုတ်။ လီရက်ပေနှင့် အလောင်းကစားပြုထားသူ တောင်ပိုင်းဘုရင် တုတုန်ကျန်းပင် ဖြစ်ပါ၏။

လုရှောင့်ဖုန့်က ရုတ်တရက် သူ့အနားသို့လျှောက်သွားပြီး သူ့ပခုံးကို တစ်ချက်ပုတ်လိုက်၏။

နှုတ်မှလည်း....

"ဆရာကြီးတုတုန်ကျန်း ကျန်းခန့်သာလို့မာပါစေ"

ဟု နှုတ်ဆက်လိုက်သည်။

တုတုန်ကျန်းက ရုတ်တရက်မို့ ထိတ်လန့်သွားပြီး ဖျတ်ခနဲ



လှည့်ကြည့်လိုက်ရာ လုရှောင်ဖုန့် ဖြစ်နေသည်ကိုတွေ့သဖြင့် ပြုံးလျက်....။

"ကျုပ် ကျန်းမာပါတယ်"

ဟု ပြန်လည်နှုတ်ခွန်းဆက်လေသည်။

ထိုအချိန်၌ တုတုန်းကျန်း၏ငါးလှမ်းအကွာတွင် တစ်ကိုယ်လုံး အဝတ်နက်ဝတ်ဆင်ထားပြီး မျက်နှာမည်းမည်းနှင့် ပိန်ပိန်ပါးပါး လူတစ်ယောက်ရပ်နေသည်ကို လုရှောင်ဖုန့် သတိပြုလိုက်မိ၏။

ထိုလူ့ကိုကြည့်ရသည်မှာ အသက်ရှိသူနှင့်မတူဘဲ သက်မဲ့ဝိညာဉ်တစ်ခုနှင့်သာ တူနေလေသည်။

လုရှောင်ဖုန့်က တုတုန်ကျန်းအား ပြုံးကြည့်ရင်း စကားဆက်သည်။

"ကျုပ်မှာ ပိုးချည်ခါးစည်းတစ်ခု ပိုနေတယ်ဗျ... ခင်ဗျားလိုချင်ရင် ကျုပ်ပေးလိုက်မယ်"

"ကျုပ် မလိုချင်ပါဘူး"

တုတုန်းကျန်းအဖြေကြောင့် လုရှောင်ဖုန့် အံ့သြသွား၏။

အဘယ့်ကြောင့်ဟူမူ ယခုအချိန်တွင် လူတိုင်းလူတိုင်းသည် ဓားရေးအဆုံးအဖြတ်ပြိုင်ပွဲသို့ တက်ရောက်နိုင်ရန် ပိုးချည်ခါးစည်းကို မရရသည့်နည်းဖြင့် ရရှိအောင်အစွမ်းကုန်ကြိုးစားယူနေချိန်တွင် တုတုန်ကျန်းသည် သူပေးသောပိုးချည်ခါးစည်းကို တပ်မက်ခြင်းမရှိ

ငြင်းဆန်၍ပင်နေသည်ကို အံ့သြဖွယ်ရာတွေ့ရှိရသောကြောင့်ပင် ဖြစ်ပါ၏။

တုတုန်ကျန်းက ယင်းသို့ငြင်းဆန်ပြီးနောက် လုရှောင်ဖုန့်အား လက်အုပ်ချီ၍ဂါရဝပြုရင်း....

"ကျုပ် သွားတော့မယ်... နောက်မှ တွေ့ကြသေးတာပေ့ါ"

ဟု ဆိုကာ ထိုနေရာမှထွက်ခွာသွားတော့၏။

လုရှောင်ဖုန့်မှု ယင်းနေရာတွင် အချိန်အတော်ကြာအောင် ကြောင်၍ရပ်နေမိ၏။

သို့သော်ဆက်လက်၍ သူ မစဉ်းစားတော့ပေ။ စဉ်းစား၍ အဖြေမရနိုင်သောပုစ္ဆာကို လုရှောင်ဖုန့် အချိန်ကုန်ခံ မစဉ်းစားချင်တော့။ စဉ်းစားမည့်လူစားမျိုးလည်း မဟုတ်။

ထို့ကြောင့် သူဆက်လက်၍ တွေဝေမနေတော့ဘဲ ထိုနေရာမှထွက်လာခဲ့တော့သည်။

ငွေလရောင်ပြုံးပြက်ဆမ်းပက်ထားရာအောက်တွင် ထိုက်ဟိုနန်းဆောင်ကြီးသည် ရွှေတောင်ငွေတောင်အလား လင်းထိန်တောက်ပနေလေသည်။



ယင်းအချိန်တွင် လုရှောင်ဖုန့်သည် နန်းတွင်းမြို့တော်ထဲသို့ ရောက်ရှိနေပြီ ဖြစ်ပါ၏။

လုရှောင်ဖုန့်သည် မြို့တော်တွင်းသို့ရောက်သည်နှင့် ရှီးသားဘုန်းဘုန်းကို ဦးစွာတွေ့ရ၏။

တွေ့သည့်နေရာက တစ်ခုသောတံတားငယ်ပေါ်တွင် ဖြစ်ပါ၏။

ရှီးသားဘုန်းဘုန်းသည် ယင်းတံတားငယ်၏ တစ်ဖက်ထိပ်တွင် ထိုင်နေခြင်းပင်ဖြစ်သည်။

လုရှောင်ဖုန့်သည် ရှီးသားဘုန်းဘုန်းအား အမှတ်မထင်တွေ့လျှင်တွေ့ခြင်း ဝမ်းသာအားရဖြင့် ပြေးသွားပြီး....

"ကိုယ်တော် စောလှချည်လား"

ဟု နှုတ်ခွန်းဆက်လိုက်၏။

ထိုအချိန်တွင် ရှီးသားဘုန်းဘုန်းမှာ ပေါင်မုန့်စားနေဆဲဖြစ်ရာ လုရှောင်ဖုန့်ကိုတွေ့သည်နှင့် လက်ထဲမှပေါင်မုန့်ကို ကမန်းကတန်း ဝှက်ထားလိုက်၏။

ထို့နောက် စားလက်စ ပလုပ်ပလောင်းဖြင့်....

"အင်း"

ဟု ပြန်ထူးသည်။

လုရှောင်ဖုန့်က ပြုံးလျက်....

"ကိုယ်တော့် လက်ထဲကပစ္စည်းကိုမြင်တော့မှ တပည့်တော် တစ်ခု သတိရမိတယ်ဘုရား"

ရှီးသားဘုန်းဘုန်းက ဘုဆတ်ဆတ်အသံဖြင့်....

"မင်း ဘာကိုသတိရမိတာလဲ"

လုရှောင်ဖုန့်က မျက်နှာငယ်ကလေးဖြင့်....

"တပည့်တော် ထမင်းမစားရသေးတာ ခုမှသတိရမိလို့ပါ"

ရှီးသားဘုန်းဘုန်းက မျက်လုံးမျက်ဆံပြူးလျက်....

"ဘာလဲ... မင်း ငါ့ဆီက ဉာဝါးစားချင်နေပြန်ပလား"

"တပည့်တော် ဘယ်တုန်းက ကိုယ်တော်ဆီက ဉာစားခဲ့ဖူးလို့လဲ"

ရှီးသားဘုန်းဘုန်း စကားဆက်မဆိုတော့။ စိတ်ဆိုးလွန်းသဖြင့် ခပ်မဆိတ်ပင်နေလိုက်သည်။

လုရှောင်ဖုန့်က ဟက်ဟက်ပက်ပက်ရယ်မောနေပြီးနောက် အတန်ကြာမှပင်....

"ကိုယ်တော် အခု ဒီမှာဘာထိုင်စောင့်နေတာလဲ"

ရှီးသားဘုန်းဘုန်းက မျက်နှာခပ်တင်းတင်းဖြင့်....

"ဘုရင်ကြီး စက်တော်ခေါ်မယ့်အချိန်ကို စောင့်နေရတာပေါ့"

"ဒါဆို အခု မဝင်ရသေးဘူးပေါ့"



"ဟုတ်တယ်... မဝင်ရသေးဘူး"

"စီးမင်းချွေးရှက်နဲ့ရက်ကူးချန်ကော ရောက်ကြပြီလား"

"မသိဘူး"

"တခြားလူတွေကော"

"မသိဘူး"

"ဒါဖြင့် ကိုယ်တော်က ဘယ်သူနဲ့မှ မတွေ့ရသေးဘူးပေါ့"

"တစ်ယောက်တည်းပဲ တွေ့သေးတယ်"

"ဘယ်သူလဲ"

"နန်းတွင်းထိပ်သီးသိုင်းသမားကြီး ချင်းရှက်... သူက ငါ့ကို ဒီမှာစောင့်ခိုင်းထားတယ်"

လုရှောင်ဖုန့် ဘာမျှဆက်မပြောဘဲ ငြိမ်နေလိုက်၏။

ထိုစဉ် အမှောင်ထဲမှလူရိပ်တစ်ခုက အပြေးလာသလို လာနေသည်ကို သူတွေ့လိုက်ရ၏။

ထိုသူ၏ ကိုယ်ဖော့သိုင်းပညာကို ကြည့်ခြင်းဖြင့် မုသောက်ရသေ့ဖြစ်ကြောင်း ခန့်မှန်းနိုင်ပါ၏။

မုသောက်ရသေ့က သူတို့နားရောက်သည်နှင့် ပြုံးလျက်ဆိုသည်။

"မင်းတို့စောလှချည်လားဟေ့"

ထိုအခိုက် လူရိပ်တစ်ခု ထပ်မံပေါ်လာပြန်သည်။

လုရှောင်ဖုန့်က မျက်မှောင်ကုပ်၍....

"ကိုယ်တော် နောက်ထပ်ခါးစည်းတစ်ခုက ဘယ်သူ့ကိုပေးလိုက်တာလဲ"

"ရယ်လင်ရင်းကို ပေးလိုက်တယ်လေ"

မုသောက်ရသေ့က အဝေးမှလာနေသူကိုကြည့်ရင်း မှတ်ချက်ချလိုက်၏။

"ဒီလူက ရယ်လင်ရင်းမှမဟုတ်တာ"

ရိုးသားဘုန်းဘုန်းကလည်း သူ့ထင်မြင်ချက်ကိုပြောလိုက်၏။

"အခုလာနေတာ ထန်ထင်းကျုံးလဲ မဟုတ်ဘူး... စီးမာကျယ်လဲ မဟုတ်ဘူး"

လာနေသူ၏သွင်ပြင်ဟန်က အလွန်ထူးဆန်းနေ၏။ အင်္ကျီစများ လေတွင်လွင့်ဝဲနေ၏။ အဝေးမှကြည့်လျှင် ထိုသူသည် လေထဲတွင် ပျံဝဲပြီး လာနေသကဲ့သို့ပင်။

သည်မျှ ကိုယ်ဖော့ပညာကျွမ်းကျင်ကောင်းမွန်သောသူမှာ လုရှောင်ဖုန့်အပါအဝင် သိုင်းလောကတွင် အလွန်ဆုံးရှိလျှင် သုံးလေးယောက်သာရှိပေမည်။

"ဒီလူက ဘယ်သူဖြစ်မလဲဟေ့"

ရိုးသားဘုန်းဘုန်းက လှမ်းမေးလိုက်၏။



လုရှောင်ဖုန့်က....

"သူက လူမှမဟုတ်တာ... ဒီကောင်က မျောက်သူခိုးပဲ"

လုရှောင်ဖုန့် စကားမဆုံးမီပင် ထိုလူသည် လုရှောင်ဖုန့်ရှေ့သို့ရုတ်တရက် ခုန်အုပ်သလိုရောက်ရှိလာပြီး ချက်ချင်းပင် နောက်ကျွမ်းလည်ကာ ပြန်ဆုတ်သွားသည်။

လုရှောင်ဖုန့်က မျက်နှာထားတင်းတင်းဖြင့်....

"ကဲ... ဒီလူကို အားလုံးသိကြပြီမဟုတ်လား"

မုသောက်ရသေ့က ပြုံး၍....

"လက်စသတ်တော့ 'ဆက်တူ'ကိုး... တကယ့်သူခိုးဝိဇ္ဇာကြီးပါလား"

ဆက်တူက မုသောက်ရသေ့၏စကားကို သဘောကျပြီး တဟားဟား ရယ်နေလိုက်၏။

လုရှောင်ဖုန့်က မကြားဟန်ပြုလျက် ဆက်တူ၏ခါးတွင် စည်းထားသောခါးစည်းကို ကြည့်ရင်း....

"မင်းက ငါ့ဆီက ခါးစည်းတစ်ခုသာခိုးသွားပြီး ပြန်ပေးတော့ ဘယ်လိုလုပ်နှစ်ခုဖြစ်နေတာလဲ"

"ငါဟာ သူငယ်ချင်းကောင်း ပီသပါတယ်... မင်းဖို့တောင် မင်းမေ့နေမှန်းသိလို့ မင်းအတွက် နှစ်ခုပြန်ရှာပေးတာပါ"

လုရှောင်ဖုန့်က မသက်သာဟန်ဖြင့် မေးလိုက်၏။

"မင်းက ဒါတွေကို ဘယ်ကရလာတာလဲ"

ဆက်တူက ရယ်ဖြဲဖြဲဖြင့်....

"ငါဟာ သူခိုးဝိဇ္ဇာ... သူခိုးဘုရင်ဆိုတာ မင်း မေ့နေပြီလား"

"ဒါဖြင့် မင်းက စီးမာကျယ်နဲ့ ထန်ထင်းကျိုးဆီက ခိုးလာတာပေါ့ ဟုတ်လား"

လုရှောင်ဖုန့်က ခပ်တင်းတင်း မေးလိုက်ခြင်းဖြစ်၏။

ဆက်တူက ပြုံးနေပြီး ရုတ်တရက် ရှေ့သို့လက်ညှိုးထိုးပြလိုက်၏။

"ဟိုမှာကြည့်စမ်း... ဘယ်သူတွေလာနေတယ်ဆိုတာ"

အဝေးဆီမှ လူနှစ်ယောက်အပြေးလာသလို လာနေသည်ကို သူတို့တွေ့လိုက်ကြ၏။

ဘယ်ဘက်မှလာနေသူမှာ လက်နှစ်ဖက်ကို အမြဲတမ်း ရှေ့တွင်ယှက်ပိုက်ထား၏။

သူ့ကိုကြည့်ရသည်မှာ အချိန်အခါမရွေး လျှို့ဝှက်လက်နက်ပုန်းကို ထုတ်ပစ်တော့မည့်ပုံပင်။

ထိုသူမှာ ထန်ထင်းကျိုးဖြစ်လေသည်။

နောက်တစ်ဦးမှာမူ လုရှောင်ဖုန့် လုံးဝမထင်မှတ်သူဖြစ်နေပါ၏။

ထိုသူမှာ သူ၏လက်ဝါးစောင်းကို သံမဏိကဲ့သို့ မာကျော



လာအောင်ကျင့်ခဲ့သော သံမဏိလက်ဝါးရှင်'ဖုကျို'ဖြစ်နေလေသည်။

သူသည် ကိုယ်ဖော့ပညာမကျွမ်းလှသေးသဖြင့် ထန်ထင်းကျိုး၏နောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက်လာနေရ၏။

ဖုကျို ဘယ်လိုနည်းဖြင့် ခါးစည်းကြိုးရခဲ့ပါသနည်း။

သူ၏ခါးစည်းကြိုးကလည်း လရောင်အောက်တွင် အနက်ရောင်တောက်လို့နေပါ၏။ အတုတော့ မဖြစ်နိုင်။

ဤလိုပိုးချည်ခါးစည်းမျိုးမှာ အားလုံးခြောက်ခုသာရှိရာ လုရှောင်ဖုန့်တွင် နှစ်ခု၊ ရှီးသားဘုန်းဘုန်း၊ မုသောက်ရသေ့၊ ဆက်တူတို့တွင် တစ်ခုစီရှိကြ၏။

ယခုထန်ထင်းကျိုးနှင့်ဖုကျိုတို့တွင် တစ်ခုစီရှိနေပြန်ရာ အားလုံးခုနှစ်ခုဖြစ်နေလေပြီ။

သို့ဆိုလျှင် ပိုထွက်လာသောတစ်ခုက ဘယ်ကထွက်လာသနည်း။

လုရှောင်ဖုန့် လွန်စွာ ဦးနှောက်ခြောက်သွားရပါတော့၏။

ဖုကျိုက ကိုယ်ဟန်ဝင့်ကြွားစွာဖြင့် တံတားထိပ်သို့လျှောက်လာ၏။

ထန်ထင်းကျူးကမူ လုရှောင်ဖုန့်အား တစ်ချက်မျှ လှည့်မကြည့်ချေ။

ထိုအချိန်တွင် နန်းတွင်းသက်တော်စောင့် အဝတ်အစားဝတ်ဆင်ထားပြီး ဓားကိုကျောတွင် လွယ်ထားသောလူတစ်ယောက် ခုန်ထွက်လာ၏။

ထိုသူကား အခြားသူမဟုတ်။ နန်းတွင်းထိပ်သီးသိုင်းသမားကြီးလေးဦးထဲမှ 'ချင်းရှက်' ဆိုသူပင် ဖြစ်ပါ၏။

ချင်းရှက်သည် ရောက်လျှင်ရောက်ချင်း လေးနက်တည်ကြည်သောအသံဖြင့်....

"ကဲ... လူစုံပြီဆိုတော့ အထဲသာဝင်ကြပေတော့၊ ဟိုတဝင့်ဝင့် တလက်လက်နဲ့မြင်နေရတဲ့နန်းဆောင်ကြီးဟာ ထိုက်ဟိုနန်းဆောင်ကြီးပါပဲ၊ ရက်ကူးချုန်နဲ့ စီးမင်းချွေးရှက်တို့က အဲဒီထိုက်ဟိုနန်းဆောင်ပေါ်မှာမှ ယှဉ်ပြိုင်ချင်တယ်ဆိုတော့ မင်းတို့ အဲဒီနန်းဆောင်ခေါင်မိုးပေါ် တက်နှင့်ကြပေတော့"

ချင်းရှက်က စကားအဆုံးတွင် ဖုကျိုကိုလည်းကောင်း၊ ခါးကိုင်းကိုင်းနှင့် အဘိုးအိုဟန်ဆောင်ထားသော ဆက်တူကိုလည်းကောင်း အကဲခတ်သလိုကြည့်ပြီးနောက် ဆက်ဆိုပြန်သည်။

"မင်းတို့ ဒီကိုရောက်လာနိုင်ကြတယ်ဆိုကတည်းက မင်းတို့ရဲ့သိုင်းပညာခေမှာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကြိုတင်မှာထား



ချင်တာကတော့ ထိုက်ဟိုနန်းဆောင်ရဲ့ခေါင်မိုးက သိပ်မြင့်တယ်၊ နောက်ပြီး အပေါ်မှာက သာမန်အိမ်ခေါင်မိုးလို့မဟုတ်ဘူး၊ သိပ်ချောတဲ့ကြွေမှန်တွေ ခင်းထားတယ်၊ ဒါကြောင့် အပေါ်ကနေ ချော်မကျအောင်သတိထားပြီး နေကြပါ၊ မတော်တဆ ချော်ကျလို့ ဘုရင်ကြီးသိသွားရင်တော့ မင်းတို့ရဲ့တာဝန်ပဲ"

ဖုကျို၏ ဝင့်ကြွားကြွားမျက်နှာလေးမှာ ချက်ချင်းပင် ဇီးစေ့လောက်မျှ သေးငယ်သွား၏။

ထိုစဉ် ချင်းရှက်က လုရှောင်ဖုန့်ဘက်သို့ ရုတ်တရက် လှည့်၍....

"လုရှောင်ဖုန့်... မင်း ဆက်မသွားနဲ့ဦး၊ မင်းကို လူတစ်ယောက်က စောင့်နေတယ်"

"ဘယ်သူလဲဗျ"

"မင်းသိချင်ရင် ငါနဲ့လိုက်ခဲ့"

ချင်းရှက်က ပြောပြောဆိုဆို ကိုယ်တစောင်းခုန်ထွက်လိုက်ပြီး အဝေးသို့ရောက်သွားတော့၏။

အမှန်မှာ ချင်းရှက်သည် သူတို့ အားလုံး၏ရှေ့တွင် သူ၏ကိုယ်ဖော့သိုင်းပညာမည်မျှ အဆင့်မြင့်ကြောင်း ပြလိုဟန်တူပါသည်။

လုရှောင်ဖုန့်က ချင်းရှက်နောက်သို့ အောင့်သက်သက်ဖြင့်

ကပျာကသီ လိုက်သွားရလေတော့သည်။

ချင်းရှက်က လုရှောင်ဖုန့်အား အခန်းတစ်ခု၏ရှေ့သို့ခေါ်လာ၏။

"အခန်းထဲမှာ လူတစ်ယောက်က မင်းကိုစောင့်နေတယ်... မင်းဝင်ပြီး တွေ့ပေတော့"

"အဲဒီလူက ဘယ်သူလဲဗျ"

"စီးမင်းချွေးရှက်"

လုရှောင်ဖုန့်က တစ်ချက်ကြောင်သွားပြီး....

"သူက ဒီအထဲကို ဘယ်လိုကြောင့်ရောက်နေရတာလဲ"

ချင်းရှက်က ဘေးပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး အသံကိုနှိမ့်၍....

"ငါတို့ကလဲ သူ့ဘက်ကနေ လောင်းထားသေးတယ်ကွ၊ ဒါကြောင့် ငါတို့က သူ့ကိုအခွင့်အရေးပိုပေးထားတာပေါ့၊ သူ့ကို ဒီအခန်းထဲမှာ ကောင်းကောင်း အနားယူထားခိုင်းလိုက်တယ်၊ ဒါမှ သူက ရက်ကူးချန်ရဲ့ဓားကွက်ကို အားမာန်အပြည့်နဲ့ တိုက်ခိုက်နိုင်မှာ မဟုတ်လား"



လုရှောင်ဖုန့်က တစ်ချက်ပြုံးလိုက်၏။

ချင်းရှက်က ဆက်လက်၍....

"ဒီနေရာဟာ တကယ်တော့ အပြင်လူလုံးဝလာခွင့်မရှိတဲ့နေရာ၊ ဒါပေမယ့် အခုဘုရင်ကြီးက စက်တော်ခေါ်နေပြီ... ဒါကြောင့် ဒီနေရာကို ငါတို့လို သက်တော်စောင့်ကြီးတွေကလွဲရင် ဘယ်သူမှမလာရဘူး"

သူက ပြောရင်း တစ်ချက်ပြုံး၍ လုရှောင်ဖုန့်၏ပခုံးကိုပုတ်ပြီး အတွင်းခန်းသို့ဝင်ခိုင်းလိုက်လေသည်။

အခန်းတွင်းသို့ လုရှောင်ဖုန့်ဝင်လိုက်သောအချိန်တွင် စီးမင်းချွေးရှက်သည် လက်ကိုနောက်ပစ်၍ ပြတင်းပေါက်ရှေ့တွင်ရပ်လျက် အပြင်ဘက်သို့ ငေးကြည့်လျက်ရှိနေ၏။

သူကဝင်လာသောခြေသံကိုကြားရသော်လည်း လုံးဝလှည့်မကြည့်ပေ။

ထိုအနေအထားဖြင့်ပင် လှမ်းမေးလိုက်၏။

"မင်း ငါ့အိမ်ကိုရောက်သွားသေးသလား"

"အေး... ငါ ရောက်သွားတယ်"

"သူ့ကိုကော တွေ့လား"

"အင်း....."

စီးမင်းချွေးရှက်က အတန်ကြာ ငြိမ်သက်သွားပြီးနောက်....

"သူ... သူ ခံနိုင်ရည်ရှိရဲ့လား"

လုရှောင်ဖုန့်က အားတင်း၍ တစ်ချက်ပြုံးလျက်....

"မင်းလဲသိသားပဲ... သူဟာ စိတ်ဓာတ်ပျော့ညံ့တဲ့မိန်းက လေးမှမဟုတ်တာ"

လုရှောင်ဖုန့်၏မျက်နှာတွင် ပြုံးလျက်ရှိနေသော်လည်း သူ့ရင်မှာ ကျောက်ခဲတုံးကြီးဆွဲထားသည့်အလား လေးလံလျက်ရှိနေ၏။

ဤလိုသေရေးရှင်ရေးတမျှ အရေးကြီးသောပြိုင်ပွဲသို့ ရောက်လုလုအချိန်တွင် သူက သူ့၏ဇနီးကို သတိရတမ်းတနေသေး၏။

စီးမင်းချွေးရှက်တစ်ယောက် တကယ်ပင် ပြောင်းလဲသွားလေပြီ။

ယခင်ကကဲ့သို့ တုံးတိုက်တိုက် ကျားကိုက်ကိုက် တဇောက်ကန်း စီးမင်းချွေးရှက် မဟုတ်ကော့ပေ။ သမုဒယသံယောဇဉ်တွေ ရစ်နှောင်ခြင်းခံရလေပြီ။

စီးမင်းချွေးရှက်က ရုတ်တရက် လုရှောင်ဖုန့်အား မျက်နှာချင်းဆိုင်လိုက်ပြီး....



"ငါတို့ဟာ သူငယ်ချင်းတွေနော်"

"ဟုတ်ပါတယ်"

"တကယ်လို့ မတော်တဆ ငါသာသေသွားရင် မင်းက သူ့ကို ငါ့ကိုယ်စား စောင့်ရှောက်ပေးနိုင်ပါ့မလား"

"ငါ မစောင့်ရှောက်ပေးနိုင်ဘူး"

စီးမင်းချွေးရှက်၏မျက်နှာမှာ ရုတ်တရက် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့်....

"မင်း... မင်း ဘာကြောင့် မစောင့်ရှောက်နိုင်ရတာလဲ"

"ငါ မစောင့်ရှောက်ပေးနိုင်ရတာက မင်းဟာ ငါ့ရဲ့သူငယ်ချင်း ဘယ်တော့မှအနိုင်မခံတဲ့လူတွေ၊ ဘယ်တော့မှ သူများကို ဒူးထောက်အရှုံးမပေးတဲ့လူတွေကွ"

"ငါက အရှုံးပေးတာမှမဟုတ်တာ"

"ဒါပေမယ့် မင်းက ဘာဖြစ်လို့သေမယ့်ကိစ္စကိုပဲ ခဏခဏ စဉ်းစားနေရတာလဲ၊ ဘာဖြစ်လို့ မင်းရဲ့အရင်တုန်းက အောင်မြင်ခဲ့တဲ့ အကြောင်းတွေကို ပြန်မစဉ်းစားရတာလဲ၊ ဘာဖြစ်လို့ မင်းက ရက်ကူးချန်ကို ဘယ်လိုပြန်ပြီး အနိုင်ယူမယ့်နည်းလမ်းကိုရှာကြံပြီး မစဉ်းစားရတာလဲ"

စီးမင်းချွေးရှက်က ခေါင်းငုံ့ထားလိုက်၏။ သူက စားပွဲပေါ်တွင်တင်ထားသောဓားကို စိုက်ကြည့်လိုက်သည်။

သူက ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်၏။ သူ၏ဓားဆွဲထုတ်ပုံ ဆွဲထုတ်နည်းက မြန်ဆန်လှ၏။ သိုင်းလောကတွင် သူ့လောက်မြန်သူ မရှိချေ။

စီးမာကျယ်၏ဓားဆွဲထုတ်ပုံမှာ မြန်ဆန်သည်ဆိုသော်လည်း သူနှင့်ယှဉ်လိုက်သောအခါ ကလေးနှင့်လူကြီးပမာ ဖြစ်နေ၏။

လုရှောင်ဖုန့်က ရုတ်တရက် စီးမင်းချွေးရှက်အား မေးလိုက်၏။

"ငါဟာ မင်းရဲ့သူငယ်ချင်းနော်"

စီးမင်းချွေးရှက်က ခေါင်းညိတ်ပြလိုက်၏။

"ဒါဖြင့်ရင် ငါပြောတဲ့စကားကို မင်းယုံသလား"

သူက ခေါင်းညိတ်လိုက်ပြန်၏။

"ဒီလိုဆိုရင် ငါ မင်းကိုတစ်ခုပြောပြမယ်၊ ငါက ဒီသိုင်းလောကမှာရှိတဲ့ ဘယ်ဓားသမားတွေရဲ့ဓားတွေကိုမဆို မိအောင်ဖမ်းနိုင်တယ်လို့ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချပေမယ့် လူတစ်ယောက်ရဲ့ဓားကိုတော့ ငါ အာမ,မခံရဲဘူး"

သူကပြောရင်း စီးမင်းချွေးရှက်၏မျက်နှာကို အသေအချာစိုက်ကြည့်လိုက်၏။

ပြီးမှ ဖြည်းညင်းစွာ ဆက်၍....

"ဒီလူကတော့ တခြားလူမဟုတ်ဘူးကွ... မင်းပဲ"



စီးမင်းချွေးရှက်က သူ့လက်ထဲတွင်ဆုပ်ကိုင်ထားသောဓားကို စိုက်ကြည့်လိုက်၏။

ဖြူရော်သောမျက်နှာတွင် သွေးရောင်များပြန် လည်ယှက်သန်းလာ၏။

လုရှောင်ဖုန့် ချက်ချင်းသိလိုက်၏။ စီးမင်းချွေးရှက်သည် ကိုယ့်ကိုယ်ကို ပြန်လည်ယုံကြည်မှုရှိလာလေပြီ။

ဟုတ်ပါသည်။ လောကတွင်စိတ်ဓာတ်ကျနေသူတစ်ယောက်အဖို့ သူငယ်ချင်းတစ်ယောက်၏အားပေးမှုမှာ အထိရောက်ဆုံး အားဆေးတစ်လက်ပင်ဖြစ်သည် မဟုတ်ပါလား။

လုရှောင်ဖုန့် ထိုမျှသာပြောပြီး စီးမင်းချွေးရှက်ရှိရာအခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

အချိန်....။ ကိုးလဆယ့်ငါးရက်၏ညအခါ သမယ....။

လုရှောင်ဖုန့်က ထိုအခန်းမှထွက်လာပြီးနောက် ထိုက်ဟိုနန်းဆောင်ဘက်သို့ လျှောက်သွားလေသည်။

တကယ်၍ အောက်မှအထက်သို့သာ မော့ကြည့်လိုက်မည်ဆိုပါက ထိုက်ဟိုနန်းဆောင်၏ခေါင်မိုးမှာ မိုးသို့ထိလုဘနန်းမြင့်မား

ကြောင်း သိရပေမည်။

ဤလောက်မြင့်သော ခေါင်မိုးပေါ်သို့ ဘယ်သူကမျှတစ်ချက်တည်းနှင့် တက်၍မရနိုင်။ လုရှောင်ဖုန့်လည်း မရနိုင်ပေ။

သို့သော် လုရှောင်ဖုန့်တွင် ခေါင်မိုးပေါ်သို့တက်ရန် နည်းလမ်းရှိ၏။

သူက ရုတ်တရက် တစ်ချက်ခုန်၍ တိုင်လုံးတစ်လုံးအား တွယ်ဖက်ထားပြီး အိမ်မြှောင်သဖွယ် လက်ခြေတို့ဖြင့် တွယ်ကပ်၍ တက်သွားရာ မကြာခင် အပေါ်သို့ရောက်သွားလေတော့သည်။

အပေါ်သို့ရောက်သည်နှင့် လုရှောင်ဖုန့် ကြောင်သွား၏။

အပေါ်တွင် အားလုံးလူပေါင်းခြောက်ယောက်သာ ရှိရမည်ဖြစ်သော်လည်း ယခုမူ ဆယ့်သုံး–ဆယ်လေးယောက်မျှ ရောက်ရှိနေသည်ကို တွေ့ရ၏။

လူတိုင်း၏ခါးတွင်လည်း ပိုးချည်ခါးစည်းများကိုစည်းပတ်ထား၏။

ထိုစဉ်ခေါင်မိုးပေါ်သို့ လူတစ်ယောက်ထပ်မံရောက်ရှိလာပြန်၏။



ထိုသူသည် နန်းတွင်းထိပ်သီးသိုင်းသမား တင်းအောက်ဖြစ်သည်။

လုရှောင်ဖုန့်က တင်းအောက်အားတွေ့လျှင် တွေ့ခြင်း လူအုပ်ဆီသို့လက်ညှိုးထိုးပြပြီး လှမ်းမေးလိုက်၏။

"ဒါက ဘယ်လိုဖြစ်ကုန်ကြတာလဲ"

တင်းအောက်က အေးစက်စွာဖြင့်....

"ငါကလဲ မင်းကိုမေးမလို့ဘဲ"

"ငါ့ကိုမေးမလို့ ဟုတ်လား"

လုရှောင်ဖုန့်က အံ့သြဟန်ဖြင့် ပြန်မေးလိုက်၏။

"ဟုတ်တယ်... ငါတို့က မင်းကို ခါးစည်းခြောက်ခုပဲပေးခဲ့တယ်၊ အခုရောက်လာတဲ့လူဟာ နှစ်ဆယ့်တစ်ယောက်တောင်ရှိနေပြီ"

လုရှောင်ဖုန့်က သက်ပြင်းရှည်ကြီးချ၍....

"ငါကလဲ မင်းတို့ကို ဒီကိစ္စနဲ့ပတ်သက်ပြီး မေးမလို့ဘဲ"

ထိုစဉ် နောက်ထပ်လူနှစ်ယောက် ရောက်လာပြန်၏။

ရှေ့ဆုံးမှလူမှာ ချင်းရှက်ဖြစ်ပြီး နောက်တစ်ဦးမှာမူ ချွေကျိုရှင်ဖြစ်လေသည်။

ချင်းရှက်က ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာနေသော်လည်း ချွေကျိုရှင်မှာမူ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေ၏။ ဒီလူ

မှာ အမှန်ပင် စိတ်ဓာတ်တည်ငြိမ်သောလူ ဖြစ်၏။

ချင်းရှက်က ရောက်ရောက်ချင်းပင် လှမ်းမေးလိုက်၏။

"ဘယ်လိုလဲဟေ့"

လုရှောင်ဖုန့်က ခေါင်းခါယမ်းပြလိုက်၏။

ချွေကျိုရှင်က....

"ဒီလိုကိစ္စမျိုးက သုံးလေးခွန်းပြောလို့ ပြတ်သွားမယ့်ကိစ္စ မဟုတ်ဘူး၊ အခုအချိန် တို့လုပ်ရမှာက ဒီကိစ္စကိုလိုက်စုံစမ်းဖို့ မဟုတ်ဘူး"

ချင်းရှက်က ဝင်မေးလိုက်၏။

"ဒီလိုဆိုရင် အခု ဘယ်လိုလုပ်ကြမလဲ"

ချွေကျိုရှင်က ခပ်ပြတ်ပြတ် ပြောလိုက်၏။

"အစောင့်တွေကို ပိုချရတော့မှာပေါ့"

သူက ဆက်လက်၍ လေးနက်တည်ကြည်စွာဖြင့်....

"မင်းအခု အမိန့်သွားပေးလိုက်... ကင်းပုန်းတွေကို တစ်ဆ ပိုချလိုက်ပါ၊ နောက်ပြီး ဘယ်သူမှအသွားအလာ မလုပ်စေနဲ့တော့"

"ကောင်းပြီ... ကျုပ် သွားစီစဉ်လိုက်မယ်"

ချင်းရှက်က ချက်ချင်း ထွက်ခွာသွားတော့သည်။

ချွေကျိုရှင်က တင်းအောက်ဘက်သို့လှည့်၍....

"တင်းအောက် မင်းအခု နန်းတွင်းသိုင်းသမားတွေကို သွား



စုလိုက်ပါ၊ လိုအပ်လို့ရှိရင် တို့က ဘုရင့်နန်းတော်ဆောင်က သက်တော်စောင့်တွေကိုပါ ခဏခေါ်ထုတ်ရမှာပဲ၊ အခုချိန်ကစပြီး ထွက်သွားတဲ့လူသာ ရှိရမယ်၊ ဝင်လာသူ မရှိစေရဘူး... နားလည်ပြီလား"

တင်းအောက်က 'ဟုတ်ကဲ့'ဟု ဖြေရင်း အောက်သို့ဆင်းသွားတော့သည်။

ထိုအခါ ချွေကျိုရှင်က လုရှောင်ဖုန့်အား လှမ်းအဖော်ညှိလိုက်၏။

"တို့ ဟိုနား ဒီနားလျှောက်ပြီး တစ်ပတ်ကြည့်ရအောင်"

"ကောင်းသားပဲ"

ထိုက်ဟိုနန်းဆောင်၏ခေါင်မိုးမှာ ကျယ်ဝန်းလှ၏။ ယခုခေတ် ဘောလုံးကွင်း တစ်ကွင်းစာလောက် ကျယ်ဝန်း၏။

တစ်ဘက်ခြမ်းတွင် လူဆယ့်သုံးယောက်ရပ်နေ၏။

ဒီလူဆယ့်သုံးယောက်မှာ တစ်ယောက်တစ်နေရာစီခွဲပြီး ရပ်နေကြ၏။

တစ်ယောက်နှင့်တစ်ယောက်လည်း စကားမပြောကြပေ။ မျက်နှာတွင်လည်း မျက်နှာဖုံးကိုယ်စီ စွပ်ထားဟန်တူ၏။

ချွေကျိုရှင်နှင့်လုရှောင်ဖုန့်တို့က သူတို့၏အနားမှလျှောက်သွားသောအခါ သူတို့က လုံးဝအရေးမစိုက်ချေ။

ချွေကျိုရှင်က ဖြည်းညင်းစွာလျှောက်ရင်း အသံနိမ့်၍ လု

ရောင်ဖုန့်အား မေးလိုက်၏။

"ဒီလူတွေက ဘယ်သူလူတွေလဲ"

လုရောင်ဖုန့်က သူမသိကြောင်း ခေါင်းခါပြလိုက်၏။

ချွေကျိုရှင်က ခေါင်းတခါခါနှင့်ပြောလိုက်၏။

"ငါစဉ်းစားလို့မရတာက သူတို့ ဘယ်လိုနည်းနဲ့ ဒီပိုးချည်ခါးစည်းကို ရလာတာလဲ"

လုရောင်ဖုန့် တစ်ချက်တွေသွားပြီးမှ....

"နန်းတော်ထဲကလွဲရင် တခြားဘယ်နေရာမှာမှ ဒီလိုပိုးချည်ခါးစည်းမျိုးမရနိုင်ဘူးဆိုတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့... ဘယ်နေရာမှာမှမရနိုင်ဘူး"

"ဒီလိုဆိုရင် ဒီပိုးချည်ခါးစည်းတွေကို နန်းတွင်းကနေထုတ်ပေးနိုင်တဲ့လူက ဘယ်သူတွေဖြစ်နိုင်မလဲ"

ချွေကျိုရှင်က ဘေးဘီကိုတစ်ချက် အကဲခတ်ကြည့်ရင်း အသံကိုနှိမ့်၍....

"ဒီပိုးချည်ခါးစည်းကြိုးကိုထုတ်ပေးနိုင်တဲ့လူက လေးယောက်ပဲရှိတယ်"

"ဘယ်သူတွေလဲ"

"ငါတို့လေးယောက်ပဲပေါ့"

လုရောင်ဖုန့် သက်ပြင်းချလိုက်၏။



အမှန်မှု ဒီစကားကို သူစောစောကတည်းက ပြောချင်နေ၏။

သို့သော် အခုချွေကျိုရှင်က ကြို၍ပြောလိုက်၏။ နန်းတွင်းထိပ်သီး သိုင်းသမားကြီးလေးယောက်ထဲတွင် တကယ်ပင် စဉ်းစားအားကောင်းသောသူ၊ ဉာဏ်ကောင်းသောသူမှာ ချွေကျိုရှင်ကလွဲ၍ မည်သူမျှမဖြစ်နိုင်ပေ။

ချွေကျိုရှင်က ဆက်လက်၍....

"တကယ်တော့ အဖြစ်မှန် မပေါ်ခင်တော့ ဘယ်သူဘယ်ဝါဆိုပြီး ငါက မပြောချင်ဘူး၊ ဒီလိုပြောလိုက်ရင် ငါတို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် သံသယဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် ငါက ဒီကိစ္စကို မင်းကိုပဲ အရင်ပြောပြလိုက်တာ"

"မင်းက ငါ့ကို ဒီကိစ္စပေါ်အောင် စုံစမ်းခိုင်းလိုက်ဦးမလို့လား"

ချွေကျိုရှင်က တစ်ချက်ရယ်လိုက်ပြီး....

"ဒီကိစ္စကို မင်းကိုယ်တိုင်လဲ စိတ်ဝင်စားပြီး သိချင်နေတာပဲမဟုတ်လား၊ တကယ်လို့ အဖြစ်မှန်ပေါ်လို့ရှိရင် မင်းအတွက်ရော ငါတို့အတွက်ပါ အကျိုးရှိတာပဲမဟုတ်လား"

လုရောင်ဖုန့်က မဲ့ပြုံးပြုံးလိုက်မိတော့သည်။ ဒီလူသည် အမှန်တကယ်ပင် ခြေခွေးထက်ပို၍ ကောက်ကျစ်ပါးနပ်သောသူဖြစ်

ကြောင်း စိတ်ထဲမှဆုံးဖြတ်ချက်ချလိုက်မိတော့သည်။

ထိုက်ဟိုဆောင်ခေါင်မိုး၏ အခြားတစ်ဘက်ခြမ်းတွင်တော့ လူအနည်းငယ်သာ ရှိကြ၏။

သူတို့မှာ ရိုးသားဘုန်းဘုန်း၊ ဆက်တူ၊ မုသောက်ရသေ့၊ ထန်ထင်းကျုံး၊ ဖုကျို၊ ရယ်လင်ရင်းနှင့် ကူစုန်ဆရာတော်တို့ ဖြစ်ကြ၏။

ဖုကျို၏ခါးတွင် ကြိုးတစ်ခွေဆွဲချိတ်ထားသည်ကို တွေ့ရ၏။ သူသည် ခေါင်မိုးပေါ်သို့ ကြိုးဖြင့်တွယ်တက်ခဲ့ရဟန်တူ၏။

စီးမာကျယ် တစ်ယောက်ကိုမူမတွေ့မိချေ။ ကူစုန်ဆရာတော်က ယင်းကိစ္စကိုရှင်းပြလိုက်၏။

"စီးမာကျယ်က အရေးကြီးကိစ္စပေါ်လာလို့ သူ့ရဲ့ဂေဟာကို ပြန်သွားပြီ၊ သူက ဒီပိုးချည်ခါးစည်းကို ငါ့ကိုပြန်ပေးထားလိုက်တယ်"

လုရှောင်ဖုန့်က စီးမာကျယ်၏ စိတ်သဘောထားကိုသိသည်။

သူလိုလူမျိုးက လုရှောင်ဖုန့်နှင့်မျက်နှာချင်းဆိုင်ရဲလိမ့်မည် မဟုတ်ပေ။



ချွေကျိုရွှင်က ဝင်ပြောလိုက်၏။

"အခု နန်းတွင်းရဲ့တံခါးလေးဖက်စလုံးကို ပိတ်ထားလိုက်ပြီ၊ ဘယ်သူမှ ဝင်မလာနိုင်တော့ဘူး"

လုရှောင်ဖုန့်က လှမ်းမေးလိုက်၏။

"ရက်ကူးချန်ကော ရောက်နေပြီလား"

"အေး... သူရောက်လာပြီးပြီ"

"ဘယ်မှာလဲမတွေ့ပါလား"

"သူတို့က သန်းခေါင်ယံ ဆယ့်နှစ်နာရီမှာပြိုင်ဖို့ စီစဉ်ထားတယ်၊ အခု သူတို့နှစ်ယောက်ကို တစ်ယောက်တစ်နေရာစီမှာ နေရာချထားပြီး အနားယူခိုင်းထားတယ်လေ၊ ဒါပေမယ့် ရက်ကူးချန်ကို ကြည့်ရတာ...."

ချွေကျိုရွှင်က ပြောလက်စ စကားကိုရပ်ထားလိုက်၏။

လုရှောင်ဖုန့်က သိလိုဟန်ဖြင့် ဝင်မေးလိုက်၏။

"သူ့ကိုကြည့်ရတာ ဘာဖြစ်နေလို့လဲ"

"စကားသိပ်မပြောသလိုဘဲ... မျက်နှာလဲမကောင်းဘူး"

သူကပြောရင်း လုရှောင်ဖုန့်၏ပခုံးကိုတစ်ချက်ပုတ်ကာ....

"ကဲ... မင်း သူငယ်ချင်းတွေက မင်းနဲ့စကားပြောစရာရှိချင်ရှိနေမှာပေါ့... မင်း သွားတွေ့လိုက်ဦးလေ"

လုရှောင်ဖုန့်က ရယ်လင်ရင်းထံသို့လျှောက်သွားပြီး သူ၏ပ

ခုံးကိုပုတ်ကာ....

"မင်းက ဘယ်လိုကြောင့်ရောက်လာရသလဲ"

ရယ်လင်ရင်းက ထစ်ထစ်ငေါ့ငေါ့ဖြင့်....

"ကျွန်တော် အမှန်ကိုပြောရရင် မလာရဲပါဘူး"

"မလာရဲဘူး ဟုတ်လား... ဘာဖြစ်လို့လဲ"

ရယ်လင်ရင်း၏မျက်နှာမှာ အနည်းငယ် နီမြန်းသွားပြီး မှဲ ပြုံးပြုံးလျက်....

"တကယ်လို့ ဟိုနားက ဆရာတော်ကသာ ကျွန်တော့်ကိုမကူညီလို့ရှိရင် ကျွန်တော်အပေါ်ကိုတက်လာနိုင်မှာ မဟုတ်ဘူး"

"ဆရာတော် ဟုတ်လား... မင်းကို ဒီခေါ်တာ ငါ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

လုရှောင်ဖုန့်က ပြောရင်း ပြုံးစိစိနှင့် ရိုးသားဘုန်းဘုန်းနားသို့ လျှောက်သွား၏။

သူက ရိုးသားဘုန်းဘုန်းအား အနည်းငယ် ကလိလိုသော ဆန္ဒပေါ်လာ၏။

သို့သော် သူက ခြေနှစ်လှမ်းသာ လှမ်းလိုက်ရသေး၏။ ရုတ်တရက် သူ့လက်က ဖျတ်ခနဲ ဆက်တူ၏လက်ကောက်ဝတ်ကိုဖမ်းဆုပ်လိုက်၏။

ရုတ်တရက်မို့ ဆက်တူက လန့်ဖြန့်သွားပြီး....



"ငါက မင်းရဲ့ ပိုးချည်ခါးစည်းကိုပြန်ပေးပြီးပြီပဲ၊ မင်းက ဘာဖြစ်လို့ ငါ့ကိုလာဖမ်းရသေးတာလဲကွ"

"မင်း အဲဒီပိုးချည်ခါးစည်းတွေကို ဘယ်သူ့ဆီကခိုးလာတာလဲ"

ဆက်တူက လုရှောင်ဖုန့်၏မေးခွန်းကိုမဖြေလိုဟန်ဖြင့် ငြိမ်နေ၏။ လုရှောင်ဖုန့်က အကျပ်ကိုင်ပြောလိုက်၏။

"မင်းမပြောရင်တော့ ငါက မင်းလက်ကိုချိုးပစ်လိုက်ရလိမ့်မယ်"

ဆက်တူက လေးပင်သောသက်ပြင်းတစ်ချက် ချ၍....

"အဲဒီပိုးချည်ခါးစည်းနှစ်ခုက ငါခိုးလာတာ မဟုတ်ပါဘူး၊ လူတစ်ယောက်ဝယ်လာပြီး ငါ့ကိုပေးတာပါ၊ ဘာဖြစ်လို့ ငါ့ကိုမှရွေးပြီးပေးရသလဲဆိုတော့ ငါက ဒီလူ့အပေါ်မှာ အရင်တုန်းက ကျေးဇူးရှိခဲ့ဖို့ပဲ"

"ဒါဖြင့် ဒီလူက ဘယ်သူလဲ"

"ဒါတော့ ငါ မပြောပြနိုင်ဘူး... ဒီလူက ငွေအကုန်ခံပြီး ငါ့ကိုလဲ ပေးသေးတယ်၊ ငါက ဘယ်နဲ့လုပ်ပြီး သူ့ကိုဖွင့်ပြောပြနိုင်မှာလဲ၊ မင်းသာ ငါ့နေရာမှာဆိုရင် မင်းလဲ ငါ့လိုပဲ ဖွင့်ပြောမှာမဟုတ်ဘူး"

"မင်း တကယ်မပြောဘူးနော်"

လုရှောင်ဖုန့်က ဆက်တူအား စူးစူးဝါးဝါးကြည့်ပြီး အေး

စက်သောလေသံဖြင့် မေးလိုက်၏။

ဆက်တူက အေးဆေးစွာဖြင့်....

"မင်းက ငါ့လက်ကိုချိုးလိုက်ရင် ငါနောက်တစ်ခါ မခိုးနိုင်ရုံဘဲရှိမှာပေါ့၊ ငါတော့ မပြောပြနိုင်ဘူး"

လုရှောင်ဖုန့်က ဆက်တူ၏အကြောင်းကို ကောင်းကောင်းသိ၏။

သူသည် လွန်စွာကတိတည်သူတစ်ယောက်ဖြစ်၍ သူက မပြောဘူးပါဟု ဆုံးဖြတ်ထားလျှင် ဘယ်နည်းနှင့်သူ့ကိုပြောအောင် မလုပ်နိုင်တော့ချေ။

သူ့အသက်သာ အသေခံသွားမည့်လူစားဖြစ်သည်။

ထိုစဉ်ချင်းရှက်တစ်ယောက် ခေါင်မိုးပေါ်သို့ခုန်တက်လာပြီး ချက်ချင်းကြေညာလိုက်၏။

"ရက်ကူးချန် ရောက်လာပြီ"

ငွေလစန္ဒာသည် သူတကာတို့၏ ဦးခေါင်းထက်တွင် ရှန်းပြည့်စွာ သာလျက်ရှိ၏။

လမှာ အများတကာ၏ ဦးခေါင်းတည့်တည့်ပေါ်သို့ ရောက်



နေလေပြီ။

ခေါင်မိုးပေါ်သို့ လူအတော်များများ ရောက်နေလေပြီ။

ထိုထူးဆန်းလျှို့ဝှက်သော လူဆယ့်သုံးယောက်အပြင် နောက်ထပ်လူခု နစ်ယောက်ရှစ်ယောက်ခန့် တိုးလာသေး၏။

သူတို့တစ်တွေသည် နန်းတွင်းထိပ်သီးသိုင်းသမားများ ဖြစ်ကြဟန်တူ၏။

အေးမြသောလရောင်အောက်တွင် ရက်ကူးချန်နှင့် စီးမင်းချွေးရက်တို့ နှစ်ဦးစလုံး၏မျက်နှာမှာ သွေးရောင်ကင်းမဲ့လျက် ဖြူရော်ရော်ဖြစ်နေ၏။

ထိုခဏတွင် သူတို့နှစ်ဦးစလုံး၏မျက်နှာသည် သူတို့လက်ထဲတွင်ကိုင်ထားသောဓားကဲ့သို့ အေးစက်တင်းမာသွား၏။

သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေကြ၏။

မျက်စိထဲတွင် အရောင်တောက်ပြောင်နေကြ၏။

ထိုစဉ်ရက်ကူးချန်က ရုတ်တရက် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။

"တို့နှစ်ယောက်မတွေ့ကြတာ တစ်နှစ်လောက်ရှိပြီထင်တယ်... မင်း နေကောင်းတယ်နော်"

"ကောင်းပါတယ်... မင်း ရက်ရွှေ့ပေးတာကိုလဲ ကျေးဇူး

တင်ပါတယ်"

"ပြီးခဲ့တာတွေကို ပြောမနေပါနဲ့တော့... ဒီနေ့ တို့ရဲ့ပြိုင်ပွဲကို မင်းရောငါပါ အစွမ်းကုန်ပညာတွေထုတ်ပြီး ယှဉ်ပြိုင်ကြရမှာပဲ"

"ဟုတ်တယ်... မင်းပြောတာ မှန်ပါတယ်"

ရက်ကူးချန်၏အသံမှာ အတော်ပင် ချိုနဲ့နေ၏။

သူကစကားပြောရင်း မောဟိုက်နေသလို ခံစားနေရ၏။

စီးမင်းချွေးရှက်၏မျက်နှာတွင် အမူအရာလုံးဝပြောင်းလဲခြင်း မရှိပေ။

သူ၏ဘယ်လက်က ဓားအိမ်ကိုဆုပ်ကိုင်ထားပြီး ညာလက်မှာ အောက်သို့တွဲလျောင်းချထား၏။

သူ၏တစ်ကိုယ်လုံးတွင် ဓားရိပ်ဓားငွေ့များ တရိပ်ရိပ် ထွက်လာနေသလို ထင်မှတ်ရ၏။

ရက်ကူးချန်၏ မျက်နှာအမူအရာမှာ အားရစရာမရှိလှပေ။

သူသည် ဓားကို ဂျိုင်းအောက်တွင်ညှပ်ထားသည်။ သူ၏လှုပ်ရှားဟန်မှာ နှေးကွေးလှ၏။

ထို့ပြင်ချောင်းလည်း တစ်ချက်တစ်ချက် ဆိုးလိုက်သေးသည်။

စီးမင်းချွေးရှက်နှင့် ယှဉ်ကြည့်လိုက်လျှင် ရက်ကူးချန်မှာ အလွန်ချိနဲ့ အားနည်းနေ၏။



ပွဲကြည့်ပရိသတ်၏မျက်လုံးများက ရက်ကူးချန်ကို သနားသောအကြည့်မျိုးဖြင့် ဝိုင်းကြည့်နေကြ၏။

ထိုစဉ် ရက်ကူးချန်က ရင်ကိုကော့လိုက်ပြီး သူ့လက်ထဲရှိဓားကို ငုံ့ကြည့်ရင်း....။

"ငါက ကလေးဘဝကတည်းက ဓားနဲ့ကစားလာခဲ့တယ်၊ ငါ့အဖို့နာမည်ကြီး ဓားသမားတစ်ယောက်ရဲ့လက်ချက်နဲ့သေရတာဟာ တခြားနည်းနဲ့သေရတာထက်စာရင် အမွန်မြတ်ဆုံးပဲလို့ ငါ ထင်တယ်၊ ဒါကြောင့် ဒီတစ်ပွဲမှာ မင်း ငါ့ကိုညှာဖို့မလိုဘူး၊ အသက်လုပွဲမို့ ငါလဲ မင်းကိုညှာမှာ မဟုတ်ဘူး"

စီးမင်းချွေးရှက်က ရက်ကူးချန်အား စူးစူးစိုက်စိုက် ကြည့်နေလိုက်တော့သည်။

(ဆယ့်လေး)

ခဏမျှအကြာတွင် စီးမင်းချွေးရှက်ထံမှ စကားသံထွက်ပေါ်လာ၏။

"ကောင်းပြီ... တို့ရဲ့ပွဲကို စလိုက်ကြရအောင်"

ပရိသတ်အားလုံး ရင်တမမဖြစ်နေကြလေပြီ။

သိုင်းလောက ကြီးတစ်ခုလုံးကို သိမ့်သိမ့်တုန်ခါသွားစေမည့် ပြိုင်ပွဲကြီးမှာ ယခု သူတို့ ရှေ့မှောက်တွင်ပင် စတင်ပေတော့မည် မဟုတ်ပါလား။

ကြုံတောင့်ကြုံခဲ မြင်တွေ့ရခဲလှသည့် ဤလိုပြိုင်ပွဲမျိုးကို



မျက်ဝါးထင်ထင် မြင်ရတွေ့ရတော့မည်ဖြစ်ရာ ပရိသတ်အားလုံးသည် စိတ်လှုပ်ရှားလျက်ရှိနေကြခြင်းပင် ဖြစ်ပါ၏။

"ကဲ... မင်း အရင်စပါ"

ရက်ကူးချန်က စီးမင်းချွေးရှက်အား အခွင့်အရေးပေးလိုက်၏။

"ခဏစောင့်နေဦး"

စီးမင်းချွေးရှက်ထံမှ မမျှော်လင့်သောစကားကိုကြားလိုက်ရသဖြင့် ရက်ကူးချန် အံ့အားသင့်သွားသည်။

"ခဏစောင့်ရတယ် ဟုတ်လား... ငါက ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ"

"သိပ်မကြာပါဘူး... ဒဏ်ရာက သွေးတွေတိတ်တဲ့အထိလောက်ပါ"

ရက်ကူးချန်က နားမလည်ဟန်ဖြင့် ပြန်မေးလိုက်၏။

"ဘယ်သူက ဒဏ်ရာရနေလို့လဲ"

"မင်းကိုယ်တိုင်ပဲပေါ့"

ရက်ကူးချန် သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းငုံ့ကာ သူ၏ရင်ဘတ်ကိုကြည့်လိုက်၏။ သူ၏ခန္ဓာကိုယ်မှာလည်း ယိုင်လဲလုမတတ် ဖြစ်နေ၏။

စာပေ နှင့် စာအုပ်ချုပ် လုပ်ငန်း
မန္တလေး

ပရိသတ်အားလုံး၏မျက်လုံးတွေကလည်း ထိုအခါကျမှပင် သူ၏ဖြူဖွေးသော အင်္ကျီရင်ဘတ်နားတွင် သွေးများ စိမ့်ထွက်နေသည်ကို သတိပြုမိတော့သည်။

ရက်ကူးချန်မှာ အမှန်တကယ်ပင် ဒဏ်ရာရထား၏။

ဒဏ်ရာ မှသွေးများ ယခုတိုင် မတိတ်သေးပေ။ သို့သော် သူက အံကြိတ်ပြီး ပြိုင်ပွဲကိုပြိုင်ရန်ပြုလေ၏။

စီးမင်းချွေးရှက်က အေးစက်စွာဖြင့်....

"ငါ့ရဲ့ဓားက လူသတ်မယ့်ဓားဖြစ်ပေမယ့် သချင်တဲ့လူကိုတော့ တစ်ခါမှမသတ်ဖူးဘူး"

ရက်ကူးချန်က ကျယ်လောင်စွာ အော်၍....

"ငါက ဘယ်မှာသေချင်လို့လဲကွ"

"မင်း အမှန်တကယ် မသေချင်ဘူးဆိုရင် မင်း နောက်တစ်လကြာမှလာတော့ ငါ မင်းကို တစ်လစောင့်နေမယ်"

စီးမင်းချွေးရှက်က စကားအဆုံးတွင် ရုတ်တရက် အောက်သို့ခုန်ဆင်းလိုက်သည်။

ရက်ကူးချန်က သူ့နောက်သို့ပြေးလိုက်သွားရန်ပြုရင်း....

"မင်း...."

ဟူ၍သာ လွှတ်ခနဲ အော်လိုက်နိုင်၏။ ချက်ချင်း သူ့ပါးစပ်မှ သွေးများ ပျို့အန်ထွက်လာပြီး လူလည်း မဟန်နိုင်တော့ချေ။



အခုချိန်တွင် စီးမင်းချွေးရှက်မဆိုထားနှင့် ကလေးငယ်တစ်ယောက်၏နောက်သို့ပင် သူလိုက်နိုင်စွမ်းရှိမည် မဟုတ်တော့ပေ။

ပရိသတ်အားလုံးကြောင်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

အားရပါးရ ရင်သိမ့်တုန်အောင်ကြည့်ရမည်ဟု ထင်ခဲ့သော ဓားရေးပြိုင်ပွဲကြီးမှာ ယခုမူ မစမီ ပြီးဆုံးခြင်းသို့ရောက်သွားလေပြီ။

ယင်းအခိုက် ဆက်တူက စတင်၍ ရယ်မောလိုက်၏။

ရှီးသားဘုန်းဘုန်းက ဆက်တူကိုမျက်စောင်းထိုး၍....

"မင်းက ဘာရယ်တာလဲ"

"ဩော်... ငါက ဟိုလူတွေ ငွေကိုသောင်းချီပြီး ဒီပိုးချည်ခါးစည်းကိုဝယ်တဲ့အတွက် ရယ်မိတာပါ"

သို့သော် သူရယ်ခြင်းသည် စောလွန်းသွား၏။ ထိုအချိန်တွင်ပင် လုရှောင်ဖုန်းက ရုတ်တရက် ခုန်ထွက်လာပြီး အော်ဟစ်ဟန့်တားလိုက်၏။

"မလုပ်နဲ့ဟေ့"

ဆက်တူ ရယ်ခြင်းက စောလွန်းသွားသလို လုရှောင်ဖုန့် ခုန်ထွက်လာခြင်းမှာလည်း လွန်စွာ နောက်ကျသွား၏။

ထန်ထင်းကျုံးသည် ရုတ်တရက် ရက်ကူးချန်၏နောက်ကျောသို့ခုန်အုပ်ပြီး လက်နှစ်ဖက်ကိုယမ်းလိုက်ရာ အဆိပ်မှုန့်များမှာ လွင့်ဖြာ၍ထွက်သွား၏။

နဂိုကပင် လဲကျလုမတတ်ဖြစ်နေသော ရက်ကူးချန်မှာ ရုတ်တရက် ထိတ်လန့်သွားပြီး ကိုယ်ကိုခုန်၍ရှောင်လိုက်၏။

သူ၏လှုပ်ရှားမှုမှာ အလွန်မြန်ဆန်ပြီး ဒဏ်ရာရထားသူနှင့် လုံးဝမတူချေ။

သို့သော် သူနောက်ကျသွားပါ၏။ ထန်မျိုးမိသားစု၏ ပစ်လွှတ်လိုက်သော လျှို့ဝှက်လက်နက်ကို ရှောင်တိမ်းနိုင်သူမှာရှား၏။

ယခုလည်း ရက်ကူးချန်သည် စူးဝါးစွာ တစ်ချက်အော်ပြီး



နောက် လေထဲဝယ် လွင့်စင်ပြုတ်ကျလာ၏။ သူ၏နောက်ကျောတစ်ခုလုံး ညိုမဲနေပြီ။

ထန်မျိုးတို့၏အဆိပ်သဲမှုန့် ဘယ်မျှလောက် ကြောက်စရာကောင်းသည်ကို လူတိုင်းသိ၏။

လက်တွင် တစ်စက်ထိမိလျှင် လက်ကိုဖြတ်ပစ်မှသာ အသက်ချမ်းသာရာရမည်။

ယခု ရက်ကူးချန်၏ကိုယ်ပေါ်တွင် ဘယ်လောက်များအဆိပ်ထိမှန်ပျံ့နှံ့နေသည်မသိနိုင်တော့ပေ။

ထိုစဉ် ရုတ်တရက် ရက်ကူးချန်က ထန်ထင်းကျုံး၏ခြေရင်းနားသို့လိမ့်လာပြီး စူးဝါးစွာ အော်နေ၏။

"အဆိပ်ဖြေဆေးပေးပါ... မြန်မြန်ပေးပါ"

ထန်ထင်းကျုံးက အံကြိတ်၍....

"ငါ့အိမ်က လူနှစ်ယောက်ဟာ မင်းရဲ့ဓားချက်နဲ့အသက်ဆုံးရှုံးခဲ့လိုက်ရတယ်၊ ဒါနဲ့တောင် မင်းက ငါ့ဆီကနေ ဖြေဆေးတောင်းဝံ့သေးသလားကွ"

"ဒါ... ဒါ ရက်ကူးချန်ရဲ့ကိစ္စ၊ ငါနဲ့ဘာမှမဆိုင်ဘူး"

ထန်ထင်းကျုံးက ခနဲ့ပြုံးပြုံး၍....

"ဘာကွ... ရက်ကူးချန်ကိစ္စ ဟုတ်လား၊ မင်းက ရက်ကူးချန်

မဟုတ်လို့လား”

ရက်ကူးချန်က ခေါင်းယမ်းပြရင်း ရုတ်တရက် လက်ဖြင့် မျက်နှာကိုဆွဲပွတ်လိုက်ရာ မျက်နှာပေါ်မှ အရေခွံတစ်ချပ် ကွာကျသွားတော့၏။

ထိုအခါ ထန်ထင်းကျူးအပါအဝင် ပရိသတ်အားလုံး ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြသည်။

မှန်သည်။ ဤသူသည် ရက်ကူးချန် အစစ်မဟုတ်ဘဲ မျက်နှာတွင် မျက်နှာဖုံးစွပ်၍ ရက်ကူးချန်ဟန်ဆောင်ထားသောသူသာ ဖြစ်နေသောကြောင့်ဖြစ်ပါ၏။

ထိုသူ၏မျက်နှာကမည်းပြီး မျက်တွင်းနက်၏။

အမှန်မူ ဤသူသည် ညနေစဉ်က တုတုန်ကျန်းနှင့် လုရှောင်ဖုန့်တို့တွေ့ကြစဉ် ခပ်လှမ်းလှမ်းတွင် မလှုပ်မယှက် ရပ်နေသောလူလိုလို ဝိညာဉ်မဲ့သူလိုလို ထင်မှတ်ရသောလူဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရတော့သည်။

လုရှောင်ဖုန့်သည် ရက်ကူးချန်နှင့် တွေ့ဆုံခဲ့သည့်အကြိမ် နည်းပါးလှသည်။

ထို့ကြောင့် ရက်ကူးချန်၏ရယ်သံနှင့် စကားပြောသံ လေယူလေသိမ်းကို ကောင်းစွာ မကျက်မိခဲ့ချေ။



အမှန်မှာ ရက်ကူးချန်သည် သိုင်းလောကသို့ရောက်လာစ လူသစ်ဖြစ်၏။ သူ့ကိုတွေ့ဖူးသူလည်း အလွန်နည်းသည်။

ထန်ထင်းကျူး၏မျက်နှာတစ်ခုလုံး နီရဲလျက် အော်ကြီးဟစ်ကျယ်ဖြင့်....

“မင်း ဘယ်သူလဲ... ရက်ကူးချန် ဘယ်မှာလဲ”

ထိုသူက ပါးစပ်ဟ၍ တစ်စုံတစ်ရာ ပြောရန် ကြိုးစားကြည့်၏။ သို့သော် အသံထွက်မလာတော့ပေ။

ကြောက်စရာကောင်းသော အဆိပ်သဲမှုန့်၏အစွမ်းက ကောင်းစွာ ပြသနေပေပြီ။

ထန်ထင်းကျူးသည် ရုတ်တရက် ကိုယ်ထဲမှပုလင်းတစ်လုံး နှိုက်ထုတ်ပြီး ပုလင်းထဲမှဆေးလုံးကိုယူကာ ထိုလူ၏ပါးစပ်ထဲသို့ ကမန်းကတန်း ထိုးထည့်လိုက်၏။

ထိုလူစကားပြောနိုင်အောင် ချက်ချင်းပြုစုသည်။

ထိုလူအသက်ရှင်မှလည်း သူသိချင်သော ‘ရက်ကူးချန် ဘယ်မှာလဲ’ဟူသည့်အဖြေကို ပေးနိုင်မည်မဟုတ်ပါလား။

သို့ဆိုလျှင် ရက်ကူးချန်လိုလူစားမျိုးက အဘယ်ကြောင့် သူ့ကိုယ်စား လူစားထိုးလွှတ်ရပါသနည်း။

ဤအဖြေအတွက် လုရှောင်ဖုန့် အရေးတကြီး စဉ်းစားစရာ

ဖြစ်လာရပါ၏။

ထိုအခိုက် ဆက်တူက မဲ့ပြုံးပြုံးလျက်....

"အယ်... ဘယ်လိုဖြစ်ကုန်တာလဲဟ"

လုရှောင်ဖုန့် မည်သို့မျှမဖြေ။ ငြိမ်သက်စွာ စဉ်းစားနေရာမှ ရုတ်တရက် ခုန်ထွက်သွားပြီး ချွေကျိုရှင်ကိုလိုက်ရှာတော့၏။

တွေ့သည်နှင့်....

"ဒီမှာချွေကျိုရှင် မင်းတို့နန်းတွင်းမှာ ဝမ်ကျုံးကွမ်းဆိုတဲ့ ယောက်ျားအပျိုထိန်းခေါင်းဆောင်ကို မင်း သိသလားကွ"

"သိတာပေါ့ကွ"

"သူကကော ပိုးချည်ခါးစည်းကို အပြင်ရောက်အောင်ထုတ် ပေးနိုင်သလား"

"အရှင်မင်းကြီး နန်းမတက်ခင်ကတည်းက သူက အရှင် မင်းကြီးနဲ့အတူ တောင်နန်းဆောင်မှာအဖော်ပြုနေခဲ့တယ်၊ အရှင်မင်း ကြီး နန်းတက်လာတော့ သူက အရှင်မင်းကြီးရဲ့ အယုံအကြည်ရ ဆုံး...."

လုရှောင်ဖုန့်က ချွေကျိုရှင်၏ဝှေ့လည်လည်စကားကြောင့် လက်ကာပြရင်း....

"ငါ မင်းကိုမေးတာက မင်းတို့အပြင် သူကကော ဒီပိုးချည်



ခါးစည်းကို အပြင်လောကကိုယူထုတ်နိုင်သလား"

"ယူထုတ်နိုင်တာပေါ့"

လုရှောင်ဖုန့်၏မျက်လုံးသည် သားကောင်၏အနံ့အသက် ကိုရသည့်အလား တောက်ပြောင်လာပြီး....

"ဘုရင်ကြီး အခုစက်တော်ခေါ်နေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်နေရာမှာလဲ"

"ဘုရင်ကြီးက တောင်နန်းဆောင်မှာပဲ စက်တော်ခေါ်လေ့ရှိ တယ်"

လုရှောင်ဖုန့်က ချွေကျိုရှင်၏လက်ကိုဆွဲပြီး....

"တောင်နန်းဆောင်က ဘယ်မှာလဲ... မင်း ငါ့ကိုအမြန်ခေါ် သွားပေးပါ"

ချင်းရှက်က ကြားဝင်ဟန့်တားသည်။

"မင်းက ငါတို့ကို ဘုရင်ကြီးဆီခေါ်သွားခိုင်းတယ် ဟုတ် လား... မင်း ရူးများနေသလား"

"ငါရူးနေတာ မဟုတ်ဘူး... မင်းတို့သာ ငါ့ကိုမခေါ်သွားရင် မင်းတို့ရူးရမှာတော့မယ်"

ချင်းရှက်က မျက်မှောင်ကုပ်၍....

"ရှူးတာ မရှူးတာက အရေးမကြီးဘူး... မင်းကိုခေါ်သွားရင် ငါတို့ခေါင်းဖြတ်ခံရမှာ သေချာတယ်"

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချရင်း....

"အခု ငါက မင်းတို့ခေါင်းအဖြတ်မခံရအောင် လုပ်ပေးနေတာကွ"

ချွေကျိုရွှင်၏မျက်နှာတွင် အတွေးနက်သော အမူအရာပေါ်လာပြီး သူက ရုတ်တရက် ဝင်ပြောလိုက်၏။

"ကောင်းပြီ... ဒီတစ်ခါ ငါ မင်းရဲ့စကားကိုယုံလိုက်မယ်"

ချင်းရှက်က အော်ကြီးဟစ်ကျယ်ဖြင့်....

"မင်းက သူ့ကို တကယ်ခေါ်သွားတော့မယ်ပေါ့"

"အေး... မင်းတို့လဲ အားလုံးလိုက်ခဲ့ရမယ်"

ထိုအချိန်တွင် ရုတ်တရက်'ဝုန်း'ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး လူတစ်ယောက်ခေါင်မိုးပေါ်မှ လိမ့်ကျသွား၏။ လိမ့်ကျသွားသူမှာ နန်းတွင်းသိုင်းသမားတစ်ဦး ဖြစ်နေ၏။

ချွေကျိုရွှင်က တုန်လှုပ်စွာဖြင့် လှမ်းကြည့်လိုက်ရာ စောစောက လုံးဝစကားမပြောဘဲနေကြသော လျှို့ဝှက်လူဆယ့်သုံးဦးမှာ သူတို့နန်းတွင်းသိုင်းသမားခြောက်ဦးကို နှစ်ယောက်စီညှပ်၍ ဖမ်းချုပ်ထားသည်ကို တွေ့ရ၏။



အကျီနက်နှင့် လူတစ်ယောက်မှာ ဓားကောက်ကြီးတစ်လက်ကိုကိုင်ထားပြီး သူ၏ဓားဖျား၌ သွေးများ စွန်းထင်းနေသေး၏။

ထိုအခါ ချင်းရှက်က ဒေါသတကြီးဖြင့် အော်လိုက်သည်။

"မင်းတို့က ဒီမှာလာပြီး လူသတ်ရဲတယ် ဟုတ်စ... မင်းတို့ခေါင်းဖြတ်ခံရမှာ မကြောက်ဘူးလား"

အကျီနက်နှင့်လူက....

"ခေါင်းက ငါ့ခေါင်းမှမဟုတ်တာ"

ချင်းရှက်က ရုတ်တရက် ခုန်ထွက်လာပြီး ဓားဆွဲထုတ်မည်ပြုစဉ် ထိုအကျီနက်နှင့်လူက....

"မင်း ခြေတစ်လှမ်းထပ်လှမ်းလိုက်တာနဲ့ ဒီအထဲမှာ နောက်ထပ်တစ်ယောက် အောက်ကိုကျသွားစေရမယ်"

ထိုအခါ ချင်းရှက်က မလှုပ်ရှားတော့ချေ။ သို့သော် သူက ပါးစပ်ဖြင့် ရုတ်တရက် အော်၍ဆဲလေတော့၏။

အကျီနက်နှင့်လူက ဒေါသထွက်လာကာ ကိုင်ထားသော ဓားကိုမြှောက်လိုက်၏။

ထိုစဉ်ရုတ်တရက် ဗိုးခနဲ အသံတစ်ချက်ကြားလိုက်ရပြီး ထိုအကျီနက်နှင့်လူ၏ရင်ဝတွင် ဓားတစ်ပိုင်းထိုးထွက်လာ၏။

ထိုအခိုက်တွင် အကျီနက်နှင့်လူ၏နောက်မှ လူတစ်ယောက်

က....

"သူကတော့... လူဆဲတဲ့တာဝန်၊ ငါကတော့ လူသတ်တဲ့တာဝန်"

နောက်ဆက်တွဲစကားကို ထိုအကျီနက်နှင့်လူက မကြားနိုင်တော့ပေ။

သူ့နောက်မှတင်းအောက်က ဓားကိုဆွဲနှုတ်လိုက်၏။ သူ့ရှေ့တွင် ချင်းရက်၊ ချွေကျိုရှင်၊ လုရှောင်ဖုန့်တို့က ခုန်ထွက်လာကြ၏။

သူနောက်ဆုံးကြားလိုက်ရသောအသံမှာ အရိုးများ ကျိုးသံ၊ ခုတ်သံ၊ ပြီးနောက် သူ့အကြား အာရုံဆိတ်သုဉ်းသွားလေတော့သည်။

ခေါင်မိုးတစ်ခုလုံး သွေးများဖြင့် မြင်မကောင်းအောင်ပြည့်နှက်နေ၏။

မျက်နှာမဖော်လိုသော အကျီနက်နှင့်လူ ဆယ့်သုံးယောက်စလုံး အတုံးအရုံးလဲကျသွားလေပြီ။

သို့သော် သူတို့အားလုံး စိတ်ဝင်စားနေသော အကြောင်းအရာကိစ္စမှာ လူဆယ့်သုံးယောက်ကိုမဟုတ်ပေ။

သူတို့စိတ်ဝင်စားသည်ကား လုရှောင်ဖုန့်က ဘာကြောင့်ချွေကျိုရှင်ကို ဘုရင်ကြီးဆီသို့ခေါ်သွားခိုင်းရသလဲ။

ချွေကျိုရှင်လို အလွန်သတိကြီးပါသည်ဆိုသောလူက ဘာ



ကြောင့် လုရှောင်ဖုန့်၏တောင်းဆိုချက်ကို သဘောတူလိုက်ရပါသလဲ။

ရက်ကူးချန်နှင့်စီးမင်းချွေးရှက်တို့၏ဓားရေးယှဉ်ပြိုင်ပွဲက ဘာကြောင့် နန်းတွင်းနှင့်ပတ်သက်လာရသလဲ။

ယင်းမေးခွန်းများ၏အဖြေများကိုသာ သူတို့တစ်တွေ သိလိုကြသည်။ သိချင်ကြသည်။ စိတ်ဝင်စားကြလေသည်။

ကိုးလဆယ့်ငါးရက် သန်းခေါင်ကျော်အချိန်....။

ဘုရင်ကြီးမှာ အသက်အရွယ်အားဖြင့် သုံးဆယ်ခန့်သာ ရှိသေး၏။

သည်ညမှာမှ ဘုရင်ကြီးသည် စက်တော်ခေါ်နေရာမှ အိပ်မက်ဆိုးကြောင့် လန့်နိုး၍ထကြည့်လိုက်၏။

လရောင်မှာ ပြတင်းပေါက် အပြင်ဘက်မှတိုးဝင်နေသည်။

ထိုစဉ် သူက လူရိပ်တစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရ၏။

ဤနေရာသည် အပြင်လူလုံးဝဝင်ခွင့်မရှိသောနေရာ၊ ဘုရင်ကြီးသည် အသက်ရွယ်ငယ်သေး၍ ညအချိန်တွင် သူ့ကိုပြုစုရန်အ

တွက် ဘယ်တော့မှ လူမခေါ်ထားပေ။

ဘယ်သူကများ ဒီလောက်အတင့်ရဲပြီး ဒီလိုညကြီး မင်းကြီး အချိန်မတော် ဒီကိုလာရပါသလဲ။

ဘုရင်ကြီးက ရုတ်တရက် ခုန်ထလာပြီး အော်မေးလိုက်သည်။

"ဟေ့... ငါ့အခန်းထဲကိုကျူးကျော်ဝင်လာတာ ဘယ်သူလဲ"

"ကျွန်တော်မျိုး ဝမ်ကျုံးကွမ်းပါ... အရှင်မင်းမြတ်သုံးဆောင်ဖို့ လက်ဖက်ရည်အချို လာပို့တာပါ"

ဘုရင်ကြီးနန်းမတက်ခင်ကတည်းကပင် ဝမ်ကျုံးကွမ်းမှာ ဘုရင်ကြီး၏လက်ပါးစေဖြစ်နေ၏။

အခုညတွင် ဘုရင်မင်းမြတ်က သူ့ကိုလက်ဖက်ရည်ယူခိုင်းခြင်းမပြုသော်လည်း ဝမ်ကျုံးကွမ်းကို မျက်နှာမပျက်စေချင်၍ ဘုရင်မင်းမြတ်က သူ့လက်ကိုယမ်းကာ....

"အခု ငါ မသောက်လိုသေးဘူး... မင်း ပြန်ယူသွားတော့"

"ကောင်းပါပြီ အရှင်"

ဝမ်ကျုံးကွမ်းက ဤသို့ပြောပြီးနောက် ထွက်ခွာသွားရမည်ဖြစ်သော်လည်း ယခုမူ သူ့ခြေအစုံက လုံးဝရွေ့သွားခြင်းမရှိချေ။ လှုပ်ပင် မလှုပ်ပေ။



ထိုအခါဘုရင်မင်းမြတ်က မျက်မှောင်ကုပ်ကာ....

"မင်း ဘာကြောင့်မသွားသေးတာလဲ"

"ကျွန်တော်မျိုး အရှင်မင်းကြီးကို လူတစ်ယောက်ပြချင်လို့ပါ"

ဘုရင်မင်းမြတ်မှာ မျက်လုံးပြူးသွား၏။ ဤလိုအချိန်မတော်အခါမဟုတ်၌ သူ့အား လူတစ်ယောက်ပြမည်ဆိုလျှင် ပြစ်မှုတစ်ခုကျူးလွန်ရာ ရောက်နေလေပြီ။

ဝမ်ကျုံးကွမ်းသည် နန်းတော်တွင် အနှစ်လေးဆယ်ကျော်နေလာခဲ့သူဖြစ်ပါလျက် ဒီလိုကိစ္စမျိုးပြုမူလျှင် ခေါင်းဖြတ်ခံရမည်ကို မသိလေရော့သလား။

ဘုရင်မင်းမြတ်က စိတ်ကိုထိန်းချုပ်လိုက်ပြီး....

"မောင်မင်းပြမယ့်လူက ဘယ်မှာလဲ"

"ဒီမှာပါ"

ရုတ်တရက် ခြင်ထောင်အပြင်ဘက်၌ မီးအိမ်နှစ်လုံးလင်းလာ၏။

မီးရောင်အောက်တွင် နောက်ထပ်လူတစ်ယောက် တိုးလာ၏။

ဘုရင်မင်းမြတ်က ခြင်ထောင်ကိုမ၍ထွက်ကြည့်လိုက်၏။

ရုတ်တရက် ဘုရင်ကြီး၏မျက်နှာမှာ အကြီးအကျယ် ပျက်သွားသည်။

ထိတ်လန့်တုန်လှုပ်သွား၏။ မယုံကြည်ဟန်ဖြင့် သူ့မျက်စိကိုပွတ်လျက် အသေအချာကြည့်ပြန်၏။

အကြောင်းမှာ ထိုမီးရောင်အောက်တွင် ရပ်နေသောသူမှာ မိမိနှင့်တစ်ပုံစံတည်း။

ဝတ်ထားသောအဝတ်အစားမှာလဲ မိမိမနက်တိုင်း ညီလာခံခန်းမတွင် ဝန်ကြီးမှူးမတ်များနှင့် တွေ့ဆုံရာ၌ ဝတ်လေ့ရှိသောအဝတ်အစား။

သူ… သူ ဘာကြောင့် သူနဲ့မှလာတူရပါလိမ့်။

ဒီလူငယ်က ဘယ်သူလဲ။ ငါလိုဘုရင်မင်းမြတ်နဲ့ဘယ်လိုကြောင့် ရုပ်ရည်လာတူပြီး ငါ့ရဲ့အဝတ်အစားကို ဘာကြောင့်ယူဝတ်ရတာလဲ။

ဝမ်ကျိုးကွမ်းသည် ဘေးမှနေ၍ သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးနေ၏။ သူက ရုတ်တရက် တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်၏။

"ဘုရင်မင်းမြတ်က သူ ဘယ်သူလဲဆိုတာမသိဘူးထင်တယ်"

ဘုရင်မင်းမြတ်က ခေါင်းခါပြလိုက်၏။ သူ၏ခြေလက်များ



လည်း အေးစက်လာ၏။

ဝမ်ကျိုးကွမ်း၏အပြုံးမှာ ကြောက်စရာအသွင်သို့ တဖြည်းဖြည်း ကူးပြောင်းလာသည်ကို သူ ခံစားလိုက်ရ၏။

"သူကတော့ တခြားလူမဟုတ်ဘူး… တောင်ဘုရင် တုတုန်ကျန်းရဲ့သားပဲ"

ဘုရင်မင်းမြတ်က ထိုလူငယ်ကို အံ့သြဟန်ဖြင့် ကြည့်ပြီး….

"ဘယ်သူက မင်းကိုဆင့်ခေါ်လို့ မင်းက နန်းတော်ထဲကို ရောက်လာရတာလဲ"

ထိုစဉ် ထိုလူငယ်ထံမှ အေးစက်မာကျောသော စကားသံထွက်ပေါ်လာ၏။

"မင်းက ဘယ်သူလဲ… ဘာဖြစ်လို့ ငါလို ဘုရင်မင်းမြတ်ရဲ့ ကုတင်ပေါ်မှာ အတင့်ရဲစွာ လာအိပ်နေရတာလဲ"

ဘုရင်မင်းမြတ်အစစ်မှာ ဒေါသလည်းထွက်၊ တုန်လည်းတုန်လှုပ်သွား၏။

သူ့တစ်ကိုယ်လုံးမှာ ရုတ်တရက် အေးစက်တောင့်တင်းလာ၏။

အခုမှ သူ သဘောပေါက်လာတော့၏။ ကြောက်မက်ဖွယ်ကောင်းသောအကြံအစည်။ ပက်စက်ယုတ်မာလှသောအကြံအစည်

ပါလား။

ထိုစဉ်လူငယ်က ခပ်တည်တည်ဖြင့် ရှင်ဘုရင်၏လေသံဖြင့်

....

"ဝမ်ကျုံးကွမ်း"

ဝမ်ကျုံးကွမ်းက ရိုသေလေးစားဟန်ဖြင့် ခါးကိုင်း၍....

"ကျွန်တော်မျိုး ရှိပါတယ်အရှင်"

ထိုလူငယ်က ဘုရင်မင်းမြတ်အား လက်ညှိုးထိုးပြပြီး ခပ်တည်တည်ဖြင့် အမိန့်ပေးလိုက်၏။

"ဒီလူကိုဖမ်းသွားစမ်းပါ... ပြီးတော့ မိုးမလင်းခင်သုတ်သင်ပစ်ပါ"

"မှန်ပါ အရှင်"

"သူ့အလောင်းကို သူ့ဖခင်ဖြစ်တဲ့တောင်ဘုရင် တုတုန်ကျန်းရဲ့လက်ထဲကိုပြန်ပို့လိုက်ပါ"

"မှန်ပါ"

ဘုရင်မင်းမြတ်မှာ လုံးဝသဘောပေါက်သွားတော့၏။

လက်စသတ်တော့ သူတို့ကလူစားထိုးပြီး သူ၏ထီးနန်းကိုအေးအေးမြတိုက်ယူနေခြင်းပင် မဟုတ်ပါလား။

ပြီးနောက် သူ့ကိုတောင်ဘုရင်တုတုန်ကျန်း၏ သားအနေ



ဖြင့် သတ်ပစ်လိုက်ပြီး လက်စဖျောက်ပစ်လိုက်ပေမည်။

အကယ်၍နောက်ပိုင်း၌ တခြားသူများ ရိပ်စားမိသည့်တိုင်သက်သေမရှိတော့အောင် ပြုမူကြံစည်နေခြင်းပင် ဖြစ်ပါ၏။

ဘုရင်မင်းမြတ်က တင်းမာသောလေသံဖြင့်....

"ဝမ်ကျုံးကွမ်း ငါ မင်းကိုတစ်ခုမေးမယ်"

"မေးပါ"

"ဒီလိုအကြံအစည်မျိုးကို မင်းတို့ ဘယ်လိုလုပ်စိတ်ကူးမိရတာလဲ"

ဝမ်ကျုံးကွမ်းသည် တစ်ချက်ရယ်လိုက်ပြီး....

"ဟဲ... ဟဲ... ဟဲ... အခုအချိန်ရောက်မှတော့ ငါပြောပြရတော့မှာပေါ့၊ အရင်တစ်ခုတုန်းက တောင်ဘုရင်တုတုန်ကျန်းက ဒီနန်းတော်ကိုရောက်လာပြီး ဘုရင်မင်းမြတ်ကို အမှတ်မထင်တွေ့ခဲ့တယ်၊ ဘုရင်ကြီးရဲ့ရုပ်ရည်က သူ့သားရုပ်ရည်နဲ့ သိပ်တူနေမှန်းသိတာနဲ့ ဒီအကြံအစည်ကိုစပြီး အကောင်အထည်ဖော်တော့တာပါပဲ"

"မင်းကို သူတို့ကသိမ်းသွင်းခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်... ငါက အသုံးအဖြုန်း သိပ်ကြီးတယ်၊ သူတို့က ငါ့ကို ငါလိုသလောက် ငွေကြေးတွေကိုထုတ်ပေးတယ်"

"မင်းက အကြံအစည်ပေါက်ကြားသွားမှာကို မကြောက်ဘူး

လား"

"ငါတို့ကြောက်တာက ချောကျို့ရွင်တို့လူသိုက်ကိုပဲ... ဒါပေမယ့် သူတို့ကို ငါတို့က အခုတခြား တစ်နေရာကိုမြှားခေါ်သွားပြီးပြီ"

"ဩော်... မင်းတို့က ကြိုတင်ကြံစည်ထားကြတာကိုး"

"မှန်တယ်... ချောကျို့ရွင်တို့က ထိပ်သီးဓားသမားတွေ၊ တကယ်လို့ ထိပ်ထိပ်ကြဲဓားသမားနှစ်ယောက်ကသာ ထိုက်ဟိုနန်းဆောင်ပေါ်မှာ ဓားရေးပြိုင်နေမှန်း သူတို့သိရင် သူတို့သွားမကြည့်ဘဲ မနေနိုင်ဘူး"

"ထိပ်ထိပ်ကြဲ ဓားသမားနှစ်ယောက်ဆိုတာက စီးမင်းချွေးရှက်နဲ့ ရက်ကူးချန်တို့နှစ်ယောက်ကို ပြောတာလား"

ဝမ်ကျုံးကွမ်းမှာ ဘုရင်မင်းမြတ်၏စကားကြောင့် အံ့ဩတုန်လှုပ်သွားပြီး....

"အရှင်မင်းကြီး... ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိတာလဲ"

ဘုရင်ကြီးက အေးအေးဆေးဆေးဟန်ဖြင့်....

"သူတို့နှစ်ယောက်က တကယ့်ထိပ်သီးဓားသမားတွေပဲ၊ ဒါကြောင့် ချောကျို့ရွင်တို့က စိတ်မထိန်းနိုင်ကြတာပေါ့"

ဘုရင်မင်းမြတ်က ပြောလက်စစကားကို ရပ်လိုက်ပြီး....



"တော်သေးတယ်လို့ ဆိုရမယ်... ငါ့မှာစိတ်ထိန်းနိုင်တဲ့လူတွေ ကျန်နေသေးတယ်"

ထိုစဉ် ရုတ်တရက် အိပ်ခန်း၏ဘေးဘက်မှလျှို့ဝှက်တံခါးလေးချပ်ပွင့်လာပြီး လူလေးယောက်ထွက်လာ၏။

လေးဦးစလုံး အဝတ်အစား ဆင်တူဝတ်ထားရုံမက ရုပ်ရည်အရပ်အမောင်းအားလုံးပါ တူညီနေသည်။

လေးယောက်စလုံး၏လက်ထဲတွင်လည်း ဓားတစ်ချောင်းစီကိုင်ထားကြ၏။

ဓားမှာ လခြမ်းပုံဓားများ... မီးရောင်အောက်တွင် မျက်စိကျိန်းလုမတတ် ပြောင်လက်နေ၏။

ထိုလူလေးဦးမှာ သိုင်းလောကတွင် တစ်ချိန်က သိမ့်သိမ့်တုန်အောင် နာမည်ကြီးခဲ့သောအမြွာပူး ညီအစ်ကိုလေးဦးပင် ဖြစ်ကြ၏။

သူတို့သည် ဘယ်အချိန်တွင်ဖြစ်စေ ရန်သူနှင့်ဆိုင်မိလျှင် လေးဦးပေါင်း၍ တိုက်ခိုက်တတ်လေ့ရှိကြ၏။

သူတို့လေးဦးပူးပေါင်း၍ တိုက်ခိုက်ကြသည်ကို ပြန်လည်ခံနိုင်ရည်ရှိသောလူ မရှိသလောက်ပင်။

ဘုရင်မင်းမြတ်က ရုတ်တရက် အမိန့်ပေးလိုက်၏။

"သတ်တော့"

ငါးရောင်မှာ လက်ခနဲ ဖြစ်သွား၏။ သို့သော်ထူးဆန်းသည်မှာ ဝမ်ကျိုးကွမ်းနှင့် ထိုလူငယ်တို့ လုံးဝတုန်လှုပ်ဟန်မပြချေ။ ထိုစဉ် လူငယ်ကလည်း အော်၍ အမိန့်ပေးလိုက်၏။

"ဖြုပစ်လိုက်စမ်းဟေ့"

ထိုစကားသံထွက်ပေါ်လာသည်နှင့် ငါးရောင်တစ်ခုက ဘေးဘက်မှ ရုတ်တရက် ရောက်ရှိလာ၏။

တစ်ခန်းလုံး ငါးရောင်များဖြင့် ဝင်းခနဲ လက်ခနဲ ပြိုးပြက်သွား၏။

တထန်းထန်းအသံများ လေးချက်တိတိထွက်ပေါ်လာပြီးသည့်နောက် လုံးဝပြန်လည်ငြိမ်သက်သွားတော့သည်။

မီးရောင်အောက်တွင် ငါးတစ်ချောင်းသာ ကျန်နေတော့သည်။ ကျန်ငါးများ ကြမ်းပြင်တွင် ပြန့်ကျဲလျက်....။

အမြှာပူးလေးယောက်တို့၏ငါးများ အားလုံးလိုလို ထက်ပိုင်းကျိုးကျကုန်ပြီး လူများမှာလဲ အတုံးအရုံး လဲသွားကြကုန်၏။



တစ်ချောင်းတည်းသောငါးသာလျှင် မကျိုးမပဲ့ဘဲ ကျန်နေ၏။

ထိုတစ်ချောင်းတည်းသောငါးမှာ အင်္ကျီဖြူဝတ်ထားသော လူတစ်ယောက်၏လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခြင်းခံနေရ၏။

ဘုရင်မင်းမြတ်မှာ ထိုအင်္ကျီဖြူနှင့်လူကို အံ့သြတုန်လှုပ်ဟန်ဖြင့်ကြည့်ပြီး မေးလိုက်၏။

"ရက်ကူးချန်... ပြိုင်ဘက်ကင်းငါးသမား ရက်ကူးချန် မဟုတ်လား"

အင်္ကျီဖြူနှင့်လူက တည်ငြိမ်သောအသံဖြင့် ဖြေလိုက်သည်။

"ကျုပ်လို အသေးအမွှား သာမန်လူတစ်ယောက်ရဲ့နာမည်ကိုတောင် ဘုရင်မင်းမြတ်က သိနေပါလား"

"မင်းတို့လို နာမည်ကြီးတဲ့ငါးသမားတွေရဲ့နာမည်ကိုတော့ ငါ ကြားဖူးရမှာပေါ့"

ထိုစဉ်ဝမ်ကျိုးကွမ်းက တင်းမာသောလေသံဖြင့် ရက်ကူးချန်အား ပြောလိုက်၏။

"ရက်ကူးချန်... အခုချိန်မှာ မင်းက သူနဲ့စကားကြာကြာ ပြောလေ တို့အတွက် အန္တရာယ်များလေပဲ၊ သူ့ကို မင်းအမြန်ဆုံး

ရှင်းပစ်လိုက်ပါ"

ရှင်ဘုရင်ဟန်ဆောင်ထားသူလူငယ်က ကြားဝင်လာသည်။

"ရက်ကူးချန်က ဒီလောက်တော့ နားလည်ပါတယ်လေ"

ရက်ကူးချန်၏မျက်နှာမှာ ရုတ်ခြည်းဖြူရော်သွား၏။ သူက အံတစ်ချက်ကြိတ်၍ ဓားကိုမြှောက်လိုက်၏။

ဘုရင်မင်းမြတ်မှာ ရာဇပ္လင်ခြေလုံးဝပျက်မသွားဘဲ တည်ငြိမ်စွာနှင့်ပင် ရက်ကူးချန်အား ပြန်လည်စိုက်ကြည့်နေလိုက်သည်။

ဓားက ဓားအိမ်မှထွက်လိုက်သည်နှင့် တစ်ပြိုင်နက် သွေးများဖြာထွက်လာမည်မှာ သေချာ၏။

သို့သော် ထိုခဏတွင်ပင် လူတစ်ယောက်က ရုတ်တရက် ပြတင်းပေါက်မှခုန်ဝင်လာ၏။

သူ၏ကိုယ်မှာ ပင်ထက်မှကြွေကျလာသောရွက်ဝါတစ်ရွက် အလား ပေါ့ပါးလှ၏။

သူသာလျှင် ရက်ကူးချန်၏ဓားကို ထိန်းချုပ်နိုင်စွမ်းရှိ၏။ ရက်ကူးချန်အား တုန်လှုပ်ချောက်ချားအောင် ဖန်တီးနိုင်



စွမ်းရှိသောသူမှာ ထိုသူသာလျှင် ဖြစ်နိုင်၏။

ထိုပုဂ္ဂိုလ်မှာ....

"လုရှောင်ဖုန့်"

ရက်ကူးချန်က လွှတ်ခနဲအော်၍....

"မင်း... မင်း... ဘယ်လိုလုပ် ဒီကိုရောက်လာနိုင်ရတာလဲ ဟင်"

"ဟဲ... ဟဲ... ဟဲ မင်း ဒီမှာရှိမှန်းသိလို့ပေါ့ကွာ"

ရက်ကူးချန်က သက်ပြင်းတစ်ချက်ချလိုက်၏။

ပြီးနောက် ရုတ်ခြည်းပင် သူ့လက်ထဲတွင်ကိုင်ထားသည့်ဓားက ရုတ်တရက် လက်သွားပြန်၏။

အမှန်ကား ရက်ကူးချန်၏ဓားက လုရှောင်ဖုန့်ရင်ဝဆီသို့ဦးတည်သွားနေသည်တော့ မဟုတ်ပါ။

ဓားနှင့်အတူ သူ့ခန္ဓာကိုယ်ပါ ပြတင်းပေါက်အပြင်သို့ရောက်သွားခြင်းသာ ဖြစ်လေသည်။

ရက်ကူးချန်တစ်ယောက် ကြောင်အလာ ကြွက်အပြေးပမာ၊

သစ္စာမှန်

လုရှောင်ဖုန်၏ အန္တရာယ်ဘေးမှ လွတ်မြောက်အောင် အလူးအလဲ ပြေးထွက်သွားရခြင်းသာ ဖြစ်လေသည်။

ရက်ကူးချန်တစ်ယောက် နောက်သို့ပင် လှည့်မကြည့်ဘဲ ကသုတ်ကယက် ပြေးလျက်ရှိနေ၏။

ခြေအစုံကသာ ပြေးနေသော်လည်း သူ့ဦးနှောက်ကမူ နားမလည်သောအကြောင်းရပ်များကို စဉ်းစားလျက်ရှိ၏။

သူတို့၏ မဟာအကြံအစည်တွင် ဟာကွက် ဘယ်နေရာရှိ၍ လုရှောင်ဖုန့် ရိပ်စားသွားမိပါလိမ့်။ တကယ့်လူပါလား။

"လုရှောင်ဖုန့်... အင်း... ဒါကြောင့်လဲ သိုင်းလောကတွင် ကြောက်စရာအကောင်းဆုံး ပရိယာယ်အများဆုံး... ဉာဏ်အထက်မြက်ဆုံးဟုနာမည်ကြီးနေတာကိုး"

ထိုက်ဟိုနန်းဆောင်၏ ထောင့်တစ်နေရာတွင် လူတစ်ယောက်ထီးထီးမတ်မတ် ရပ်နေ၏။

တကယ်တော့ ရက်ကူးချန်၏ ပြေးလမ်းကြောင်းကို ပိတ်ဆို့၍ ဆီးကြို့ရပ်စောင့်နေခြင်းသာ ဖြစ်၏။



ရက်ကူးချန်သည် ထိုလူ၏မျက်နှာကို မမြင်ရသော်လည်း ထို သူဘယ်သူဆိုသည်ကို သူသိလိုက်၏။

အကြောင်းမူ ထိုလူသည် အမှောင်ထဲတွင်ရပ်နေသော်လည်း သူ၏ကိုယ်မှမဖော်ပြနိုင်သော လွန်စွာစူးရှသည့်ဓားရိပ်ဓားငွေ့များ လွင့်ပျံ့ထွက်နေဘိအလား ထင်မှတ်ရ၏။

ထိုအခါ ရက်ကူးချန်၏ ခြေလှမ်းများ တုန့်ခနဲရပ်သွား၏။

ထိုသူ မည်သူနည်း။

စီးမင်းချွေးရှက်။

မှန်သည်။ စီးမင်းချွေးရှက်ကလွဲလျှင် မည်သူမျှ သူ့အား ဤသို့ဖိအားမျိုး မပေးစွမ်းနိုင်ပေ။

ယခုစီးမင်းချွေးရှက်၏မျက်နှာကို သူထင်ရှားစွာ တွေ့ရပြီ။

ဟော... သူ့လက်ကလည်း ဓားအိမ်ကိုတင်းကျပ်စွာ ဆုပ်ကိုင်ထားလျက်နှင့်ပါလား။

သူတို့နှစ်ဦး မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေကြပြီ။

အချိန်မည်မျှကြာအောင် စူးစိုက်ကြည့်နေသည်တော့မသိ။

စီးမင်းချွေးရှက်၏လက်က ရုတ်တရက် ဓားရိုးကိုဆုပ်ကိုင်လိုက်ပြီ။

တစ်ချိန်တည်းပင် ရက်ကူးချန်၏လက်ကလည်း ဓားရိုးပေါ်

သို့ရောက်ရှိသွားပြီ။

မကြာပါ ဝန်းကျင်တစ်ခုလုံး အလင်းရောင်ဖြာသွား၏။

သို့သော် သူတို့နှစ်ဦး၏စားသွားမှ လွင့်ထွက်ဝင်းလက်လာသောစားရောင်တော့ အလျဉ်းမဟုတ်ပါ။

ရက်ကူးချန် ဖျတ်ခနဲ သူ့နောက် ဝဲယာသို့လှည့်ကြည့်လိုက်၏။

ဟင်... သူ့ဘေးပတ်ပတ်လည်မှာ ထိပ်တန်းနန်းတွင်းသိုင်းသမားများနှင့်စစ်သားများပါ အရံသင့် ဝိုင်းရံထားပါရောလား။

သည်နန်းတွင်းကာကွယ်ရေးတပ်သားများကို အထင်သေး၍မရ။

သူတို့တွေက အမြဲတမ်း တိုက်ရေးခိုက်ရေး လေ့ကျင့်ထားသောစွမ်းရည်ပြည့်တပ်သားများပင် မဟုတ်ပါလား။

ယခင် ယခင်က အမြဲလိုလို စိတ်ဓာတ်တည်ငြိမ်ခဲ့သော ချွေကျိုရှင်သည်ပင် အခြေအနေကိုကြည့်ရင်း နဖူးမှချွေးစီးများစို့ထွက်လို့လာပါ၏။

သူက လက်ထဲမှဓားကိုကိုင်၍ တပ်သားများအား မျက်ခြေမပြတ်ဦးစီး ကြပ်မလျက်ရှိနေ၏။

သူက ရက်ကူးချန်အား စူးစိုက်ကြည့်ရင်း လှမ်းမေးလိုက်၏။



"ရက်ကူးချန် မင်း ဘာဖြစ်လို့များ ဒီလောက်မိုက်မဲတဲ့အလုပ်မျိုးကို လုပ်ရတာလဲ"

ရက်ကူးချန်က အေးစက်စက်အသံဖြင့်....

"ဒီလိုကိစ္စမျိုးကို မင်း ဒီတစ်သက်နားလည်မှာမဟုတ်ဘူး"

ထိုအခိုက် ချွေကျိုရှင်အနားတွင် ရပ်နေသောတူဖန်းက....

"ငါတို့နားလည်တာ တစ်ခုပဲရှိတယ်ကွ... မင်း ဒီလိုအပြစ်မျိုးကျူးလွန်တဲ့အတွက်မင်းရမယ့်ဆုလဒ်က သေဒဏ်ပဲ"

ထိုစဉ် အရောင်တလက်လက်တောက်ပနေသော မျက်လုံးအစုံဖြင့် တစ်ချိန်လုံး စူးစိုက်ကြည့်နေသော စီးမင်းချွေးရှက်က ဝင်ရောက်ဟန့်တားလိုက်သည်။

"ခဏနေပါဦးကွ"

တူဖန်းက ပြန်မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ငါစကားနည်းနည်း ပြောချင်လို့ပါ"

ယခုအခြေအနေမှာ လွန်စွာ ထိတ်လန့်ဖွယ် ကောင်းနေသောအခြေအနေ၊ လှံဖျား ပုဇင်းနားသကဲ့သို့ တစ်ချက်မှားသည်နှင့် ဝုန်းခနဲ ပေါက်ကွဲနိုင်သောအခြေအနေ။

သို့သော် ဘယ်အခြေအနေသို့ ပင်ရောက်ရောက် စီးမင်း

ချေးရက်စကားပြောစရာရှိသည်ဟုဆိုလျှင် ဘယ်သို့သောလူစားမျိုးမှ နားမထောင်ဘဲ လက်မခံဘဲ မနေဝံ့ပေ။

ထို့ကြောင့် ချောကျိုရွှင်က တူဖန်းအား ချက်ချင်း နောက်ဆုတ်ခိုင်းလိုက်၏။

"ဒီမှာ တကယ်လို့ ငါနဲ့ရက်ကူးချန်သာ ပူးပေါင်းလိုက်ရင် ဒီလောကမှာ ဘယ်သူမှ ငါတို့ကိုတားဆီးလို့ရမှာ မဟုတ်ဘူးဆိုတာ သိကြတယ်မဟုတ်လား"

မှန်သည်။ သည်အဖြေကို လူတိုင်းသိပြီးဖြစ်သည်။

ချောကျိုရွှင်၏နဖူးထက်မှ ချွေးစီးများ စို့ထွက်လာပြန်သည်။

သူ စကားတစ်ခွန်းမျှ မပြောတော့။ စီးမင်းချေးရက်ကိုသာ မမှိတ်မသုန် စိုက်ကြည့်နေမိ၏။

စီးမင်းချေးရက် သူ့ကိုစိုက်ကြည့်ရင်းမှ....

"ငါ ဘာဆိုလိုမှန်း မင်းသိတယ်နော်"

သိပါသည်။ ချောကျိုရွှင် ကောင်းကောင်းသိပါသည်။ သို့သော် သူ ဘာပြန်ပြောရမည်မှန်း မသိပေ။

စီးမင်းချေးရက်က ချောကျိုရွှင်အား စူးစိုက်ကြည့်ရင်းမေးနေရာမှ ရုတ်ခြည်း ရက်ကူးချန်ဘက်သို့လှည့်၍ စိုက်ကြည့်လိုက်ပြန်၏။

သူ့မျက်လုံးတွင် အလွန်ထူးဆန်းသော အမူအရာများ ထွက်ပေါ်နေ၏။

အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် သူက ဖြည်းညင်းစွာ ဆိုသည်။

"ရက်ကူးချန်... ဒီနေ့ဟာ ကိုးလဆယ့်ငါးရက်နော်"

ရက်ကူးချန်က မျက်နှာမကြည့်မသာဖြင့် ဖြေသည်။

"ဟုတ်တယ်"

"မင်း ရက်ကူးချန်ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်... ငါ ရက်ကူးချန်အစစ်ပါ"

"ကောင်းပြီ... မင်းလက်ထဲမှာ ဓားရှိတယ်၊ ငါ့လက်ထဲမှာလဲ ဓားရှိတယ်"

"အေး... မှန်တယ်"

"ဒါဖြင့် တို့ရဲ့ပြိုင်ပွဲကို ဘာလို့မစရသေးတာလဲကွ"

စီးမင်းချေးရက် စိန်ခေါ်ပေပြီ။

ရက်ကူးချန်က စီးမင်းချေးရက်အား စူးစိုက်ကြည့်လိုက်၏။

ထို့နောက် အေးစက်သောစကားသံဖြင့် ဆိုလေသည်။

"ဟုတ်တယ်... တို့နှစ်ယောက်ရဲ့ပြိုင်ပွဲဟာ ဘယ်နည်းနဲ့မဆို ဖြစ်မြောက်အောင် လုပ်ရမှာပဲ"

(ဆယ့်ငါး)

လုရှောင်ဖုန့်တို့အားလုံးလည်း ထိုက်ဟိုနန်းဆောင်၏ အမိုးပေါ်သို့ ပြန်လည်ရောက်ရှိလာကြ၏။

ချောက်ချွင်မှာ သူတို့နှစ်ဦး၏ဆုံးဖြတ်ချက်ကို လွှဲဖယ်၍မရနိုင်မှန်းသိသဖြင့် လက်ခံလိုက်ရ၏။

သို့သော် ထိုက်ဟိုနန်းဆောင်၏ အောက်ဘက်ဘေးပတ်ပတ်လည်တွင်မူ စစ်တပ်ကြီးဖြင့် ဝိုင်းရံထားစေသည်။ တပ်လှန့်ထားလေသည်။



လဝန်းကြီးမှာ အနောက်ဘက်သို့ ငုပ်လျှိုးစပြုနေပြီ။ ခေါင်မိုးပေါ်တွင် ပွဲကြည့်ပရိသတ် အလွန်များပြားသော်လည်း အသံကလေး တစ်စက်မျှ ထွက်ပေါ်လာခြင်းမရှိချေ။

သူခိုးဝိဇ္ဇာဆက်တူ၊ ရိုးသားဘုန်းဘုန်းတို့ပင်လျှင် အသံမထွက်ကြတော့။

လူတိုင်းမှာ ဖိအားတစ်ခုဖြင့် အဖိခံနေရသကဲ့သို့ အသက်ရှူမှားမတတ် အကဲခတ်ကြည့်နေကြသည်။

ရက်ကူးချန်နှင့်စီးမင်းချွေးရှက်တို့လည်း ဓားကိုယ်စီဆွဲကိုင်ထားကြလေပြီ။

ထိုအချိန်တွင် ရက်ကူးချန်က ရုတ်တရက် စီးမင်းချွေးရှက်အား လှမ်းမေးလိုက်၏။

"မင်း ငါ့ကို အချိန်နည်းနည်းပေးနိုင်မလား"

"ဘာအတွက်လဲ"

"ငါ လူတစ်ယောက်နဲ့ စကားနည်းနည်းပြောချင်တယ်၊ ဒီစကားသာမပြောရရင် ငါ့စိတ်တွေလဲ တည်ငြိမ်မှာမဟုတ်ဘူး၊ ငါ့ရဲ့ဓားကွက်တွေလဲထက်မြက်တော့မှာ မဟုတ်တော့ဘူး"

"မင်း ဘယ်သူနဲ့စကားပြောမှာလဲ"

"လုရှောင်ဖုန့်"

ဟုတ်ပါသည်။ ရက်ကူးချန် စကားပြောမည့်သူမှာ လုရှောင်

ဖုန့်တစ်ယောက်သာ ရှိပါသည်။

ရက်ကူးချန်သည် လုရှောင်ဖုန့်၏ရှေ့နားသို့ တိုးသွားလိုက်၏။

သူက လုရှောင်ဖုန့်ကို သေချာစွာ စိုက်ကြည့်ပြီးမှ ရုတ်တရက် မေးလိုက်သည်။

"မင်းဟာ ဘုရားတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ဘူး"

"ဒါဖြင့် မင်းက ဘယ့်နဲ့လုပ်ပြီး ငါတို့ရဲ့ လျှို့ဝှက်ချက်ကိုသိသွားနိုင်ရတာလဲ"

လုရှောင်ဖုန့်က အတန်ကြာငြိမ်နေလိုက်ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

"တကယ်တော့ မင်းတို့ရဲ့ အကြံအစည်တွေဟာ သိပ်ပိရိပါတယ်... သိပ်တော်ပါတယ်... ဒါပေမယ့် ဘယ်အကြံအစည်မျိုးမဆို ဟာကွက်တော့ ရှိကြတာချည်းပဲကွ"

"ဟာကွက် ဟုတ်လား၊ ဘယ်မှာလဲ ငါတို့ရဲ့ ဟာကွက်... မင်းက ဘယ်လိုလုပ်တွေ့တာလဲ"

လုရှောင်ဖုန့်က တစ်ချက်တွေဝေနေပြီးနောက်....

"ငါလဲ ဘယ်လိုတွေ့သလဲတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ငါသိတာက တချို့မသေသင့်တဲ့လူတွေဟာ ရုတ်တရက် သေသွားခဲ့ရ



တယ်"

ရက်ကူးချန်က ကြားဖြတ်၍....

"မင်းပြောတာက ကျန်းရင်းဖုန်း.. ကုန်းစွန်းမမတို့ကိုလား"

"ဟုတ်တယ်... ကွေးစွန်းလဲကျန်သေးတယ်"

"မင်း စဉ်းစားလို့မရတာက သူတို့တစ်တွေဟာ ဘာကြောင့် အသတ်ခံရတာလဲဆိုတာပဲ မဟုတ်လား"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်ပြီး....

"ဒါပေမယ့် ငါ အခုစဉ်းစားလို့ရသွားပြီ... သဘောပေါက်သွားပြီ"

"ဩော်... မင်း သဘောပေါက်သွားပြီကိုး"

"ဟုတ်တယ်... ဒီအကြံအစည်ကို မင်းတို့တစ်ချိန်လုံး လျှို့ဝှက်ပြီး စီစဉ်နေခဲ့တယ်၊ ဝမ်ကျုံးကွမ်းနဲ့ တောင်ဘုရင် တုတုန်းကျန်းတို့ အဆက်အသွယ်လုပ်တဲ့နေရာက အိုရန်ချင်းတို့ရဲ့ ဇိမ်နန်းမှာဖြစ်တယ်"

ရက်ကူးချန်မှာ ကြားဝင်ပြောလိုက်သည်။

"ဟုတ်တယ်လေ... ဘယ်သူကမှ ဇီလိုနေရာမျိုးကိုလာပြီး လျှို့ဝှက်တဲ့အကြံအစည်တွေ ဆွေးနွေးလိမ့်မယ်လို့ စဉ်းစားမိမှာမဟုတ်ဘူး"

"ဒါပေမယ့် မင်းကား စိတ်မချခဲ့ဘူး... ဘာဖြစ်လို့လဲဆိုတော့

မင်းတို့ဆွေးနွေးတဲ့နေ့တုန်းက အိုရန်ချင်းနဲ့ကွေးစွန်းတို့ ရှိနေတယ်၊ သူတို့နှစ်ယောက်ဟာ သာမန်လူမဟုတ်မှန်း မင်းသိတယ်၊ ဒါကြောင့် မင်းက သူတို့နှစ်ယောက်ကိုနှုတ်ပိတ်ဖို့ ကြိုးစားခဲ့တယ်"

ရက်ကူးချန်က ငြိမ်နေလိုက်၏။ လုရှောင်ဖုန့်ကပင် ဆက်လက်၍....

"ဒါကြောင့် ငါ ရိပ်မိသွားတယ်၊ ဒီကိစ္စဟာ လီရက်ပေနဲ့တုတုန်းကျန်း လောင်းကစားရုံသက်သက်နဲ့ ဖြစ်လာတဲ့အခြေအနေမျိုး မဟုတ်တော့ဘူး၊ အဲဒီနောက်ကွယ်မှာ အင်မတန် ကြောက်စရာကောင်းတဲ့ အကြံအစည်တစ်ခုခုရှိရမယ်လို့ ငါ ယူဆမိတယ်"

လုရှောင်ဖုန့်က ခဏရပ်နားပြီးနောက် ဆက်လက်၍....

"ကျန်းရင်းဖုန်းအသတ်ခံရတာကလဲ သူဟာ စီးမင်းချွေးရှက်ကိုရှာရင်း ယောကျ်ားအပျိုထိန်းဂေဟာကို ရောက်လာခဲ့တယ်၊ အဲဒီနေရာမှာ သူက မင်းလဲရောက်နေတာကို တွေ့သွားခဲ့တယ်၊ မင်းလဲ သူမင်းကိုတွေ့သွားတယ်ဆိုတာကို ရိပ်မိသွားတော့ နောက်ဆုံး သူလဲ နှုတ်ပိတ်ခံလိုက်ရတယ်"

"ဒီလိုဆိုရင် ဟိုတတိယဖယောင်းရုပ်က ငါ့ရဲ့ရုပ်ပုံဆိုတာ မင်း သိသွားပြီပေါ့"

"ဟုတ်တယ်... အခုနကမှ ငါ သေသေချာချာ သိရတယ်"

ရက်ကူးချန်က သက်ပြင်းချ၍....



"ငါ ကုံးစွန်းမမကိုသတ်ရတာက ငါက သူ့အပေါ်ကိုအပြစ်ပုံချဖို့ စိတ်ကူးထားလို့ပါ"

လုရှောင်ဖုန့်က ရှင်းပြလိုက်၏။

"ငါနောက်ဆုံး မမျှော်လင့်ဘဲ အိုရန်ချင်းကိုမေးကြည့်လိုက်တော့မှ ဝမ်ကျုံးကွမ်းနဲ့ တုတုန်ကျန်းရဲ့ဓားသမားနှစ်ယောက်က သူတို့ရဲ့ဗိမ်ခန်းကိုလာခဲ့ဖူးကြောင်း သိလိုက်ရတယ်"

"ဒီကိစ္စသိတော့မှ မင်းက ငါ့ကိုသံသယရှိလာတယ်ပေါ့ ဟုတ်လား"

လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်ပြီး ဆက်လက်၍....

"မင်းတို့က လီရက်ပေနဲ့ တုတုန်ကျန်းတို့ရဲ့လောင်းကစားကို ဘန်းပြပြီး ဒီဓားရေးယှဉ်ပြိုင်ပွဲကို ဟန်ပြအနေနဲ့လုပ်ခဲ့တယ်၊ မင်းက တော့ မင်းရဲ့ကိုယ်စားလူတစ်ယောက်ကို ရှာထားလိုက်တယ်၊ အစားထိုးလိုက်တယ်... မင်းတို့ရဲ့အကြံအစည်ဟာ တကယ်ကိုသိပ်ကောင်းပါတယ်... ပိရိပါတယ်၊ အကောင်းဆုံးကတော့ ဟိုပိုးချည်ခါးစည်းကိစ္စပဲ"

"ဩော်...."

"ချွေကျိုရှင်က ပိုးချည်ခါးစည်းခြောက်ခုသာ ထုတ်ပေးခဲ့တယ်၊ ဒါပေမယ့် မင်းက ဝမ်ကျုံးကွမ်းကို ဒီလိုပိုးချည်ခါးစည်းမျိုးကို ခိုးထုတ်ခိုင်းပြီး ခါးစည်းတွေကို အပြင်ကိုဖြန့်လိုက်တယ်၊ အဲဒီလိုလုပ်

လိုက်တော့ လာတဲ့လူများလာတဲ့အတွက် ချွေကျိုရွှင်က လူအင်အားကို ဒီဘက်မှာပိုပြီး ချထားရတော့တာပေ့ါ၊ ဒီတော့မှ မင်းတို့က တစ်ဘက်မှာ အနှောင့်အယှက်ကင်းကင်းနဲ့ အေးအေးဆေးဆေး မင်းတို့ရဲ့ အကြံအစည်ကို အကောင်အထည်ဖော်နိုင်တော့မှာကို"

ရက်ကူးချန်က ခေါင်းမော့၍ မိုးကောင်းကင်ကိုကြည့်နေ၏။ သူ၏နေ့ဝင်ချိန် မဝေးတော့မှန်း သူသိလာပေပြီ။

လုရှောင်ဖုန့်က ဆက်လက်၍ ရှင်းပြလိုက်၏။

"ဒါပေမယ့် မင်း မထင်ခဲ့ဘူး... စီးမင်းချွေးရှက်က ဓားဒဏ်ရာရနေတဲ့လူကို ဘယ်တော့မှမတိုက်ခိုက်ဘူးဆိုတာ နောက်ပြီး မင်းက လူတစ်ယောက်ကိုမေ့ထားခဲ့တယ်"

"ဘယ်သူ့ကိုလဲ"

"ထန်ထင်းကျူးကိုပေ့ါ"

"တကယ်လို့ ထန်ထင်းကျူးသာ မင်း အယောင်ဆောင်ထားတဲ့ ဟိုလူကိုမတိုက်ခိုက်ရင် ငါက မင်းကိုထင်မိမှာ မဟုတ်သေးဘူး"

"ဩော်...."

"ဟိုလူဟာ မင်း မဟုတ်မှန်း ငါသိတော့မှ မင်းတို့ရဲ့မဟာ အကြံအစည်တွေကို ငါဆက်စပ်ပြီး သိလာတော့တယ်"

ရက်ကူးချန်မှာ လုံးဝငြိမ်သက်နေ၏။ သူက ရုတ်တရက် လုရှောင်ဖုန့်၏ပခုံးကိုပုတ်ပြီး....



"ကဲ... ငါသွားတော့မယ်"

လုရှောင်ဖုန့်က သူ့အား စူးစူးရဲရဲစိုက်ကြည့်လိုက်ပြီးနောက် မေးလိုက်သည်။

"မင်း ဘာမှပြောစရာမရှိတော့ဘူးလား"

ရက်ကူးချန်က တစ်ချက်စဉ်းစားလိုက်ပြီးနောက် ဖြေလေသည်။

"တစ်ခွန်းပဲ ပြောစရာရှိတယ်"

"ဆိုစမ်းပါဦး"

ရက်ကူးချန်က လုရှောင်ဖုန့်အား စိုက်ကြည့်ရင်း....

"ဘယ်လိုပဲဖြစ်ဖြစ် မင်းကတော့ ငါ့ရဲ့သူငယ်ချင်းပါပဲ"

ရက်ကူးချန်သည် ထိုစကားကိုသာပြောပြီး ချာခနဲ လှည့်ထွက်လာတော့သည်။

ရက်ကူးချန်နှင့် စီးမင်းချွေးရှက်တို့ နှစ်ဦးစလုံးအတွက် နောက်ဆုံးဗိုလ်လုပွဲကျင်းပရန်အချိန်သည် အမှန်တကယ်ပင် ကျရောက်လာပြီဖြစ်သည်။

တကယ်ကျရောက်လာသောအချိန်တွင် ဘယ်သူကမှ ဒီ

ပြိုင်ပွဲကို မတားဆီးနိုင်တော့ပေ။

လုရှောင်ဖုန့်၏ရင်ထဲတွင်မူ တဆစ်ဆစ်နာကျင်နေမိ၏။

အကြောင်းမှာ ရက်ကူးချန်နှင့် စီးမင်းချွေးရှက်တို့ နှစ်ဦးစလုံးမှာ သူ၏သူငယ်ချင်းများ ဖြစ်ကြ၏။

လုရှောင်ဖုန့်သည် တစ်ချိန်လုံးတွင် သူတို့နှစ်ဦး၏ဓားကို ကြည့်နေ၏။

သူတို့၏လှုပ်ရှားမှုအားလုံးကို ကြည့်နေ၏။ သူတို့၏ မျက်နှာအမူအရာကို ကြည့်နေ၏။

သို့ကြည့်ရင်း သူက စီးမင်းချွေးရှက်ကို စိတ်ပူလာ၏။

စီးမင်းချွေးရှက်၏ဓားသည် ယခင်က ခံစားချက်လုံးဝမရှိသောဓား ဖြစ်၏။

သို့သော် ယခု သူ့ရင်ထဲတွင် ခံစားချက်များရှိလာလေပြီ။ ခံစားချက်ရှိလာလျှင် ဟာကွက်ပျော့ကွက်များလည်း ရှိလာပေလိမ့်မည်။

ရက်ကူးချန်သာ ဒီဟာကွက်ပျော့ကွက်ကို အမိအရ ဆုပ်ကိုင်ပြီး သူ့ကိုတိုက်ခိုက်လျှင် လုရှောင်ဖုန့်သည် ဆက်မစဉ်းစားရဲတော့ပေ။

သို့သော် ရက်ကူးချန်အတွက်လည်း သူက စိတ်ပူမိပြန်၏။

ရက်ကူးချန်၏တစ်သက်တာတွင် ဓားသာလျှင် အဓိက။



ဓားသည် သူ့၏အသက်ပင်။

သို့သော် ဘယ်တိုက်ပွဲမဆို ရည်ရွယ်ချက်တော့ရှိ၏။ နိုင်လျှင် ဂုဏ်ရှိမည်။ လူတိုင်းက ဒီဂုဏ်ပုဒ်ကိုသာ လိုချင်နေကြ၏။

သို့သော် အခုတော့ ရက်ကူးချန်အဖို့ နိုင်လျှင်လည်း သေရပေမည်။ ရှုံးလျှင်လည်း သေရပေမည်။

သူ့ကိုနန်းတွင်းသိုင်းသမားများက လက်လွှတ်ခံမည်မဟုတ်တော့ပေ။

ထို့ကြောင့် သူတို့နှစ်ဦးစလုံးတွင် နိုင်ရန် အကြောင်းရှိသလို ရှုံးရန်လည်း အကြောင်းကိုယ်စီရှိနေကြသည်။

ကိုင်း... ဒီတိုက်ပွဲတွင် ဘယ်သူနိုင်မည်နည်း။ ဘယ်သူရှုံးမည်နည်း။

မည်သူကမျှ အတိအကျ မပြောနိုင်ပေ။ မပြောနိုင်သေးပါချေ။

## (ဆယ့်ခြောက်)

ဟော… စားနှစ်လက် ထိုးထွက်လာပေပြီ။

စားမှာမမြန်ချေ။ သူတို့နှစ်ဦး၏အကွာအဝေးက အတော်ပင် ဝေးသေး၏။

သူတို့၏စားများလည်း ရိုက်ခတ်မိခြင်းမရှိသေးပေ။ သို့သော် သူတို့၏စားသည် တစ်ချိန်လုံး ရွေ့ပြောင်းနေ၏။

အကြောင်းကား သူတို့သည် စားကွက်တစ်ခုမကုန်မီ အခြားစားကွက်တစ်ခုသို့ ချက်ချင်း ပြောင်းလိုက်ပြန်၏။



သာမန်လူသာကြည့်လျှင် ဒိတိုက်ပွဲမှာ အလွန်အေးဆေးလှ၏။ ကြည့်၍မကောင်းဟု ထင်စရာရှိမည်။

သို့သော် ချွေကျိုရှင်၊ တင်းအောက်၊ ချင်းရှက်နှင့်တူဖန်းတို့ လေးဦးမှာမူ သူတို့၏စားကွက်ကိုကြည့်ရင်း ဇောချွေးပြန်နေလေသည်။

သူတို့လေးဦးစလုံးမှာ စားရေးတွင် အလွန်အဆင့်မြင့်သော သိုင်းသမားများဖြစ်ကြသဖြင့် သူတို့က ရက်ကူးချန်နှင့် စီးမင်းချွေးရှက်တို့၏ စားကွက်အစွမ်းကိုသိနေ၏။

တကယ်တော့ ရက်ကူးချန်နှင့် စီးမင်းချွေးရှက်တို့မှာ စိတ်ဓာတ်အင်အားဖြင့် စားကွက်များကို စေခိုင်းနေခြင်းသာဖြစ်၏။

ဒါမှ တကယ့်စားသိုင်းပညာ၏ အမြင့်ဆုံးသော အဆင့်ဖြစ်လေသည်။

လုရှောင်ဖုန့်၏လက်ဖဝါးတွင်လည်း ချွေးများ စိမ့်ထွက်လာ၏။

သူက ရတ်တရက် တစ်စုံတစ်ရာကို သတိထားလိုက်မိ၏။

စီးမင်းချွေးရှက်၏ စားကွက်အပြောင်းအလဲသည် ရက်ကူးချန်လောက် သွက်လက်ခြင်းမရှိပေ။

ရက်ကူးချန်၏စားမှာ လေထဲတွင် လွတ်လပ်စွာ ပျံဝဲနေ

သောတိမ်စိုင်ကဲ့သို့ ဖြစ်နေပြီး စီးမင်းချွေးရှက်၏ဓားမှာ မမြင်ရသော ကြိုးများဖြင့် ချည်နှောင်ခြင်းခံနေရသလိုဖြစ်နေ၏။

တကယ်တော့ စီးမင်းချွေးရှက်၌ သူ၏ဇနီး... သူ၏အိမ် စသောခံစားမှုများ... သံယောဇဉ်များရစ်ပတ်ချည်နှောင်ခြင်း ခံရလေပြီ မဟုတ်ပါလား။

လုရှောင်ဖုန့် သိ၏။ နောက်ထပ်ဓားကွက်နှစ်ဆယ်မျှ ပြောင်းသွားခဲ့လျှင် ရက်ကူးချုန်၏ဓားက စီးမင်းချွေးရှက်၏ လည်မျိုထဲသို့ထိုးစိုက်သွားမည်မှာ သေချာ၏။

ဓားကွက်နှစ်ဆယ်မှာ ခဏချင်းပင် ရောက်လာခဲ့၏။

လုရှောင်ဖုန့်၏လက်များမှာ ရေခဲတမျှ အေးစက်နေပြီ။

အခုအချိန်တွင် ဘယ်သူကမျှ စီးမင်းချွေးရှက်၏အသက်ကို မကယ်နိုင်တော့ပေ။

ရက်ကူးချုန်နှင့် စီးမင်းချွေးရှက်၏အကွာအဝေးမှာ နီးကပ်လာလေပြီ။

ရုတ်တရက် သူတို့နှစ်ဦး၏ဓားများသည် တစ်ပြိုင်နက် ရှေ့သို့ဆန့်ထွက်လာ၏။

ယင်းအကွက်သည် သူတို့၏နောက်ဆုံးအဆင့်ဖြစ်သည့် ဓားကွက်ပင်။



တစ်နည်းအားဖြင့် သူတို့၏အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့်ဓားကွက်ဟုလည်း ဆိုနိုင်သည်။

ထိုတဒင်္ဂအချိန်ကလေးတွင်ပင် စီးမင်းချွေးရှက်က သူ၏ဓားကွက်အနည်းငယ် နှေးကွေးနေသည်ကို သတိပြုမိလိုက်၏။

သူ၏ဓားက ရက်ကူးချုန်၏ရင်ပတ်ဆီသို့ ထိုးစိုက်လိုက်ချိန်တွင် ရက်ကူးချုန်၏ဓားမှာလည်း သူ၏လည်မျိုသို့ ထိုးစိုက်သွားမည်မှာ မလွဲပေ။

လွန်စွာ ကြောက်စရာကောင်းပြီး အသက်အန္တရာယ်နှင့် နီးကပ်လှသည့် တိုက်ကွက်ပင် ဖြစ်သည်။

ယင်းသည် သူ၏ကံတရားပင်။ သူရှောင်တိမ်းရန် အချိန်လုံးဝမရတော့ပေ။

ထိုခဏတွင်ပင် သူသည် တစ်စုံတစ်ရာကို ရုတ်တရက် သတိထားလိုက်မိ၏။

သူ့လည်မျိုသို့ ဦးတည်လာသော ရက်ကူးချုန်၏ ဓားမှာ ရုတ်တရက် ဘေးသို့အံ့သြစွာ တိမ်းစောင်းသွားခြင်းကိုပင်။ ဘေးသို့ နှစ်လက်မခန့် စောင်းသွားခြင်းဖြစ်သည်။

ဒီနှစ်လက်မအကွာအဝေးသည် သူ့ကိုသေရွာမှပြန်လည်ခေါ်လိုက်သော အကွာအဝေးဖြစ်နေတော့သည်။

ရက်ကူးချန်၏ဓားသည် ဘာကြောင့်ဘေးသို့ စောင်းသွားရသနည်း။

စီးမင်းချွေးရှက်တစ်ယောက် မတွေးတတ်အောင် ဖြစ်သွားပါတော့၏။

ဓားသွားမှာ အလွန်အေးစက်လှ၏။

အေးစက်သောဓားသွားမှာ ယခုရက်ကူးချန်၏ရင်ပတ်တွင်းသို့ စွပ်ခနဲ အဟုန်ပြင်းစွာ ထိုးဝင်သွားလေ၏။

ရက်ကူးချန်မှာ သူ၏နှလုံးသားသို့ ဓားထိပ်ဖျားကလေး ထိုးစိုက်ဝင်သွားသည်ကို ခံစားလိုက်မိသေး၏။

ပြီးနောက် ထိုခဏတွင်ပင် သူ၏ခန္ဓာကိုယ်သည် ထူးဆန်းသောနာကျင်မှုကို ခံစားလိုက်ရ၏။

မိမိ၏ချစ်ဦးသူအား အိပ်ရာတွင် သေဆုံးနေသည်ကို တွေ့ရသောအခါ ရင်ထဲတွင် ခံစားလိုက်ရသော နာကျင်မှုမျိုးလိုပင်။

နာကျင်မှုသက်သက်မဟုတ်ဘဲ တုန်လှုပ်ချောက်ချားမှုမျှော်လင့်ချက်ကင်းမှုလည်း ပါနေ၏။



အကြောင်းမှာ သူသိ၏။ သူ့ဘဝသည် ဒီမျှနှင့်ပင် ပြီးဆုံးခဲ့လေပြီ။

သူ့ဘဝမှာ စီးမင်းချွေးရှက်၏ဓားချက်အောက်တွင် အဆုံးသတ်ခဲ့ရလေပြီ။

သို့သော် သူက စီးမင်းချွေးရှက်ကိုအပြစ်မတင်... အမုန်းမပွား၊ အပြစ်မတင် အမုန်းမပွားရုံမက သူက သူ့ကို တစ်သက်လုံးမဖော်ပြနိုင်သော ခံစားချက်ဖြင့် ကျေးဇူးတင်နေပါသေး၏။

ထိုနောက်ဆုံး တဒင်္ဂအချိန်လေးတွင် စီးမင်းချွေးရှက်၏ဓားမှာလဲ နှေးကွေးသွား၏။

သူကလည်း ထိုနောက်ဆုံးဓားကွက်ကိုပြန် ရုပ်သိမ်းရန်ကြိုးစားခဲ့၏။

ရက်ကူးချန်က ဒီတစ်ချက်ကိုတွေ့၏။

သူသိ၏။ စီးမင်းချွေးရှက်က သူ့ကိုမသတ်ချင်သော်လည်း သတ်ခဲ့၏။

အကြောင်းမှာ စီးမင်းချွေးရှက်သိ၏။ သူက သူ့ဓားအောက်တွင်ပဲ သေချင်၏။

"သေမယ့်သေရင် ဘာဖြစ်လို့စီးမင်းချွေးရှက်ရဲ့ ဓားအောက်မှာ မသေရရမှာလဲ"

စီးမင်းချွေးရှက်၏ဓားအောက်တွင် အသက်ပျောက်ရသည်က တခြားဘယ်နည်းဘယ်ပုံဖြင့် သေရသည်များထက် မြင့်မြတ်၏။

စီးမင်းချွေးရှက်က သူ၏စိတ်ခံစားချက်ကိုသိရန် သူ၏ဆန္ဒကိုဖြည့်ပေးခဲ့၏။

ထို့ကြောင့် သူက စီးမင်းချွေးရှက်ကိုကျေးဇူးတင်၏။

ဒီလို သူ၏ခံစားချက်ကိုနားလည်နိုင်သောသူမှာ ဒီကာလတွင် ရှား၏။

ထိုခဏတွင် သူတို့နှစ်ဦး မျက်လုံးချင်း ဆုံသွားကြ၏။ ရက်ကူးချန်မှာ နောက်ဆုံးရင်ထဲမှနေ၍ သက်ပြင်းတစ်ချက်ချလိုက်၏။

"မင်းကို ငါကျေးဇူးတင်တယ်"

သို့သော် ဒီစကားလုံးများက သူ့နှုတ်ဖျားမှမထွက်လာချေ။ သူ့မျက်လုံးထဲမှသာ ပေါ်ထွက်လာ၏။

သူ သိ၏။ စီးမင်းချွေးရှက်တစ်ယောက် သူ့စကားကိုနားလည်ပေမည်။

စီးမင်းချွေးရှက်နားလည်လျှင် သူသေပျော်ပြီ။

သူ လဲကျသွားလေပြီ။ လဲပြိုသွားပါလေပြီ။



သာစွာမွန်
စာပေ နှင့် စာအုပ်ချုပ် လုပ်ငန်း
မိုက်ကျုံး၊ မန္တလေး။

ငွေလရောင်ပျောက်ကွယ်သွားလေပြီ။ ငွေကြယ်များလည်း မလင်းလက်တော့။

အရှေ့ဘက်မိုးကောင်းကင်တွင် အရုဏ်ဦး၏ရောင်ခြည်များ ယှက်သန်းလုလုရှိပြီ။

သိုင်းလောကတွင် အမှန်တကယ်ပြိုင်စံရှားသော ဓားသမားကြီးတစ်ယောက်လည်း ကျဆုံးခဲ့ရလေပြီ။

သူသည် မိုးထက်မှ တိမ်လွှာမျှင်လို မမျှော်လင့်ဘဲ ရောက်လာခဲ့ပြီး မမျှော်လင့်ဘဲ ပျောက်ကွယ်သွားခဲ့ရပေပြီ။

ဓားဖျားတွင် သွေးစက်ရှိနေသေး၏။ နောက်ဆုံး သွေးတစ်

စက်....။

စီးမင်းချွေးရှက်က အသာလေးခါချလိုက်၏။ သူက ခေါင်းကိုမော့၍ အဝေးသို့မျှော်ကြည့်လိုက်၏။

သူ့ရင်ထဲတွင် မဖော်ပြနိုင်သော ဆွေးမြေ့သည့်ခံစားချက်များ ပေါ်ထွက်လာ၏။

စီးမင်းချွေးရှက်က သူ့ဓားကိုသိမ်းလိုက်၏။

ပြီးနောက် ရက်ကူးချန်၏ဓားကို ဓားအိမ်တွင်ပြန်ထည့်ကာ ရက်ကူးချန်၏အလောင်းကို ပွေ့ချီလိုက်လေ၏။

ဓားမှာအေးစက်သလို အလောင်းမှာလည်း အေးစက်နေ၏။ အအေးစက်ဆုံးမှာ စီးမင်းချွေးရှက်၏နှလုံးသားပင်။

သိုင်းလောကတစ်ခုလုံးကို သိမ့်သိမ့်တုန်စေခဲ့သောပြိုင်ပွဲကြီးပြီးဆုံးသွားလေပြီ။

သူငယ်ချင်းထက်ပိုပြီး လေးစားခဲ့ရသော ရန်သူမှာလည်း သူ့ဓားအောက်တွင် အသက်ပျောက်ခဲ့၏။

သို့သော် ဤလောကတွင် ဘယ်အရာက သူ၏သွေးကိုထပ်မံ၍ ဆူကြွလာအောင် လုပ်နိုင်တော့ပါမည်နည်း။

ဘယ်အရာက သူ၏ နှလုံးသားကို နွေးထွေးအောင် လုပ်နိုင်တော့ပါမည်နည်း။



ထိုအချိန်တွင် တင်းအောက်က ရုတ်တရက် ပြေးထွက်လာပြီး စီးမင်းချွေးရှက်ကိုတားလိုက်၏။

"မင်း သူ့ရဲ့အလောင်းကို မယူသွားရဘူး... သူတရားခံ.... ဘုရင်ကြီးကိုပြရမယ်"

စီးမင်းချွေးရှက်က သူ့ကိုကြည့်၍မျှပင်မကြည့်။

သူက....

"မင်းက ငါ့ကိုမပေးသွားဘူးပေါ့"

တင်းအောက်က ခနဲ့ပြုံးဖြင့်....

"မင်းကို ငါ မတားနိုင်ဘူးလို့ မင်း ထင်သလား"

စီးမင်းချွေးရှက်က နဖူးကြောများ ထောင်တက်လာ၏။

တင်းအောက်က....

"စီးမင်းချွေးရှက်နဲ့ ရက်ကူးချန်တို့ဓားနှစ်လက်ပေါင်းလိုက်ရင် ဘယ်သူမှနိုင်မှာမဟုတ်ဘူး.... ဒါပေမယ့် အခု ရက်ကူးချန် မရှိတော့ဘူး"

ထိုစကားမဆုံးမီ သူ့နောက်ဘက်မှ လူတစ်ယောက်၏ရယ်သံ ထွက်ပေါ်လာ၏။

"ရက်ကူးချန်မရှိတော့ပေမယ့် လုရှောင်ဖုန့် ရှိပါသေးတယ်"

လုရှောင်ဖုန့် ထွက်လာလေပြီ။

တင်းအောက်က လှည့်၍....

"မင်းက ဘာလုပ်ချင်လို့လဲ"

လုရှောင်ဖုန့်က....

"ငါက မင်းကိုသတိပေးချင်တာပါ... ရက်ကူးချန်နဲ့စီးမင်းချွေးရှက်က ငါ့ရဲ့သူငယ်ချင်းတွေပါ"

တင်းအောက်က....

"မင်းက ဘုရင်ကြီးရဲ့အပြစ်ဒဏ်ကို ခံရမှာမကြောက်ဘူးလား"

လုရှောင်ဖုန့်က....

"ငါသိတာ တစ်ခုပဲရှိတယ်... ငါမှန်တယ်ထင်ရင် ငါ့ခေါင်းကိုဖြတ်လိုက်တာတောင်မှ ငါက ဆက်လုပ်ဦးမှာပဲ"

တင်းအောက်က မျက်နှာပျက်သွား၏။

တူဖန်းနှင့်ချင်းရှက်တို့ ချက်ချင်းရောက်လာ၏။ သက်တော်စောင့်တပ်သားများကလည်း လေးမြားအသင့်ပြင်လိုက်ကြ၏။ အခြေအနေမှာ အလွန်တင်းမာသွားပြီ။

"ဒီမှာစစ်သားသုံးထောင်ရှိပေမယ့် လုရှောင်ဖုန့်အတွက် ခေါင်းဖြတ်ခံရမှာမကြောက်တဲ့ သူငယ်ချင်းတစ်ယောက်ရှိသေးတယ်ကွ"



ထိုသူမှာ ရယ်လင်ရင်းဖြစ်၏။ မုသောက်ရသေ့ကလည်း ဝင် လာပြီး....

"ငါလည်းပါတယ်"

သူက ရိုးသားဘုန်းဘုန်းဘက်သို့လှည့်၍....

"ဘုန်းကြီးကကော"

ရိုးသားဘုန်းဘုန်းက သူ့ကိုမျက်စောင်းထိုးလိုက်ပြီး....

"မင်းမှာ သူငယ်ချင်းရှိတော့ ငါ့မှာမရှိဘဲ ဖြစ်မှာလားကွ"

ရိုးသားဘုန်းဘုန်းမှာ သူခိုးဝိဇ္ဇာဆက်တူဘက်သို့လှည့်၍....

"မင်းကကော"

သူခိုးဝိဇ္ဇာဆက်တူက သက်ပြင်းချကာ....

"လုရှောင်ဖုန့်လိုလူနဲ့ သူငယ်ချင်းလုပ်မိတာ မှားပြီထင်တယ် ... ဒါပေမယ့်...."

ရိုးသားဘုန်းဘုန်းက ဒေါသဖြင့်အော်၍....

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ငါက သူ့ရဲ့အဖေဖြစ်နေတော့ သူ့ကိစ္စကို ငါက ဝင်မပါလို့ ဘယ်ဖြစ်မှာလဲ"

ထိုအခါ မုသောက်ရသေ့၊ ရိုးသားဘုန်းဘုန်း၊ ရယ်လင်ရင်းနှင့် လုရှောင်ဖုန့်တို့မှာမအောင့်နိုင်ဘဲ ရယ်လိုက်ကြတော့၏။

ကြည့်စမ်း လေးမြားလက်နက်မျိုးစုံပိုင်နေသည့်ကြားက သူတို့တွေ ရယ်နေနိုင်ကြသေး၏။

တင်းအောက်တို့မှာမူ အလွန်စိတ်လှုပ်ရှားနေကြ၏။ တိုက်ပွဲသာ အမှန်တကယ်ဖြစ်ခဲ့လျှင် ဘယ်လိုအခြေအနေထွက်လာမည်ကိုပင် သူတို့မစဉ်းစားရဲ။

ချောကျိုရှင်သည် လေးနက်သောမျက်နှာဖြင့် လက်နှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ကာ ဖြည်းညင်းစွာဆိုသည်။

"မင်းတို့အားလုံးက သိုင်းလောကမှာနာမည်ကြီးပုဂ္ဂိုလ်တွေပဲ၊ ငါကလဲ မင်းတို့အားလုံးကို သိပ်လေးစားပါတယ်... ဒါပေမယ့် ဒီကိစ္စက...."

လုရှောင်ဖုန့်က ဝင်၍....

"မင်းရဲ့သဘောကို ငါတို့နားလည်ပါတယ်... ဒါပေမယ့် ငါတို့ရဲ့သဘောကိုလဲ မင်း နားလည်စေချင်ပါတယ်"

"ပြောပါ"

လုရှောင်ဖုန့်က....

"ငါတို့ ဒီလူတွေထဲမှာ တချို့က ငွေမက်တယ်... တချို့က မိန်းမသဘောကျတယ်... တချို့က သေရမှာကြောက်တယ်... တချို့က အစားကျူးတယ်၊ ဒါပေမယ့် တကယ့်အရေးအကြောင်းကြုံလာတဲ့အခါကျရင် ငါတို့ဟာ သူငယ်ချင်းရဲ့ခင်မင်မှုကို ရှေ့ဆုံးမှာထားကြတာချည်းပဲ"



ချောကျိုရှင်က လေးလံစွာဖြင့် ခေါင်းညိတ်၍....

"ငါ နားလည်ပါတယ်... ဒါပေမယ့် ငါတို့မှာတာဝန်နဲ့ ဝတ္တရားနဲ့ဆိုတော့ ဒီတိုက်ပွဲတော့ လွှဲရှောင်လို့မရတော့ဘူးထင်တယ်"

လုရှောင်ဖုန့်မှာ ငြိမ်သက်သွား၏။

အခြေအနေမှာ ရှောင်ဖယ်၍မရတော့။ တိုက်ပွဲမှာ မလွဲဧကန် စရပေတော့မည်။

သို့သော် ထိုအချိန်တွင်ပင် ရုတ်တရက် ထိုက်ဟိုနန်းဆောင်ထဲမှ သက်တော်စောင့်တစ်ဦးပြေးထွက်လာပြီး အော်ဟစ်၍....

"ဘုရင်ကြီး အမိန့်စာလာတယ်"

ထိုစဉ်အတွင်း ဝန်ကြီးတစ်ပါးက အမိန့်စာချွန်ကိုကိုင်၍ လျှောက်ထွက်လာ၏။

အားလုံးမှာ ဒူးထောက်ပြီး နားထောင်လိုက်ကြသည်။

"လုရှောင်ဖုန့်အပါအဝင် လူအားလုံးကို လုံးဝအတားအဆီးမရှိ လွှတ်စေ"

ဘုရင်ကြီး၏အမိန့်မှာ တစ်ချက်လွှတ်အမိန့်ဖြစ်၏။

လုရှောင်ဖုန့်အပါအဝင် လူအားလုံးဆိုသည့်နောက်တော့ လူသေလဲပါ၏။ ရက်ကူးချုန်လဲ ပါ၏။

ထို့ကြောင့် တိုက်ပွဲမှာမစခင်ပင် ပြီးဆုံးခြင်းသို့တိုင်ခဲ့လေပြီတည်း။

ပြီးပါပြီ။

တက္ကသိုလ် နေလင်းအောင်

သစ္စာမွန်
စာပေ နှင့် စာအုပ်ချုပ် လုပ်ငန်း၊
ပိုက်ကျိုး၊ မန္တလေး။